# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 20 November 2019 ၉၈၃၉


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးဝင်းအတွင်း တည်ဆောက်ပြီးစီးသွားသည့် လေးထပ်ဆေးကုသဆောင်သစ် တက်ရောက်ဖွင့်လှစ်





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးဝင်းအတွင်း တည်ဆောက်ပြီးစီးသွားသည့် လေးထပ်ဆေးကုသဆောင်သစ် ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

ဓာတ်ပုံ-သတင်းစဉ်၊ သာဖျော

**တောင်ကြီး နိုဝင်ဘာ ၁၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးမင်းသူ၊ ဒေါက်တာမြင့်ထွေး၊ ဦးအုန်းမောင်၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ ရှမ်းပြည်နယ် ဟဲဟိုးမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားများက ဟဲဟိုးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးဝင်းအတွင်း တည်ဆောက်ပြီးစီးသွားသည့် လေးထပ်ဆေးကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်တို့က လေးထပ်ဆေးကုသဆောင်သစ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**


ကြေးမုံ ယနေ့ ဖတ်စရာ

မျိုးဆက်သစ်များ၏ ပညာရေးအတွက် အခြေခံ ဆရာ ဆရာမများ၏ ကျွမ်းကျင်မှုများနှင့် လေ့ကျင့်သင်ကြားမှုများဆိုင်ရာ စုံစမ်းလေ့လာမှုအစီရင်ခံစာကို ဆွေးနွေး ပြည်သူ့လွှတ်တော် စာမျက်နှာ » ၈

ရေးမြို့နယ်အတွင်း သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့သော ကျေးလက်လမ်း၊ တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်သွားမည် အမျိုးသားလွှတ်တော် စာမျက်နှာ » ၉



KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

ကြေးမုံ

# ရာသီဥတုပြောင်းလဲမှု သတိပြုကာကွယ်

အီတလီနိုင်ငံ ဗင်းနစ်မြို့တွင် နှစ်ပေါင်း ၅၀ ကျော်အတွင်း အဆိုးရွားဆုံးသော ရေကြီးရေလျှံမှုဖြစ်ပွားသော သတင်းတစ်ပုဒ် ဖတ်လိုက်ရသည်။ ထိုသတင်းနှင့်ဆက်စပ်ပြီး ရာသီဥတုပြောင်းလဲမှုကြောင့် အီတလီနိုင်ငံ ဗင်းနစ်မြို့နှင့် ပင်လယ်ကမ်းခြေမြို့များမှာ ဆိုးရွားသော ရေကြီးရေလျှံမှုများ မကြာခဏ ကြုံတွေ့နေရသဖြင့် ရာသီဥတုပြောင်းလဲမှုအကြောင်းကို ကျောင်းသင်ခန်းစာများတွင် ထည့်သွင်းသွားမည်ဆိုသည့် သတင်းတစ်ပုဒ်လည်း ဖတ်လိုက်ရသည်။ ဗင်းနစ်မြို့ဆိုသည်မှာ ရေပေါ်တွင် တည်ဆောက်ထားသောမြို့ဟု လူအများသိကြပြီး ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအတွက် ထင်ရှားသောမြို့တစ်မြို့ဖြစ်သည်။

ပြီးခဲ့သည့်လအတွင်းက ဂျပန်နိုင်ငံတွင် ဆက်တိုက်ဆိုသလို မုန်တိုင်းများဝင်ရောက်မှုကြောင့် ထိခိုက်ပျက်စီးမှုများနှင့် နောက်ဆက်တွဲ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို နိုင်ငံတကာသတင်းစာမျက်နှာများတွင် တွေ့မြင်ဖတ်ရှုခဲ့ရသည်။ အိန္ဒိယနိုင်ငံတွင်လည်း လေထုညစ်ညမ်းမှုကြောင့် ကျောင်းများပိတ်ထားရပြီး မော်တော်ယာဉ်မောင်းနှင်မှုများကို ကန့်သတ်ထားသည့်အကြောင်း ဖတ်ရှုရသည်။

အထက်ပါ သတင်းအကြောင်းအရာများသည် လတ်တလောဖြစ်ပွားခဲ့သော အကြောင်းအရာများဟု ဆိုနိုင်သော်လည်း ထိုကဲ့သို့သော ဖြစ်စဉ်များ နိုင်ငံအလိုက် မကြာမကြာဖြစ်ပွားလာခြင်းသည် ရာသီဥတုပြောင်းလဲလာခြင်း၏ အကြောင်းရင်းခံများပင် ဖြစ်သည်။

ထို့အတူပင် မိမိတို့နိုင်ငံတွင်လည်း ရာသီဥတုပြောင်းလဲမှုကြောင့် တစ်နှစ်ထက်တစ်နှစ် အပူချိန်များမြင့်မားလာခြင်း၊ နှစ်စဉ်ရေကြီးမှုများ ပိုမိုဖြစ်ပွားလာခြင်း၊ နွေရာသီရေရှားပါးမှု ပိုတိုးလာခြင်းစသဖြင့် မသိသာသည့် အခြေအနေများမှ သိသာသည့်အခြေအနေများသို့ ရောက်ရှိလာသဖြင့် ဂရုပြုဆောင်ရွက်နေရသည်ကို သတင်းများတွင် ဖော်ပြထားသည်ကို တွေ့ရသည်။

ထိုကဲ့သို့သော အခြေအနေတွင် ၂၀၁၅ ခုနှစ် ပါရီရာသီဥတုဆိုင်ရာ သဘောတူစာချုပ်မှ အမေရိကန်နုတ်ထွက်တော့မည်ဆိုသည့် သတင်းကိုလည်း စိတ်မကောင်းဖွယ် ဖတ်ရှုရသည်။ အဆိုပါစာချုပ်တွင် ရာသီဥတုပြောင်းလဲမှုကို အဓိကဖြစ်စေသော ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုကို နိုင်ငံအလိုက် မည်သည့်ပမာဏအထိ လျှော့ချထုတ်လွှတ်မည်ကို ကာလသတ်မှတ်ချက်များနှင့်အတူ နိုင်ငံပေါင်း ၂၀၀ နီးပါးက လက်မှတ်ရေးထိုး ချုပ်ဆိုထားသော စာချုပ်ဖြစ်သည်။

ရာသီဥတုပြောင်းလဲခြင်းဆိုသည်မှာ မိုးခေါင်ရေရှားမှု၊ နှစ်စဉ်ဆက်တိုက် ဆိုးရွားသော ရေကြီးရေလျှံမှု၊ နှစ်စဉ်အပူချိန်မြင့်တက်လာမှု စသည့်အခြေအနေများသည် ဆယ်စုနှစ်တစ်စုမက ဖြစ်ပေါ်နေပါက အဆိုပါဖြစ်စဉ်များကို ရာသီဥတုပြောင်းလဲမှုဟု သတ်မှတ်သည်။ လက်ရှိကမ္ဘာတွင် ရာသီဥတုဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ်နှင့် ကြုံတွေ့နေရပြီဖြစ်ကြောင်း ကမ္ဘာတစ်ဝန်းရှိ သိပ္ပံပညာရှင်ပေါင်း ၁၁၀၀၀ ကျော်ပါဝင်သည့် အဖွဲ့တစ်ဖွဲ့က မကြာသေးမီက ထုတ်ပြန်ကြေညာထားသည်။

အဆိုပါကြေညာချက်တွင် လက်ရှိအချိန်တွင် ကမ္ဘာကြီးပူနွေးလာနေမှုကို တားဆီးရန် အရေးပေါ်လုပ်ဆောင်ချက်များ လုပ်ရန်လိုအပ်နေပြီဖြစ်ကြောင်း၊ သို့မဟုတ်ပါက လူသားတို့အပေါ် ကြီးမားကျယ်ပြန့်သော ထိခိုက်မှုများ ဖြစ်လာနိုင်ခြေရှိကြောင်း ဖော်ပြထားသည်။

ကမ္ဘာကြီးပူနွေးလာမှု၏ အကြောင်းတရားများစွာအနက် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ အကန့်အသတ်မရှိ ထုတ်လွှတ်နေခြင်းနှင့် သစ်တောများပြုန်းတီးလာနေမှုတို့သည် အဓိကအကြောင်းတရားများဖြစ်သည်။ ထိုကဲ့သို့သော အခြေအနေတွင် မိမိတို့တစ်ဦးတစ်ယောက်တိုင်းက ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်သော စက်တပ်ယာဉ်များ အသုံးပြုမှုလျှော့ချခြင်း၊ သစ်တောသစ်ပင်များကို ရှင်သန်အောင်ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ကမ္ဘာကြီးပူနွေးလာမှုကို တစ်ဖက်တစ်လမ်းမှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မြောက်အိုင်ယာလန် ရဲတပ်ဖွဲ့အကြီးအကဲဟောင်းနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၁၉**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြောက်အိုင်ယာလန် ရဲတပ်ဖွဲ့အကြီးအကဲဟောင်း Sir George Ernest Craythorne Hamilton နှင့် အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ချမှတ်ထားသည့် စံ(၅) ချက်နှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ အဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်သွားမည့်အစီအစဉ်၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရေးဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းမည့်အစီအစဉ်၊ ပြည်တွင်းနှင့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ကြားသွားမည့် အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့်စာပေဗိမာန်စာမူဆု ရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနား နိုဝင်ဘာ ၂၇ ရက်တွင် ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၉**

၂၀၁၈ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုရရှိသူများအား ဆုချီးမြှင့်မည့် အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Sule Shangri-La Hotel ၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး အစမ်းလေ့ကျင့်ခြင်း အစီအစဉ်ကို နိုဝင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် Sule Shangri-La Hotel ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၉-၁၁-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂,၀၀၀ | ၁၂,၀၀၀ | ၄,၅၂၄ | ၅၄,၂၈၈,၀၀၀ |
| MTSH | ၃,၈၀၀ | ၃,၈၅၀ | ၇,၂၅၉ | ၂၇,၆၀၉,၂၀၀ |

| | | | | |
|---|---|---|---|---|
| MCB | ၈,၂၀၀ | ၈,၃၀၀ | ၁၉ | ၁၅၆, ၄၀၀ |
| FPB | ၂၃,၀၀၀ | ၂၃,၀၀၀ | ၀ | ၀ |
| TMH | ၂,၉၅၀ | ၃,၀၀၀ | ၁၅၂ | ၄၄၉, ၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် နိုဝင်ဘာ ၁၉**

ရန်ကုန်(ရွှေဈေး) ၁၁၈၀၅၀၀ မန္တလေး(ရွှေဈေး) ၁၁၈၀၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၀၀/၉၆၀ ကျပ် | ၉၆၅/၉၇၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၄၀/၉၈၅ ကျပ် | ၁၀၄၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၄၀/၈၉၀ ကျပ် | ၉၂၀/၉၂၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၀/၉၇၅ ကျပ် | ၉၈၀/၉၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၆၀/၈၆၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၇၀/၈၇၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၃၀/၈၄၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၅.၆ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၇၇.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၅.၇၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၀.၂၁၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၄.၄၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၀၉၁ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၉၃.၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၉.၈၄ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၁.၈ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၃.၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၁၃၃၅

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျာမနီသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၁၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး မစ္စတာ သောမက်စ် ကာလ် နိုင်ဇင်ကာအား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဂျာမနီ နှစ်နိုင်ငံ ဆက်ဆံမှုမြှင့်တင်ရေးနှင့် ပညာရေး၊ အသက်မွေးဝမ်းကျောင်းပညာရေးကဏ္ဍများ အပါအဝင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်တို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

---

*** ရှေ့ဖုံးမှ**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လေးထပ်ဆေးကုသဆောင်သစ် ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ခွဲစိတ်ခန်းအတွင်း လိုက်လံကြည့်ရှုပြီး မီးယပ်ဆောင်နှင့် ကလေးကုသဆောင်တို့၌ ဆေးဝါးကုသမှုခံယူနေကြသည့် လူနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယခုဖွင့်လှစ်သည့် လေးထပ်ဆေးကုသဆောင်သစ်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အလျားပေ၂၀၀၊ အနံ ၇၅ ပေရှိကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တောင်ကြီးမြို့တော်ခန်းမ၌ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များမှ မြို့မိ၊ မြို့ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံသည်။

### မိမိတို့ရဲ့ဆန္ဒနဲ့ လာပိုင်ခွင့်ရှိ

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဆွေးနွေးပွဲကို ကြွရောက်လာတဲ့ပရိသတ်တွေအားလုံးကို ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။ ကျွန်မတို့နေရာတစ်နေရာကိုလာတဲ့အချိန်မှာ ဒေသခံတွေနဲ့ ထိတွေ့ချင်တယ်၊ ဒီအကြောင်းကြောင့်သာ ကျွန်မတို့က ပြည်သူတွေနဲ့ တွေ့ဆုံပွဲလုပ်တာပါ။ ပြည်သူတွေနဲ့ တွေ့ဆုံပွဲဆိုတော့ ပြည်သူတွေက မိမိတို့ရဲ့ဆန္ဒနဲ့ လာပိုင်ခွင့်ရှိရမယ်။ စိစစ်ပြီးတော့ သွင်းတဲ့ဟာမျိုးကို ကျွန်မတို့ ဦးတည်တာမဟုတ်ပါဘူး။

နောင်ဆိုရင် ကျွန်မတို့ပြည်သူတွေနဲ့ တွေ့ဆုံပွဲလုပ်ရင် ပြည်သူတွေ လွတ်လွတ်လပ်လပ်လာပါစေ။ နောက်ပြီးတော့ မြို့မိ၊ မြို့ဖတွေအနေနဲ့ ပြည်ထောင်စုဝန်ကြီးတွေ အရေအတွက်ထက် နည်းနေတယ်ဆိုတာ မဖြစ်ပါစေနဲ့။ ကျွန်မ မကြာခင်ကပဲ မြို့မိ၊ မြို့ဖတွေနဲ့ ပတ်သက်လို့ တွေ့ဆုံပွဲတစ်ခုမှာ ပြောခဲ့တာရှိပါတယ်။ မြို့မိ၊ မြို့ဖဆိုတာ ဒေသခံပြည်သူတွေက မိဘသဖွယ် လေးစားအားကိုးတဲ့ ပုဂ္ဂိုလ်တွေကို ဆိုလိုတာပါ။ မိဘသဖွယ် လေးစားအားကိုးတဲ့ ပုဂ္ဂိုလ်တွေဆိုတာ လွယ်လွယ်ကူကူနဲ့ ဒီနေရာကို ရောက်လာတာမဟုတ်ပါဘူး။ အစိုးရကခန့်တာလည်း မဟုတ်ဘူး။ ရွေးကောက်ပွဲနဲ့ ခန့်တာလည်းမဟုတ်ဘူး။ အများပြည်သူကနေပြီးတော့ ကိုယ့်မိဘသဖွယ် အားကိုးသင့်တယ်၊ လေးစားသင့်တယ်ဆိုပြီးတော့ လက်ခံထားတဲ့ သူတွေပါ။ ဒီမှာ မြို့မိ၊ မြို့ဖသုံးယောက်ပဲဆိုတော့ တောင်ကြီးမှာ ပြည်သူအားကိုးတဲ့ လေးစားတဲ့လူကြီးတွေ နည်းနေသလိုဖြစ်တာဘယ်ကောင်းပါ့မလဲ။

ကျွန်မတို့ ဒီလိုတွေ့တဲ့အချိန်မှာ တစ်ယောက်နဲ့တစ်ယောက် ပိုပြီးတော့ နီးစပ်အောင်လုပ်ဖို့ပဲဖြစ်ပါတယ်။ အဓိကအားဖြင့် နီးစပ်အောင်လုပ်ဖို့ဆိုတဲ့အခါမှာ ကျွန်မတို့က နီးစပ်မှုရအောင်ဆိုပြီးတော့ မေးခွန်းတွေ မေးတဲ့၊ ဖြေတဲ့ အစီအစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆေးဝါးကုသမှုခံယူနေသည့် လူနာတစ်ဦးအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။

ကို အမြဲတမ်းထည့်ပါတယ်။ ဒီလိုမေးခွန်းမေးတဲ့၊ ဖြေတဲ့ အစီအစဉ်တွေ ထည့်တဲ့အခါမှာ မေးတဲ့ပုဂ္ဂိုလ်တွေရော၊ ဖြေတဲ့ပုဂ္ဂိုလ်တွေကရော အများဆုံးမေးနိုင်၊ ဖြေနိုင်အောင်လို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ခပ်တိုတိုနဲ့ လိုရင်းကို မေးစေချင်ပါတယ်။

တစ်ခါတလေ မေးခွန်းတွေက စာစီစာကုံးကြီးတစ်ခုလို၊ ဖြေတာလည်း ထိုနည်းလည်းကောင်းပဲ စာအုပ်တစ်အုပ်လို၊ အဲဒီလိုဆိုရင်တော့ မဖြစ်ပါဘူး။ ကျွန်မတို့က တိုတိုနဲ့လိုရင်း အများသိချင်တဲ့ကိစ္စတွေကို အများသိနိုင်အောင်လို့ ဒါတွေကို စီစဉ်တာဖြစ်ပါတယ်။

### အများကြီးအင်အားဖြစ်

တောင်ကြီးကိုလာတိုင်း ကျွန်မ စိတ်ချမ်းသာရတယ်၊ ဂုဏ်ယူရတယ်။ ဘာဖြစ်လို့လဲဆိုတော့ တောင်ကြီးက ကျွန်မတို့ပြည်ထောင်စုရဲ့ အောင်မြင်မှုတစ်ရပ်လို့ ကျွန်မဒီလိုပဲယူဆပါတယ်။ တောင်ကြီးမှာဆိုရင် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ကိုးကွယ်သူဘာသာပေါင်းစုံဟာ ညီညီညွတ်ညွတ်အေးအေးချမ်းချမ်းနဲ့ နေကြတယ်။ အဲဒီလိုနေနိုင်ခြင်းဟာ ကျွန်မတို့နိုင်ငံမှာ ကျွန်မတို့ရဲ့ ပြည်သူပြည်သားများအကြားမှာ လူမျိုးမရွေး၊ ကိုးကွယ်တဲ့ဘာသာမရွေး၊ ပြောဆိုတဲ့ဘာသာစကားမရွေး အားလုံး ညီညီညွတ်ညွတ်နေနိုင်တယ်။ အေးအေးချမ်းချမ်း နေနိုင်တယ်ဆိုတာ ကျွန်မတို့နိုင်ငံရဲ့ ဂုဏ်သိက္ခာပါ။ ဒီလို ကျွန်မတို့နိုင်ငံရဲ့ ဂုဏ်သိက္ခာကို ဆောင်တဲ့ဒေသတစ်ခုကို လာရတယ်ဆိုတာဟာ ကျွန်မတို့အတွက် အများကြီးအင်အားဖြစ်ပါတယ်။ အင်အားဖြစ်ပြီးတော့ ကျွန်မတို့ အနာဂတ်အတွက် မျှော်လင့်ချက်တွေ ဘယ်လောက်ရှိသလဲဆိုတာကို ကျွန်မတို့ မြင်တွေ့ရပါတယ်။ အားလုံးသိတဲ့အတိုင်းပဲ ကျွန်မတို့ရဲ့ နိုင်ငံမှာ ပြည်တွင်းငြိမ်းချမ်းရေးရဖို့ ကြိုးစားနေတာဟာ ဆယ်စုနှစ်တွေနဲ့ ချီလာပါပြီ။ လွတ်လပ်ရေးရတဲ့ အချိန်ကနေစပြီးတော့ အခုထိ ကျွန်မတို့နိုင်ငံအတွင်းမှာ ပြည်တွင်းစစ်မီးငြိမ်းတယ် ရယ်လို့ မရှိသေးပါဘူး။ ပြည်တွင်းစစ်မီးငြိမ်းအောင်လို့ ကျွန်မတို့ရဲ့မျိုးဆက်မှာ လုပ်သွားချင်ပါတယ်။ နောင်မျိုးဆက်တွေ၊ နောင်မျိုးဆက်တွေအတွက် ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုကို ကျွန်မတို့ မချန်ခဲ့ချင်ပါဘူး။

ဒီငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ပတ်သက်ရင် ဖြစ်ပါ့မလား၊ အောင်မြင်ပါ့မလား ဆိုပြီး တချို့က မေးခွန်းထုတ်ပါတယ်။ အရင်တုန်းက ဘယ်တုန်းကမှ မအောင်မြင်ခဲ့ဘူး။ အခုလည်း အထစ်အငေါ့တွေ၊ အခက်အခဲတွေနဲ့ ဒီငြိမ်းချမ်းရေးဖြစ်စဉ်ဆိုတာ အောင်မြင်နိုင်ပါ့မလားဆိုပြီးတော့ မေးခွန်းထုတ်တဲ့သူတွေရှိပါတယ်။ အောင်မြင်နိုင်ပါ့မလားလို့ မေးခွန်းထုတ်တဲ့သူတွေကို ကျွန်မကနေပြီးတော့ တောင်ကြီးလိုနေရာမျိုးကို ကြည့်လိုက်ပါ။ တောင်ကြီးလိုနေရာမျိုးမှာ ကျွန်မတို့ရဲ့ ပြည်သူများဟာ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝနဲ့ အေးအေးချမ်းချမ်း ညီညီညွတ်ညွတ်နေနိုင်ရင် ကျွန်မတို့ တစ်တိုင်းပြည်လုံးက မနေနိုင်စရာအကြောင်း ဘာရှိသလဲ။ သို့သော်လည်း ကျွန်မတို့ ကြိုးစားမှုဖြစ်မှာပါ။ အလုပ်တစ်ခု အောင်မြင်ဖို့ဆိုတာဟာ ကျွန်မတို့ထိုင်ပြီး ဆုတောင်းနေရင်းနဲ့တော့ မဖြစ်ပါဘူး။ ကျွန်မတို့ ကြိုးစားယူရမယ်။ ကျွန်မတို့ရဲ့ ဦးတည်ချက်ပန်းတိုင်ကို မရောက်မချင်း ဆက်ပြီးတော့ သွားမယ်ဆိုတဲ့ ဇွဲ၊ လုံ့လ၊ ဝီရိယရှိရပ့်ါမယ်။

**စာမျက်နှာ ၄ သို့ ***




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးဝင်းအတွင်း တည်ဆောက်ပြီးစီးသွားသည့် လေးထပ်ဆေးကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တောင်ကြီးမြို့တော်ခန်းမ၌ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များမှ မြို့မိ မြို့ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (ဓာတ်ပုံ-သက်အောင်)

✻ စာမျက်နှာ ၃ မှ

ဒါကြောင့် ကျွန်မပြောနေကျစကားတစ်ခုကို ထပ်ပြီးတော့ပြောပါရစေ။ လုံ့လဆိုတာကတော့ အဆင့်ဆင့်ရှိပါတယ်။ အလုပ်တစ်ခုကို လုပ်ဖို့ဆုံးဖြတ်တဲ့ လုံ့လ၊ အလုပ်တစ်ခုကို တကယ်စပြီးတော့ လုပ်တဲ့ လုံ့လ၊ အခက်အခဲကြားမှာ ဆက်ပြီးလုပ်တဲ့ လုံ့လ၊ ရှုံးနိမ့်တဲ့အခါတောင်မှ လက်မမြှောက်ဘဲနဲ့ အားမလျှော့ဘဲနဲ့ ထပ်ပြီးတော့ အစကနေစရမယ်ဆိုရင်လည်း အစကနေစရဲတဲ့ လုံ့လ၊ ပြန်ပြီးတော့ စရဲတဲ့ လုံ့လမျိုး။ ကျွန်မတို့က ငြိမ်းချမ်းရေးနဲ့ပတ်သက်ရင် အမြင့်ဆုံး လုံ့လဝီရိယနဲ့ အောင်မြင်တဲ့အထိ လုပ်သွားဖို့ဟာ ကျွန်မတို့ ပြည်သူပြည်သားအားလုံး ပြည်ထောင်စုကို တကယ်အလေးထား၊ တန်ဖိုးထားသူများအားလုံးအတွက် သန္နိဋ္ဌာန်တစ်ခု ဖြစ်ရပါလိမ့်မယ်။ တစ်ယောက်ချင်း တစ်ယောက်ချင်းက ပြည်ထောင်စုကို လိုလားမှ ဒီပြည်ထောင်စုကြီးဟာ မြန်မြန်ဆန်ဆန်နဲ့ ပေါ်ထွန်းလာမှာပါ။ လူနည်းစုက လိုလားမှုနဲ့ မပေါ်ထွန်းလာနိုင်ဘူးလားဆိုရင် ပေါ်ထွန်းလာနိုင်ပါတယ်။ ကမ္ဘာ့သမိုင်းကို ကြည့်လိုက်မယ်ဆိုရင် တချို့အင်မတန်မှ ထိရောက်တဲ့၊ အရေးပါတဲ့ လှုပ်ရှားမှုကြီးများကို ဦးဆောင်တဲ့ လူတွေက လူနည်းစုပါ။ ပါဝင်ပြီးတော့ တကယ်လှုပ်ရှားတဲ့သူတွေကလည်း လူနည်းစုပါ။ ဒါပေမယ့် ဒီလိုပုဂ္ဂိုလ်တွေရဲ့ စိတ်အားထက်သန်မှုကြောင့် အောင်မြင်ပါတယ်။ သို့သော်ငြားလည်း ပံ့ပိုးမှုကတော့ ရှိရမယ်။ ဥပမာဆိုရင် လွတ်လပ်ရေးတိုက်ပွဲတုန်းက တကယ်ထွက်ပြီးတော့ ရှေ့တန်းကနေ လွတ်လပ်ရေးတိုက်ပွဲဝင်တဲ့ ခေါင်းဆောင်ကြီးတွေဟာ လူနည်းစုပါ။

**အများပြည်သူရဲ့ ထောက်ခံမှု**

သို့သော်လည်းပဲ ဒီလူနည်းစုရဲ့အလုပ် အောင်မြင်ဖို့အတွက် ပံ့ပိုးနေတာဟာ အများပြည်သူဖြစ်ပါတယ်။ ကျွန်မထပ်တလဲလဲ ပြောပါတယ်။ အများပြည်သူရဲ့ ထောက်ခံမှုမရှိဘဲနဲ့ ဘယ်လုပ်ငန်းမှ ရေရှည်အောင်မြင်မှုရနိုင်မှာ မဟုတ်ပါဘူး၊ အများပြည်သူရဲ့ ထောက်ခံမှုမရှိဘဲနဲ့ အကောင်အထည်ဖော်တဲ့ လုပ်ငန်းတွေဆိုတာ ရေတိုမှာတော့ အောင်မြင်ရင် အောင်မြင်မယ်။ ရေတိုမှာတော့ ထိရောက်ရင် ထိရောက်မယ်။ ရေရှည်မှာတော့ မရပ်တည်နိုင်ပါဘူး။ ပြည်သူအများစုကနေ ထောက်ခံမှ ထောက်ခံတယ်ဆိုတာ ဘာကြောင့် ထောက်ခံတာလဲ၊ တကယ်နားလည်မှုနဲ့ ထောက်ခံတာ ဖြစ်ရမယ်။ အခြေအနေတစ်ခုကို နားမလည်လို့၊ အပြောကောင်းတာကို ယုံပြီးတော့ ထောက်ခံတဲ့ ထောက်ခံမှုမျိုးဆိုတာဟာ ဒါက စစ်မှန်တဲ့ ထောက်ခံမှု မဟုတ်ပါဘူး။

**စည်းရုံးတယ်ဆိုတာ**

ထောက်ခံမှုဆိုတာဟာ အကောင်းအဆိုး၊ အကြောင်းအကျိုး အားလုံးကို ဆင်ခြင်ပြီးမှ ထောက်ခံသင့်တဲ့အရာ ထောက်ခံသင့်တဲ့ကိစ္စ၊ လုပ်ငန်းစဉ်မို့လို့ ထောက်ခံတယ်ဆိုတဲ့စိတ်နဲ့ ထောက်ခံမှ အဓိပ္ပာယ်ရှိမှာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ နိုင်ငံတော်အစိုးရက ပြည်သူလူထုကို စည်းရုံးပါတယ်။ ဒါအစိုးရတိုင်းရဲ့ တာဝန်ပဲဖြစ်ပါတယ်။ ပြည်သူကို စည်းရုံးရမယ်၊ စည်းရုံးတယ်ဆိုတာ ဘာအဓိပ္ပာယ်လဲ၊ စည်းရုံးခြင်းဆိုတာ ကိုယ်လုပ်နေတဲ့လုပ်ငန်းတွေအောင်မြင်ဖို့အတွက် ဝိုင်းဝန်းပါဝင်အောင်လို့၊ ပါဝင်ချင်တဲ့စိတ်ဓာတ်ဖြစ်အောင်လို့ လုပ်ခြင်းဟာ တကယ့်စည်းရုံးမှုပါ။ စည်းရုံးခြင်းဟာ ဦးနှောက်နဲ့ နှလုံးသားနှစ်ခုစလုံးကို ဆွဲဆောင်နိုင်ရပါတယ်။ ဘယ်အရာတွေက ဦးနှောက်ကို ဆွဲဆောင်သလဲ ဘယ်အရာတွေက နှလုံးသားကိုဆွဲဆောင်သလဲဆိုတာ တချို့ကမေးခွန်းထုတ်ရင် ထုတ်လိမ့်မယ်။ ဦးနှောက်ကို ဆွဲဆောင်တယ်ဆိုတာ အတွက်အချက်အရပါ။ ပြည်သူတွေက ဦးနှောက်နဲ့တွက်ပြီးတော့ ဒီလိုလှုပ်ရှားမှုထဲမှာ ပါဝင်ခြင်းအားဖြင့် ငါတို့အတွက် အကျိုးအမြတ်ရှိနိုင်မယ်။ ငါတို့နိုင်ငံအတွက် ကောင်းကျိုးဖြစ်နိုင်တယ်။ လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စဆိုပြီး ဦးနှောက်နဲ့ တွက်ချက်တယ်။ ဒါက တစ်ပိုင်းပါ။

နောက်တစ်ပိုင်းက နှလုံးသားနဲ့ ယုံကြည်မှုဟာ ဘာပေါ်မှာ အခြေခံသလဲဆိုတော့ တန်ဖိုးထားတဲ့အပေါ်မှာ အခြေခံပါတယ်။ တန်ဖိုးထားတဲ့ တစ်ခုကို ယုံကြည်မှ လုပ်ငန်းတစ်ခုကို ယုံကြည်နိုင်မှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းကို လုပ်တဲ့ ရည်ရွယ်ချက်ဟာ ဘယ်လိုတန်ဖိုးထားမှုတွေ၊ ဘယ်လိုအတွေးအခေါ်တွေနဲ့ လုပ်သလဲ။ အဲဒါကို ယုံကြည်နိုင်မှ နှလုံးသားကိုပါ စည်းရုံးနိုင်မှာ ဖြစ်ပါတယ်။ နှစ်ခုစလုံးကို စည်းရုံးနိုင်မှ ရေရှည်တည်တံ့ခိုင်မြဲတဲ့ စည်းရုံးရေးဖြစ်မှာပါ။ နှစ်ခုစလုံးကို စည်းရုံးနိုင်မှ ကျွန်မတို့နိုင်ငံဟာ သွားသင့်သွားထိုက်တဲ့လမ်းပေါ်မှာ အားလုံးညီညီညွတ်ညွတ်နဲ့ လျှောက်သွားနိုင်မှာဖြစ်ပါတယ်။ ပြီးတော့ ဘယ်က စရမလဲလို့ တချို့က မေးပါတယ်။ နှလုံးသားက စရမလား၊ ဦးနှောက်က စရမလား၊ ခွဲလို့မရပါဘူး။ တစ်ပြိုင်နက်တည်း လုပ်သွားရမှာဖြစ်ပါတယ်။ စက်ဘီးစီးသလိုပေါ့။ စက်ဘီးစီးတယ်ဆိုတာ ဘီးတစ်ဘီးနဲ့ စီးလို့မရပါဘူး။ ဘီးနှစ်ဘီးနဲ့ စီးမှချောချောမွေ့မွေ့နဲ့ ကိုယ်ရည်ရွယ်တဲ့ ပန်းတိုင်ကို အရောက်သွားနိုင်မှာ ဖြစ်ပါတယ်။ နှစ်ခုစလုံးကို ရယူဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့ဟာ ပြည်သူနဲ့ဆွေးနွေးတယ်၊ တိုင်ပင်တယ်၊ ညှိနှိုင်းတယ်၊ ပြည်သူနဲ့ နီးကပ်အောင် နေတယ်ဆိုတာ ဒီဘီးနှစ်ဘီးစလုံး လည်နေအောင်လို့ဖြစ်ပါတယ်။

**ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ဖို့**

မေးခွန်းတွေထဲမှာဆိုရင် အများအားဖြင့်ကတော့ ဦးနှောက်နဲ့ဆိုင်တဲ့ မေးခွန်းတွေပါ။ ဘာဖြစ်လို့ ဒီကိစ္စက ကြန့်ကြာနေသလဲ။ ဒီလိုလုပ်စရာရှိတဲ့ ကိစ္စတွေကို ဘယ်တော့လုပ်ပေးမလဲ။ ဘယ်လိုပုံစံနဲ့ လုပ်ပေးမလဲဆိုတာ အဲဒါတွေကတော့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ဆိုင်တယ်လို့ ပြောလို့ရပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာဟာ ဘယ်နိုင်ငံမှာ မဆို၊ ဘယ်အသိုင်းအဝိုင်းမှာမဆို လိုအပ်ပါတယ်။ ဒီဖွံ့ဖြိုးတိုးတက်ရေးကို လိုချင်တာလည်းမမှားပါဘူး။ အများပြည်သူကလည်း ဖွံ့ဖြိုးတိုးတက်စေချင်တာ အင်မတန်မှ မှန်ကန်တဲ့ကိစ္စဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ဖို့က စိတ်ဓာတ်က အင်မတန်လိုပါတယ်။ ဒီခန်းမထဲမှာဆိုရင် ဒုတိယကမ္ဘာ့စစ်ကို မီခဲ့တဲ့ပုဂ္ဂိုလ်များ အင်မတန်မှ နည်းသွားပါပြီ။ ကျွန်မဆိုရင် ဒုတိယကမ္ဘာစစ်ပြီးတဲ့နှစ်မှာ မွေးတာပါ။ ကျွန်မတို့က ဒုတိယကမ္ဘာ့စစ်ကြီးကို မမီလိုက်ဘူး။ ဒါပေမယ့် ကျွန်မတို့ဟာ ဒုတိယကမ္ဘာစစ်အဖြစ်အပျက်တွေနဲ့ ယဉ်ပါးနေတယ်။ ကျွန်မတို့ကြီးလာတဲ့အချိန်မှာ လူကြီးတွေက စစ်ကာလအကြောင်းကို ပြောလို့မပြီးသေးဘူး။ ဒုတိယကမ္ဘာ့စစ်အတွင်းမှာ အင်မတန်မှ အထိနာခဲ့တဲ့ နိုင်ငံတွေကြားထဲမှာ စစ်ပြီးကာလမှာ တိုးတက်ပုံချင်း မတူဘူး။ တိုးတက်တဲ့နှုန်းက မတူဘူး။ တိုးတက်တဲ့နှုန်းများတဲ့ နိုင်ငံတွေကြည့်လိုက်ရင် အဓိကအားဖြင့် ပြည်သူ ပြည်သားတွေရဲ့စိတ်ဓာတ်ပဲ။ ပြည်သူပြည်သားတွေရဲ့ စိတ်ဓာတ်ခိုင်မာမှု၊ လုံ့လဝီရိယကြီးမားမှု၊ အပင်ပန်းခံနိုင်စွမ်းမြင့်မားမှု ဒါတွေပေါ်မှာ အခြေခံပြီးတော့ တချို့နိုင်ငံတွေက မြန်မြန်နဲ့ ထိထိရောက်ရောက် နာလန်ထူလာပါတယ်။

**စိတ်ဓာတ်မှန်ကန်ဖို့လို**

ကျွန်မတို့နိုင်ငံ ရှေ့ကိုဆက်ပြီးတော့ တိုးတက်ဖို့ ရှေ့မှာဆက်ပြီးတော့ အောင်မြင်ဖို့ဆိုရင် နိုင်ငံသူ နိုင်ငံသား တစ်ဦးချင်း တစ်ဦးချင်းဟာ စိတ်ဓာတ်မှန်ကန်ဖို့ လိုပါတယ်။ စိတ်ဓာတ်ချည်းပဲမကဘဲ တကယ့်ထိရောက်တဲ့ အလုပ်နဲ့ ပံ့ပိုးပေးဖို့ လိုပါတယ်။ မျှော်လင့်ချက်ဆိုတာ အလုပ်နဲ့ မပံ့ပိုးပေးရင် အိပ်မက်တစ်ခုလိုပဲ ပျောက်သွားမှာ ဖြစ်ပါတယ်။ ကိုယ်တကယ်မျှော်လင့်တဲ့ ကိစ္စကို ဖြစ်စေချင်ရင် အလုပ်လုပ်ရမယ်။ တခြားလူ လုပ်တာကို မစောင့်ပါနဲ့။ တခြားလူကို အားမကိုးပါနဲ့။ ကိုယ့်ဘာသာကိုယ် လုပ်မှဖြစ်မှာပါ။ ကျွန်မတို့နိုင်ငံဟာ ဖွံ့ဖြိုးစနိုင်ငံ၊ ဖွံ့ဖြိုးဆဲနိုင်ငံ ဖြစ်ပါတယ်။ နိုင်ငံဟာ အခက်အခဲတွေ အများကြီး ရင်ဆိုင်ရတယ်။ ဒီလိုအခက်အခဲတွေအများကြီး ရင်ဆိုင်ရတဲ့ကြားထဲကနေ အခု ဒီနှစ်အတွင်းမှာဆိုရင် သိသိသာသာတိုးတက်မှုတွေ အများကြီးတွေ့ရတယ်။ ဒီတိုးတက်မှုတွေရဲ့ အကြောင်းရင်းက ကျွန်မတို့ နိုင်ငံသူ နိုင်ငံသားတွေ၊ ဝန်ထမ်းတွေ၊ အစိုးရအဖွဲ့ဝင်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ကလေးလူငယ်တွေ အားလုံးက ဒီနိုင်ငံကိုတိုးတက်စေချင်တဲ့ စိတ်ဓာတ်တစ်ခုရှိလို့ပါ။ သို့သော်လည်း အားလုံးက ဒီစိတ်ဓာတ်နဲ့ ကိုက်ညီအောင်လို့ အလုပ်လုပ်ခဲ့ကြသလားဆိုတော့ အဲဒီလိုလည်း မဟုတ်ပါဘူး။ အဲဒီလိုလုပ်ဖို့တော့ လိုပါသေးတယ်။ ပိုပြီးတော့ လုပ်တဲ့သူရှိတယ်။ သိပ်ပြီး မလုပ်တဲ့သူရှိတယ်။ သူများလုပ်တာကို ပဲကြည့်နေတဲ့သူရှိတယ်။ အလုပ်တစ်ခုလုပ်ရင် ငါ့တာဝန်လို့ စိတ်ထဲမှာမထားဘဲ သူ့တာဝန်လို့ စိတ်ထဲမှာထားတဲ့သူရှိတယ်။ ဖြစ်မြောက်ဖို့ လိုတဲ့အလုပ်တစ်ခုဆိုရင် ဖြစ်မြောက်နိုင်ဖို့ ငါ့တာဝန်လို့ စိတ်ထဲမှာ နှလုံးသွင်းဖို့လိုပါတယ်။

**ငါ့တာဝန်ဆိုတဲ့ စိတ်ဓာတ်ရှိရမယ်**

ဥပမာဆိုရင် ငြိမ်းချမ်းရေးရဖို့ဆိုရင် ဘယ်သူ့တာဝန်လဲ၊ နိုင်ငံသူ နိုင်ငံသား တစ်ဦးချင်းတစ်ဦးချင်းဟာ ငါ့တာဝန်ဆိုတဲ့ စိတ်ဓာတ်ရှိရမယ်။ ဒီနိုင်ငံငြိမ်းချမ်းမှ ဒီနိုင်ငံတိုးတက်မယ်။ ဒီနိုင်ငံတိုးတက်မှ ဒီနိုင်ငံထဲက နိုင်ငံသူ နိုင်ငံသား တစ်ဦးချင်း တစ်ဦးချင်းစီ ရေရှည်မှာ တိုးတက်မှာဖြစ်ပါတယ်။ ကိုယ့်နိုင်ငံက အင်မတန်မှ ဆင်းရဲနေပြီးတော့ ကိုယ်တစ်ယောက်တည်းချမ်းသာတာ ဂုဏ်ယူစရာ အကြောင်းမဟုတ်ပါဘူး။ တကယ်တော့ ရှက်စရာတောင် ဖြစ်ပါသေးတယ်။ အေးအတူပူအမျှဆိုတာ ဒါပဲဖြစ်ပါတယ်။ အေးချမ်းသာယာမှုတိုးတက်မှုရဲ့ အသီးအပွင့်တွေကို အားလုံးအတူတူ စားကြမယ်။ အားလုံး အတူတူမျှဝေကြမယ်။ ရင်ဆိုင်ရမယ့် စိန်ခေါ်မှုတွေကို အတူတူရင်ဆိုင်ရမယ်။ အတူတူကျော်လွှားရမယ်။ အဲဒီလို စိတ်ဓာတ်တွေနဲ့သွားမှ ဒီနိုင်ငံဟာ စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတစ်ခု ဖြစ်လာနိုင်ပါမယ်။ အဲဒီဟာ ဖြစ်နိုင်ခြေရှိတယ်လို့ ယုံကြည်ရခြင်းအကြောင်းရင်းတစ်ခုက တောင်ကြီးလို ဒေသတစ်ခုဖြစ်ပါတယ်။

တောင်ကြီးလို တိုင်းရင်းသားပေါင်း မြောက်မြားစွာ၊ ပြောတဲ့ဘာသာစကားများစွာ၊ ကိုးကွယ်တဲ့ဘာသာတွေအမျိုးမျိုးမှာ အားလုံးက အတူတကွ အေးအေးချမ်းချမ်းနေနိုင်တဲ့ နေရာမျိုးတွေ ကျွန်မတို့နိုင်ငံမှာ ရှိတယ်။ ဒီလိုနေရာမျိုးတွေရှိနေတာ တစ်တိုင်းပြည်လုံး ဘာလို့ ဒီလိုမဖြစ်နိုင်ရမှာလဲလို့ စဉ်းစားလိုက်ရင် နိုင်ငံရဲ့ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအလားအလာဟာ ကောင်းတယ်လို့ ကျွန်မတို့ ပြောရပါလိမ့်မယ်။ သို့သော်လည်း ကြိုးစားမှ အောင်မြင်မှာဖြစ်ပါတယ်။ ကြိုးစားမှ မြန်မြန်ဆန်ဆန်ပြီးမှာပါ။ ကျွန်မတို့ မျက်စိမှိတ်မသွားခင်မှာ ဒီငြိမ်းချမ်းရေးကို ခိုင်ခိုင်မာမာ အမြစ်တွယ်တာကို လိုချင်ပါတယ်။ ထိုနည်းလည်းကောင်းပဲ ပြည်သူ ပြည်သားများဟာ ဒီလို စိတ်ထားရပါမယ်။ ငါတို့သက်တမ်းမှာ ငါတို့နိုင်ငံ ငြိမ်းချမ်းရမယ်။ ငါတို့သက်တမ်းအတွင်းမှာ ငါတို့ရဲ့ ကြိုးစားမှုတွေကြောင့် နိုင်ငံဖွံ့ဖြိုးရမယ်၊ တိုးတက်ရမယ်၊ တည်ငြိမ်ရမယ်၊ ညီညွတ်ရမယ်။ ဒီလိုစိတ်ထားတွေနဲ့ ဆက်လက်ပြီး ဆောင်ရွက်စေချင်ပါတယ်''ဟု ပြောကြားသည်။

**တင်ပြ**

ယင်းနောက် ကြိုတင်မေးမြန်းထားသည့် ဟိုပုံးမြို့နယ် မြောက်ဘက်ခြမ်းဒေသ ကျေးရွာအုပ်စုများ လျှပ်စစ်မီးလင်းရေး၊ တောင်ရိုးတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး (၁) နေရာအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့် ကိုက်ညီပါက ဆောင်ရွက်ပေးနိုင်ရေး၊ ရပ်စောက်မြို့ ကန်တော်မင်ဒေသမှ သိမ်းဆည်းမြေများအား ထပ်မံစွန့်လွှတ်ပေးရေး၊ ရပ်စောက်မြို့ ယာဉ်ရပ်နားစခန်းဆောင်ရွက်ပေးရေးနှင့် မြို့မြေတိုးချဲ့ပေးရေး၊ ကျွဲ၊ နွားများ တရားဝင်သယ်ယူနိုင်ရေးအတွက် အမိန့်ထုတ်ပြန်ပေးရေး၊ အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးရေး၊ တောင်ကြီးမြို့ ရေစီးရေလာကောင်းမွန်စေရေးအတွက် နိုင်ငံတော်အဆင့် Master Plan ရေးဆွဲဆောင်ရွက်ပေးရေး၊ တောင်ကြီးမြို့ မြို့ရှောင်လမ်းအမြန်ဖောက်လုပ်ပေးရေးနှင့် နိုင်ငံတော်အဆင့် ကူညီဆောင်ရွက်ပေးရေး၊ ညောင်ရွှေ-လွိုင်ကော်ဆက်သွယ်ထားသည့် တုံဟုံး-စကား-လွိုင်ကော်လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရေး၊ ဟိုပုံးမြို့နယ် မဲနယ်တောင်ဒေသရှိ ကျေးရွာများရှိ မြေသားလမ်းများအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရေးတို့နှင့်စပ်လျဉ်း၍ တင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဟိုပုံးဒေသမြောက်ခြမ်းဒေသများ လျှပ်စစ်မီးလင်းရေးအတွက် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တောင်ရိုးတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ခန့်အပ်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်

စာမျက်နှာ ၅ သို့ ❒

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး) (၂၅)ကြိမ်မြောက် သာသနာ့တက္ကသိုလမဟာဘွဲ့နှင်းသဘင် ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၉**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး)တို့မှ ၁၃၇၈-၇၉ ခု ပညာသင်နှစ်တွင် သာသနာ့တက္ကသိုလမ္မပါရဂူ(Ph.D) ဘွဲ့ ၁ ပါး၊ သာသနာ့တက္ကသိုလ မဟာဓမ္မာစရိယ(M.A) ဘွဲ့ ၁၆ ပါးနှင့် သာသနာ့တက္ကသိုလဓမ္မာစရိယ (B.A)ဘွဲ့ ၁၀၂ ပါး စုစုပေါင်း သံဃာတော်အရှင်သူမြတ် ၁၁၉ ပါး တို့အား ဘွဲ့ဆက်ကပ်မည့် (၂၅) ကြိမ်မြောက် သာသနာ့တက္ကသိုလ မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃၈၁ ခုနှစ် နတ်တော်လပြည့်နေ့ ဒီဇင်ဘာ ၁၁ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မဟာဘွဲ့နှင်းသိမ်ဓမ္မာရုံခန်းမကြီး၌ ကျင်းပမည်ဖြစ်ရာ ဘွဲ့ခံယူတော်မူမည့် သံဃာတော်များထံသို့ ပင့်လျှောက်လွှာများကို စာတိုက်မှတစ်ဆင့် ပေးပို့ဆက်ကပ်ထားပြီးဖြစ်ပါသည်။ ပင့်လျှောက်လွှာ လက်ခံရရှိခြင်း မရှိပါကလည်း ဘွဲ့နှင်းသိမ်ဓမ္မာရုံသို့ ဒီဇင်ဘာ ၉ ရက်အရောက် အချိန်မီကြွရောက်တော်မူပါရန် ဘွဲ့ခံသံဃာတော်များအား သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက နှိုးဆော်ပင့်လျှောက်ထားနိုင်ကြောင်းနှင့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြတ်စွာဘုရားတစ်ဆူ အပါအဝင် ပင့်သံဃာတော် ၁၁၃ ပါး၊ ဘွဲ့သံဃာတော် ၁၁၉ ပါး စုစုပေါင်း ၂၃၃ ပါးတို့ကို ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပမည်ဖြစ်ပါ၍ ဆွမ်းဆန်စိမ်း လောင်းလှူလိုသော ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် တစ်ဦးချင်းပုဂ္ဂလိကအလှူရှင်များအနေဖြင့် အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဆွမ်းဆန်စိမ်း လောင်းလှူရေးကော်မတီ ဖုန်း-၀၁-၈၂၂၀၅၂၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဖုန်း-၀၉-၄၄၈၅ ၄၀၃၃၄၊ ၀၉-၂၅၉၆၂၈၀၆၄၊ ၀၉-၄၄၉၅၂၂၇၄၄ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) သမဝါယမတန်ဆောင်း(အောက်ထပ်) ကမ္ဘာအေးကုန်းမြေသို့ ဒီဇင်ဘာ ၆ ရက် (သောကြာနေ့) နောက်ဆုံးထား ပေးပို့လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❐ စာမျက်နှာ ၄ မှ

ညီညွတ်မှသာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တောင်ကြီးမြို့ ရေစီးရေလာကောင်းမွန်စေရေးအတွက် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက် ရှိပါကြောင်း၊ ထို့ပြင် ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရပ်စောက်မြို့ ကန်တော်မင်ဒေသမှ သိမ်းဆည်းမြေများအနက် စွန့်လွှတ်ပြီးမြေများအား လယ်ယာမြေဥပဒေနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရပ်စောက်မြို့ မြို့မြေတိုးချဲ့ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အမည်ဖြင့် မြေလွှဲရရှိရေးဆောင်ရွက်ရန် အကောင်အထည်ဖော်နိုင်ရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျွဲ၊ နွားများ တရားမဝင် သယ်ဆောင်ခြင်းနှင့်ပတ်သက်၍ တရားမဝင် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ တောင်ကြီးမြို့ မြို့ရှောင်လမ်းအမြန်ဖောက်လုပ်ပေးရေး၊ ညောင်ရွှေ-လွိုင်ကော် ဆက်သွယ်ထားသည့် တုံဟုံး-စကား-လွိုင်ကော်လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရေးနှင့် ဟိုပုံးမြို့နယ် မဲနယ်တောင်ဒေသရှိ ကျေးရွာများရှိ မြေသားလမ်းများအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရေးတို့အတွက် ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေတင်ပြတောင်းခံပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ရှင်းလင်းကြသည်။

### ပညာရေးဘတ်ဂျက် ပိုမိုခွင့်ပြုရေး

ထို့နောက် ခန်းမအတွင်းမှ ဒေသခံငါးဦးက ရွှေညောင်မြို့ ရေစီးရေလာကောင်းမွန်ရေး၊ ရပ်စောက်မြို့နယ် ပါမဲကျေးရွာ အပါအဝင် ကျေးရွာသုံးရွာ လျှပ်စစ်မီးရရှိရေး၊ သိမ်းဆည်းမြေများ ပြန်လည်ရရှိရေး၊ နိုင်ငံတော်အနေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ ကျေးရွာများ၌ ကျောင်းများ၊ အားကစားကွင်းများ တည်ဆောက်ရန်ခွင့်ပြုပေးရေး၊ ရပ်စောက်မြို့နယ်အတွင်းမှ ထွက်ရှိသည့် ပြောင်းများအတွက် ဈေးကွက်ရှာဖွေပေးရေး၊ ခန်းမအပြင်မှ ဒေသခံငါးဦးက အေးသာယာမြို့၌ စက်ရုံအလုပ်ရုံများ တည်ဆောက်ပေးရန်နှင့် အလုပ်အကိုင်ဖန်တီးပေးရေး၊ နမ့်စန်မြို့နေပြည်သူများထံမှ သိမ်းဆည်းမြေများအား ပြန်လည်စွန့်လွှတ်ပေးနိုင်ရေးအတွက် သီးခြားစုံစမ်းရေးအဖွဲ့ဖြင့် ဆောင်ရွက်ပေးရေး၊ အေးသာယာမြို့၌ ရပ်ကွက်အုပ်ချုပ်ရေးမှူးရွေးချယ်ရာ၌ နစ်နာခဲ့မှုအား ဖြေရှင်းပေးရေး၊ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးတွင် သွေးလှူဒါန်းမှုများ အဆင်ပြေချောမွေ့စေရေး၊ ပြည်တွင်းစစ် အမြန်ချုပ်ငြိမ်းရေးအတွက် ပညာရေးကဏ္ဍမှာ အရေးကြီးသည့်အတွက် ပညာရေးဘတ်ဂျက် ပိုမိုခွင့်ပြုပေးရေးမေးခွန်းများနှင့်စပ်လျဉ်း၍ တင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရွှေညောင်မြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် တိုင်းတာရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ရာ တိုင်းတာခြင်းလုပ်ငန်းပြီးစီးပါက ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရပ်စောက်မြို့နယ်အတွင်းမှ ကျေးရွာများမီးလင်းရေးအတွက် ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သိမ်းဆည်းမြေကိစ္စကိုလည်း ပြည်နယ်အစိုးရအနေဖြင့် အမြန်စုံစမ်းစစ်ဆေးပြီး ပြည်ထောင်စုအစိုးရသို့ အစီရင်ခံစာတင်ပြသွားရန်လိုကြောင်း၊ အစိုးရအနေဖြင့် ပညာရေးကဏ္ဍကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေရသည့်အတွက် ဒေသအားလုံး မျှမျှတတဖြစ်အောင် ဆောင်ရွက်ပေးနေပါကြောင်း၊ နှစ်အလိုက် တိုးချဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြောင်းဈေးကွက်ပိုမိုရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုအခါ ဈေးကွက်ပိုမိုကောင်းမွန်လာနိုင်သည်ဟု သိရပါကြောင်း၊ အေးသာယာမြို့မှ ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိရေးအတွက် ကြိုးစားပေးသွားမည်ဖြစ်ကြောင်း၊ နမ့်စန်မြို့နေ ပြည်သူများထံမှ သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့မှ စုံစမ်းရေးအဖွဲ့ စေလွှတ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းပြောကြားကြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တောင်ကြီးမြို့ စူဠာမုနိစေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

### မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး တိုင်းရင်းသား၊ တိုင်းရင်းသူ ကလေးငယ်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တောင်ကြီးမြို့ စူဠာမုနိစေတီတော်သို့ ရောက်ရှိပြီး ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ကာ စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

**သတင်းစဉ်**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တိုင်းရင်းသား၊ တိုင်းရင်းသူ ကလေးငယ်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## ပြည်တွင်းရေးရာ

○ ကျောဖုံးမှ

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မိန့်ခွန်းပြောကြားရာတွင် ကမ္ဘောဒီးယားနိုင်ငံ၏ သာယာလှပသည့် မြို့တော်ဖနောင်ပင်တွင် ယခုလို ခမ်းနားကြီးကျယ်စွာ စုဝေးကျင်းပသည့် ၂၀၁၉ ခုနှစ်အာရှ-ပစိဖိတ်ထိပ်သီး အစည်းအဝေးသို့ မြန်မာနိုင်ငံကိုယ်စားပြုပြီး တက်ရောက်ခွင့်ရသည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ဒုတိယအကြိမ် အာရှ-ပစိဖိတ် ထိပ်သီးအစည်းအဝေးကို ပူးတွဲကမကထပြု ကျင်းပပေးသည့်အတွက် ကမ္ဘောဒီးယားအစိုးရနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးဖက်ဒရေးရှင်း (UPF) တို့ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက် ဟွန်ဆန်တို့ တွေ့ဆုံ ဆွေးနွေးစဉ်။

### အခွင့်အလမ်း တစ်ရပ်ဖြစ်

ယခုညီလာခံသည် လူသားအားလုံးအတွက် ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကို မြှင့်တင်ကာ ပိုမိုကောင်းမွန်သည့် ကမ္ဘာကြီးကို မည်သို့တည်ဆောက်ကြမည်ဆိုသည့် အပေါ် သဘောထားအမြင်နှင့် အတွေ့အကြုံများကို တွေ့ဆုံဆွေးနွေး အမြင်ချင်းဖလှယ်နိုင်ရန် ငြိမ်းချမ်းရေးယဉ်ကျေးမှု အစဉ်အလာများကို မြှင့်တင်နေကြသည့် အမှန်တကယ်ဆန္ဒပြင်းပြကြသော ကမ္ဘာတစ်ဝန်းရှိပြည်သူများအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း။

မိမိတို့အားလုံး သိရှိနားလည်ပြီးဖြစ်သည့်အတိုင်း ယနေ့ကမ္ဘာကြီးသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်များနှင့် လူသားတို့၏ လုပ်ဆောင်မှုများကြောင့် ပေါ်ပေါက်လာသည့် စိန်ခေါ်မှု အခက်အခဲအမြောက်အမြားနှင့် ရင်ဆိုင်နေရလျက်ရှိပါကြောင်း၊ ယင်းစိန်ခေါ်မှုများသည် နိုင်ငံအားလုံး၏ ငြိမ်းချမ်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုတို့ကိုသာမက လူသားအားလုံး၏ အခြေခံကျသောရပ်တည်မှုကိုပင် ခြိမ်းခြောက်လျက်ရှိနေပါကြောင်း၊ ငြိမ်းချမ်းရေး၏ အခြေခံအုတ်မြစ်များ ယိုယွင်းပျက်စီးစေမည့် အပြုသဘောမဆောင်သည့် အင်အားစုများသည် နေရာတိုင်းတွင် ရှိနေပါကြောင်း။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော် ဥက္ကဋ္ဌ ဆမ်ဒက် ဗီဘိုလ် ဆီနာ ဖိခ်ဒီ ဆေချမ်က ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား ကမ္ဘောဒီးယားနိုင်ငံ အောက်လွှတ်တော် ဥက္ကဋ္ဌ ဆမ်ဒက် အာခါ မိုဟာ ပွန်ဟီး ချက်ရီ ဟန်ဆမ်ရင်က ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

အပြန်အလှန် အမှီပြုနေကြပြီး ကွဲပြားခြားနားမှုများ များစွာရှိနေသည့် ဒီကမ္ဘာကြီးတွင်စိန်ခေါ်မှုများကို တစ်ကမ္ဘာလုံး၏ ပေါင်းစည်းအင်အားနှင့် လက်တွဲတုံ့ပြန်သွားကြရန်လိုအပ်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ယခုနှစ်ထိပ်သီးအစည်းအဝေးအတွက် "ကျွန်ုပ်တို့မျက်မှောက်ကာလရဲ့ အလွန်အရေးကြီးတဲ့ စိန်ခေါ်မှုများကို ဖြေရှင်းရေး- ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေး၊ အပြန်အလှန်အမှီပြုရေး၊ သာယာဝပြောရေးနဲ့ ကမ္ဘာလုံးဆိုင်ရာစံနှုန်းများ" ဆိုသည့် ခေါင်းစဉ်ကို ရွေးချယ်ခဲ့ခြင်းသည် မတည်ငြိမ်မှု၊ မရေရာမှုများနှင့် ပြည့်နေသည့် ယခုလိုအရေးကြီးသော အချိန်ကာလမျိုးတွင် များစွာလျော်ကန်သင့်မြတ်ပါကြောင်း။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်က "စစ်ပွဲများဟာလူသားများရဲ့ စိတ်တွေကနေစတင်ပေါ်ပေါက်ရခြင်းဖြစ်သလို၊ အဲဒီစိတ်တွေထဲမှာပဲရှိနေတဲ့ မေတ္တာတရားနဲ့ ကရုဏာတရားတွေကနေ ငြိမ်းချမ်းရေးကိုလည်း ခုခံကာကွယ်စောင့်ရှောက်နိုင်ပါတယ်"ဟု ပြောကြားခဲ့ဖူးပါကြောင်း၊ ယင်းအယူအဆနှင့်အညီ လူတစ်ဦးချင်းစီ၏ စိတ်သန္တာန်တွင် စိတ်ပိုင်းဆိုင်ရာငြိမ်းချမ်းမှုကို မဖြစ်မနေအစပြု ပျိုးထောင်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့်ဘာသာရေးဆိုင်ရာသွန်သင်ဆုံးမမှုနှင့် ပညာရေးတို့မှတစ်ဆင့် ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး၏ အရေးပါမှုကိုပြည်သူများအကြား ပိုမိုသိရှိနားလည်ပြန့်ပွားလာစေရန် ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး ပညာရေးသည် ပြည်သူများ၏ စိတ်နေသဘောထားကိုပြောင်းလဲရန်အတွက် မရှိမဖြစ်လိုအပ်သည့်အရာဖြစ်ပြီး ငြိမ်းချမ်းရေးနှင့် ရေရှည်တည်တံ့ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ရာတွင် သော့ချက်ကျသည့်အတွက် အထူးအလေးပေးသွားရမည်ဖြစ်ပါကြောင်း။

အခါအခွင့်ကြုံခိုက် ရေရှည်တည်တံ့ပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန် ငြိမ်းချမ်းရေး၏ အရေးပါသောအခန်းကဏ္ဍကို အလေးပေးပြောကြားလိုပါကြောင်း၊ အချို့က နိုင်ငံတစ်နိုင်ငံတွင် အကြမ်းဖက်မှုနှင့် ပဋိပက္ခများအားလုံးမှ ကင်းလွတ်ခြင်းကို ငြိမ်းချမ်းရေးဟု ပြောဆိုကြပါကြောင်း၊ အမှန်တကယ်ငြိမ်းချမ်းရေး၏ အဓိပ္ပာယ်သည် ယခုထက်ပိုပြီးနက်ရှိုင်းပါကြောင်း၊ ငြိမ်းချမ်းရေးဆိုသည်မှာ အိမ်နီးချင်းများ၊ လူ့အဖွဲ့အစည်း၊ သဘာဝပတ်ဝန်းကျင်တို့နှင့် လိုက်လျောညီထွေ သဟဇာတဖြစ်မှုဖြစ်ပါကြောင်း၊ ပြည်သူများအကြား ငြိမ်းချမ်းရေးဆိုသည့် အလေ့အကျင့်ကို ဖော်ဆောင်မြှင့်တင်ခြင်းသည် အကြမ်းဖက်မှုများနှင့်ပဋိပက္ခများကို ဟန့်တားပေးနိုင်သည့်ချဉ်းကပ်ဖြေရှင်းမှုနည်းလမ်းဖြစ်ပြီး စစ်ပွဲနှင့်အကြမ်းဖက်မှုအတွေးအခေါ်များကို အစားထိုးပေးနိုင်မည့် နည်းလမ်းတစ်ရပ်လည်း ဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးမရှိဘူးဆိုလျှင် တိုးတက်မှုနှင့် သာယာဝပြောမှု၊ ရေရှည်တည်တံ့ပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုတို့ ရေရှည်ထိန်းထားနိုင်မည် မဟုတ်ပါကြောင်း၊ နိုင်ငံများ၏ သမိုင်းအထောက်အထားများအရ ပဋိပက္ခနှင့်မတည်ငြိမ်မှုများသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကိုထိခိုက်စေနိုင်သလို အားလုံးလွှမ်းခြုံသည့် ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုမရှိခဲ့ပါကလည်း ငြိမ်းချမ်းရေးနှင့်လုံခြုံရေးသည် ကာလကြာမြင့်စွာ တည်တံ့နိုင်မည်မဟုတ်ပါကြောင်း၊ ရေရှည်တည်တံ့သည့်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ခြင်းသည် ပဋိပက္ခဖြစ်စေသည့် ပင်မအကြောင်းရင်းခံများမှ ကင်းဝေးစေရန် လွန်စွာအထောက်အကူပြုစေနိုင်ပါကြောင်း၊ ငြိမ်းချမ်းရေးတည်မြဲရန်နှင့် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုတို့သည် အပြန်အလှန်ဆက်စပ်လျက်ရှိသည်မှာ သိသာထင်ရှားလှပါကြောင်း။

အခါအခွင့်ကြုံခိုက် နိုင်ငံအတွင်း ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို မျှဝေပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံသည် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံစုစည်းနေထိုင်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး လက်နက်ကိုင်အဖွဲ့များ ကာလရှည်ကြာစွာရှိနေသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် လက်ရှိအစိုးရသည် နိုင်ငံ့တာဝန်များ စတင်တာဝန်ယူချိန်ကစပြီး ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးကို အစိုးရ၏ အရေးကြီးဆုံး ဦးစားပေးတာဝန်တစ်ရပ်အဖြစ် ချမှတ်ကာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(၁၈)ခုခန့် ပါဝင်သည့် ကမ္ဘာ့အရှုပ်အထွေးဆုံး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြင့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အစွမ်းကုန် ကြိုးပမ်းအားထုတ်လျက်ရှိပါကြောင်း။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အရ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ရာစုပင်လုံညီလာခံ)ကို (၃)ကြိမ်တိုင်တိုင် အောင်မြင်စွာကျင်းပခဲ့ပြီး ငြိမ်းချမ်းသာယာပြီး သဟဇာတဖြစ်သည့် လူ့အသိုက်အဝန်းတစ်ခု ဖန်တီးနိုင်ရန်လုံခြုံရေးနှင့် သာယာဝပြောရေးကို အာမခံပေးနိုင်စေမည့် ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရန်အတွက် အခြေခံမူကြီး (၅၁)ချက်ကို သဘောတူညီခဲ့ပြီး ဖြစ်ပါကြောင်း။

စိန်ခေါ်မှုများ များစွာရင်ဆိုင်နေရသော်လည်း မိမိတို့ပြည်သူများသည် ပြည်တွင်းပဋိပက္ခများကို ဖြေရှင်းရာတွင် အင်အားသုံးဖြေရှင်းခြင်းထက် နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် စတင်ဆောင်ရွက်လာမှုများသည် ဝမ်းမြောက်ဖွယ်ဖြစ်ပါကြောင်း၊ အားလုံးပါဝင်ပြီး ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ဆီသို့ လျှောက်လှမ်းလျက်ရှိသည့် မြန်မာနိုင်ငံ၏ ခရီးလမ်းကြောင်းတွင် ထာဝရငြိမ်းချမ်းရေးရရှိရေးသည် ပဓာနကျသည့် အစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု ခိုင်ခိုင်မာမာ ယုံကြည်ပါကြောင်း၊ မိမိတို့၏ အမျိုးသားရေးအတွေ့အကြုံများမှတစ်ဆင့် ငြိမ်းချမ်းရေးလမ်းစဉ်ကို ဖော်ဆောင်ခြင်းသည် လွယ်ကူသည့်လမ်းကြောင်း တစ်ခုမဟုတ်ကြောင်းကို ကောင်းစွာသိရှိနားလည်ထားပါကြောင်း၊ ငြိမ်းချမ်းရေးကိုချစ်မြတ်နိုးသူများ၏ သည်းခံမှု၊ ဇွဲလုံ့လနှင့် တက်တက်ကြွကြွပါဝင်မှုများဖြင့် ၎င်းတို့၏ ပြင်းပြသည့် ရည်မှန်းချက်ဖြစ်သော ငြိမ်းချမ်းသာယာဝပြောသည့် ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုဆီသို့ တဖြည်းဖြည်းရှေ့ဆက်တက်လှမ်းသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။

မြန်မာအစိုးရအနေဖြင့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေစဉ်တစ်ပြိုင်တည်းတွင် ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ရေရှည်တည်တံ့ရေးတို့ကိုလည်း ထည့်သွင်းစဉ်းစားပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မျှတသည့် ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် အလေးထားပြီး ဟန်ချက်ညီစွာဖော်ဆောင်ထားလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် မြန်မာအစိုးရအနေဖြင့် အားလုံးလွှမ်းခြုံသည့် လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေး မူဝါဒဖြစ်သည့် "မြန်မာနိုင်ငံရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း"ကို ဖော်ဆောင်လျက်ရှိပါကြောင်း၊ ယင်းစီမံကိန်းသည် မဏ္ဍိုင်(၃)ရပ်မှ အခြေပြုထားသည့် ရည်မှန်းချက် (၅)ရပ်ကို သတ်မှတ်ထားပါကြောင်း။

မြန်မာနိုင်ငံကဲ့သို့ ပြည်တွင်းပဋိပက္ခများနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်လျက်ရှိသည့် နိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး မရှိပါက ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်မည်မဟုတ်ပါကြောင်း၊ ထို့ကြောင့်မိမိတို့အနေဖြင့် ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လုံခြုံရေးနှင့် ကောင်းမွန်သည့် စီမံအုပ်ချုပ်မှုတို့ကို မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ ပထမဦးစားပေးရည်မှန်းချက်အဖြစ် သတ်မှတ်ထားပါကြောင်း။

### အခြေခံအုတ်မြစ်ဖြစ်

ယနေ့ အရှိန်အဟုန်ဖြင့်ဖြစ်ပေါ်နေသည့် ကမ္ဘာ့ပေါင်းစည်းဆက်နွှယ်မှုဖြစ်စဉ်နှင့် အပြန်အလှန်အမှီပြုမှု အလွန်ကြီးမားနေသည့် ကမ္ဘာကြီးတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုထိန်းသိမ်းရေးအတွက် ဘာသာတရား၏ အဆုံးအမသည် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်ဟု ထင်မြင်မိပါကြောင်း၊ မိမိတို့၏ကြီးမြတ်သည့် ဘာသာရေးခေါင်းဆောင်များက ကိုယ်ကျင့်တရားနှင့် အလေးအမြတ်ပြုရမည့် လူသားစံနှုန်းများဖြစ်သည့် မိမိကိုယ်ကိုယ် လေးစားမှု၊ တစ်ပါးသူအား လေးစားမှု၊ လောဘ၊ ဒေါသ၊ အမုန်းတရားနှင့် အသိတရားမဲ့မှုများ လျှော့ချရေးနှင့် လုံးဝအပြီးတိုင်ပပျောက်စေရန်ကို သွန်သင်ဆုံးမပေးခဲ့ကြပါကြောင်း၊ မိမိတို့အားလုံးအနေဖြင့် ၎င်းတို့၏ဆုံးမမှုများကို လိုက်နာကျင့်သုံးနိုင်ကြမည်ဆိုလျှင် ချစ်ခင်ကြင်နာမှု၊ စာနာရိုင်းပင်းတတ်မှု၊ သည်းခံစိတ်ရှည်မှုစသည့် သဟဇာတဖြစ်စွာနေထိုင်နိုင်မည့်စိတ်နေစိတ်ထားများကို မွေးမြူနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ထိုသို့သဟဇာတဖြစ်သည့် စိတ်နေစိတ်ထားများသည် တစ်ကမ္ဘာလုံးငြိမ်းချမ်းရေး၊ အပြန်အလှန်မှီတင်းနေထိုင်ရေး၊ သာယာဝပြောရေးတို့အတွက်သာမက လူသားအားလုံးအတွက် ကမ္ဘာလုံးဆိုင်ရာစံနှုန်းများကိုပါ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် မိမိတို့၏ ဘုံရည်မှန်းချက်များ ပြည့်ဝအောင်မြင်စေရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း။

စာမျက်နှာ ၇ သို့ ❐

❒ စာမျက်နှာ ၆ မှ

တစ်ကမ္ဘာလုံးအလေးထားရသော စံနှုန်းများဖြစ်သည့် ငြိမ်းချမ်းရေး၊ တရားမျှတမှုရှိရေး၊ သာတူညီမျှမှုရှိရေး၊ လွတ်လပ်မှုနှင့်ပျော်ရွှင်မှုရှိရေးတို့သည် နိုင်ငံအချင်းချင်း အပြန်အလှန်အမှီပြုနေကြရသည့် ကမ္ဘာတွင် ယခင်က ထက်ပိုပြီး အမှန်တကယ်လိုအပ်လာသည်ဟု မိမိတို့အနေဖြင့် စစ်မှန်စွာယုံကြည်မိပါကြောင်း၊ ကမ္ဘာတစ်ဝန်းရှိ ပြည်သူများအားလုံး၊ လူ့ဘောင်အဖွဲ့အစည်း၊ အသင်းအဖွဲ့တိုင်းနှင့် နိုင်ငံတိုင်းသည် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်မှု မြှင့်တင်ရေး၊ ကမ္ဘာ့စံနှုန်းများကို စဉ်ဆက်မပြတ်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ၎င်းတို့၏အတွေ့အကြုံများ၊ ဗဟုသုတများကိုမျှဝေခြင်း၊ အပြန်အလှန်ပံ့ပိုးကူညီပေးခြင်းတို့ကို လုပ်ဆောင်နိုင်သလို အမှန်တကယ်လည်း လက်တွေ့လုပ်ဆောင်သင့်ပါကြောင်း၊ မိမိတို့အနေဖြင့် ပြောဆိုဆွေးနွေးရုံသာမကဘဲ အတူတကွ လက်တွေ့ကျကျ အကောင်အထည်ဖော်သွားနိုင်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်း။

### အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်

မြန်မာနိုင်ငံသည် ကိုးကွယ်ယုံကြည်မှု မတူညီသည့် ပြည်သူများအကြား ငြိမ်းချမ်းရေး၊ သဟယာဝပြောရေးနှင့် သဟဇာတရှိရေး ပိုမိုဖော်ဆောင်ရာတွင် "Religion for Peace" ကဲ့သို့သော ဘာသာရေးဆိုင်ရာ အပြန်အလှန်လေးစားကြသည့် အဖွဲ့အစည်းများနှင့် အတူတကွ လက်တွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ဆက်တည်း ပြောကြားလိုသည်မှာ ၂၀၂၀ ပြည့်နှစ် နှစ်လယ်တွင် အာရှ-ပစိဖိတ်ထိပ်သီးအစည်းအဝေးကို ကမ္ဘာ့ငြိမ်းချမ်းရေးဖက်ဒရေးရှင်း “UPE" နှင့်ပူးတွဲကမကထပြုပြီး မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ပါကြောင်း ဝမ်းမြောက်စွာ အသိပေးပြောကြားလိုပါကြောင်း။

### အောင်မြင်မည်ဟု ယုံကြည်

မေတ္တာ၊ ကရုဏာနှင့် ချစ်ခင်ကြင်နာမှုတွေ ဆက်လက်ရှင်သန်ထွန်းကားနေမည့် စည်းလုံးညီညွတ်ပြီး ငြိမ်းချမ်းသည့် ကမ္ဘာကြီးတစ်ခုကို မိမိတို့၏အနာဂတ်မျိုးဆက်သစ်များအတွက် လက်ကမ်းချန်ထားနိုင်ခဲ့ရန် လိုအပ်သည်ဆိုသည်ကို သတိပေးနှိုးဆော်လိုပါကြောင်း၊ မိမိတို့၏ ရည်မှန်းချက်များ အောင်မြင်နိုင်ရန် လျှောက်လှမ်းရမည့် ခရီးသည်ရှည်လျားသော်လည်း ငြိမ်းချမ်းရေး၊ ချစ်ကြည်ရေးနှင့်မေတ္တာစေတနာတို့၏ စွမ်းအားနှင့်စိတ်ချယုံကြည်စွာအတူတကွ ဆက်လက်လျှောက်လှမ်းကြမည်ဆိုလျှင် အောင်မြင်မည်ဟုယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပါလာအိုကျွန်းနိုင်ငံ ဒုတိယသမ္မတ Raynold Oilouch၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ Shirin Sharmin chaudhury၊ ပါကစ္စတန်နိုင်ငံလွှတ်တော် ဒုတိယဥက္ကဋ္ဌ Qasim Khan Suri၊ အင်ဒိုနီးရှားနိုင်ငံ ဒုတိယသမ္မတဟောင်း Jusuf Kalla၊ တီမောနိုင်ငံသမ္မတဟောင်းနှင့် ဝန်ကြီးချုပ်ဟောင်း Kay Rala Xanana Gusmao တို့က မိန့်ခွန်းများပြောကြားကြပြီး Universal Peace Federation (UPF) ဥက္ကဋ္ဌ Dr. Thomas G. Walsh က international Summit Council For Peace Resolution နှင့်စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်တို့သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် အာရှ-ပစိဖိတ်နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဘာသာရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

### တွေ့ဆုံ

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ကမ္ဘောဒီးယားနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက်အာခါမိုဟာပွန်ဟီးချက်ရီဟာန်ဆမ်ရင်နှင့် အောက်လွှတ်တော်ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ်နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံတွင် ကမ္ဘောဒီးယားစီးပွားရေးလုပ်ငန်းရှင်များလာရောက်ရင်းနှီးမြှုပ်နှံရေးတို့ကို ဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက်ဗီဘိုလ်ဆီနာဖီခ်ဒီဆေချမ်နှင့် အထက်လွှတ်တော်ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မာရေး၊ နှစ်နိုင်ငံအကြားသံတမန်ဆက်ဆံရေးတည်ထောင်မှု အထိမ်းအမှတ်အခမ်းအနားများ ကျင်းပသွားရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏမြှင့်တင်ရေးတို့ကို ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့် ဝန်ကြီးချုပ်ရုံး (Peace Palace)၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြားကုန်သွယ်မှု မြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးချဲ့သွားရေး၊ သာသနာရေးနှင့် ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဖော်ဆောင်နိုင်ရေး၊ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှု (၆၅) နှစ်ပြည့်မြောက်မည့် ၂၀၂၀ ပြည့်နှစ်တွင် အထိမ်းအမှတ်အခမ်းအနားများကို ပူးတွဲကျင်းပနိုင်ရေး၊ နှစ်နိုင်ငံအကြား ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးမြှင့်သွားရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲများသို့သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ဦးစိုးဟန်၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတသည် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်က ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသည့် နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ လွှတ်တော်ဥက္ကဋ္ဌများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။ **သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာပြပွဲ ကြည့်ရှုလေ့လာ

**နေပြည်တော် နိုဝင်ဘာ ၁၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယမန်နေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ IMPACT Exhibition Center ၌ ကျင်းပလျက်ရှိသည့် ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာပြပွဲ (Defense & Security 2019) သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။



### တွေ့ဆုံဆွေးနွေး

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် IMPACT Exhibition Center သို့ ရောက်ရှိပြီး ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာပြပွဲသို့တက်ရောက်လာသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander V. Fomin ဦးဆောင်သော အဖွဲ့ဝင်များအား IMPACT Exhibition Center အတွင်းရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုများ တိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေ၊ စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများအား ဆွေးနွေးခဲ့ကြသည်။

### အမြင်ချင်းဖလှယ်

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာပြပွဲသို့တက်ရောက်လာကြသည့် ကမ္ဘောဒီးယား၊ မလေးရှား၊ ဘရူနိုင်းနိုင်ငံတို့မှ တပ်မတော်အကြီးအကဲများနှင့်အတူ ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen.Ponpipaat Benyasri နှင့်တွေ့ဆုံ၍ နိုင်ငံအချင်းချင်း သံတမန် ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေ၊ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာများအား အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာပြပွဲတွင် ဝင်ရောက်ပြသလျက်ရှိသည့် မြန်မာ့တပ်မတော်ပြခန်းအား ကြည့်ရှုအားပေးပြီး ပြခန်းများအတွင်း ခင်းကျင်းပြသထားသည့် နိုင်ငံအရပ်ရပ်မှ ကာကွယ်ရေးဆိုင်ရာ စစ်လက်နက်ပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ပုံ)**

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen.Ponpipaat Benyasri က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

အဆိုပါ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာပြပွဲတွင် နိုင်ငံပေါင်း ၄၅ နိုင်ငံမှ ပြခန်းပေါင်း ၄၅၄ ခန်းကိုပြသထားရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

❖ NRPC မှ

အစည်းအဝေး ခေါ်ယူနိုင်ရေးကိစ္စ၊ ဒေသတွင်းဖွံ့ဖြိုးရေးကိစ္စတွေနဲ့ အထွေထွေ ကိစ္စရပ်တွေကိုလည်း ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးတဲ့အထဲမှာ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာ ဖိအားပေးတဲ့ကိစ္စကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ပါတယ်။ အချုပ်ပြောရရင်ယုံကြည်မှုကို တည်ဆောက်နိုင်ခဲ့တယ်” ဟု ဖြေကြားသည်။

### ၂၀၂၀ နှစ်ဦးပိုင်းမှာ ကျင်းပနိုင်ရေးကို ဦးတည်

ဆွေးနွေးမှုများနှင့်ပတ်သက်၍ RCSS ကိုယ်စားလှယ် ဦးစိုင်းငင်းက “အဓိကဆွေးနွေးတာက JICM အစည်းအဝေး ကျင်းပမယ်ဆိုတဲ့ အနေအထားကို ဆွေးနွေးတယ်။ ဘယ်တော့ကျင်းပမယ်။ ဘယ်အတိုင်းအတာထိလုပ်မယ်ဆိုတာကိုပါ။ ဆွေးနွေးတဲ့အခါ ကောင်းမွန်တဲ့ရလဒ်ကို ရပါတယ်။ JICM အစည်းအဝေးကို မြန်နိုင်သမျှမြန်အောင်သွားမှာပါ။ ကျွန်တော်တို့ PPST အစည်းအဝေးခေါ်ဖို့ ရှိတယ်။ အကြမ်းဖျင်းကတော့ ဒီဇင်ဘာပထမပတ်ထဲမှာ လုပ်မယ်။ အဲ့ဒါပြီးတာနဲ့ JICM အစည်းအဝေးဆက်တိုက်လာဖို့ရှိတယ်။ နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့မှာ တစ်ဖက်က အဆိုပြုချက်ရှိတယ်။ ကျွန်တော်တို့ဘက်ကပြင်ဆင်ထားတဲ့အဆိုပြုချက်ရှိတယ်။ တစ်ဆို့မှုကျော်လွှားရေးဆိုတဲ့ကိစ္စပါ။ အဲ့ဒါအဆင်ပြေပြီဆိုတာနဲ့ တရားဝင်အစည်းအဝေးတွေကနေ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁-ရာစုပင်လုံကို ၂၀၂၀ နှစ်ဦးပိုင်းမှာကျင်းပနိုင်ရေးကို ဦးတည်ပြီး ကျွန်တော်တို့အားလုံး ဆောင်ရွက်သွားမယ့် အနေအထားရှိပါတယ်” ဟု ဆွေးနွေးပွဲအပြီးတွင် သတင်းမီဒီယာများအား ဖြေကြားခဲ့သည်။

### ဆွေးနွေးကျော်ဖြတ်နိုင်ခဲ့

ယခုဆွေးနွေးပွဲတွင် ပြီးခဲ့သည့်အောက်တိုဘာ ၂၈ ရက်နေ့က နေပြည်တော်တွင် ကျင်းပခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) လက်မှတ်ရေးထိုးခြင်း လေးနှစ်ပြည့်အခမ်းအနားသို့ တက်ရောက်နိုင်ခြင်းမရှိခဲ့သည့် RCSS ဥက္ကဋ္ဌ ဦးယွက်စစ်၏ ခရီးစဉ်ကိစ္စရပ်အပေါ်လည်း ဆွေးနွေးကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

“ခရီးစဉ်ကိစ္စကတချို့ကိစ္စတွေမှာ နားလည်မှုလွဲတဲ့ကိစ္စပါ။ အချိန်လည်းလိုအပ်တယ်။ တစ်ဖက်နဲ့တစ်ဖက် communication ပြတ်တောက်တာတွေလည်း ရှိတယ်။ ဒါကြောင့် NCA လက်မှတ်ထိုးထားတဲ့ ခေါင်းဆောင်တွေရဲ့ ခရီးစဉ်ဆိုရင် သေချာညှိရမယ်။ အချိန်ယူသေချာပြင်ဆင်ပြီး ဘယ်လမ်းကြောင်းက လာမယ်။ ဘယ်ပုံစံဘယ်လိုနည်းနဲ့ သွားကြမယ်ဆိုပြီး ဖြေရှင်းနိုင်ခဲ့ပါတယ်” ဟု ပြောသည်။

### စာတစ်စောင်ပေးပို့

ယနေ့ NRPC ကိုယ်စားလှယ်အဖွဲ့နှင့် RCSS ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးရာတွင် RCSS ဥက္ကဋ္ဌ ဦးယွက်စစ်က စာတစ်စောင်ပေးပို့ခဲ့သည်။

အဆိုပါစာနှင့်ပတ်သက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက “RCSS ဥက္ကဋ္ဌရဲ့သဘောထားကို ကျွန်တော်တို့မြင်တာကတော့ NCA ကတိကဝတ်တွေအတိုင်း မပြောင်းလဲဘဲ ဒီအတိုင်း ဆက်သွားမယ်။ နောက် RCSS ဥက္ကဋ္ဌရဲ့ NCA လေးနှစ်ပြည့် ခရီးစဉ်မှာ အကြောင်းကြောင်းကြောင့် မဖြစ်မြောက်ခဲ့ပေမယ့် မူလညှိနှိုင်းချက်အပေါ်မှာပဲ ဆက်ပြီးသွားမယ်။ နောက်တိုင်းရင်းသားပြည်သူတွေအတွက် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနဲ့ပတ်သက်တဲ့ သဘောထားမျိုးပါတဲ့ စာတစ်စောင်ပေးတာပါ” ဟု ပြောသည်။

ယနေ့ တွေ့ဆုံဆွေးနွေးပွဲသို့ အစိုးရကိုယ်စားလှယ်များအဖြစ် NRPC အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်၊ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း)ခင်ဇော်ဦး၊ ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ဦးမိုးဇော်ဦး၊ ငြိမ်းချမ်းရေးကော်မရှင်အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေ၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြပြီး ရှမ်းပြည်နယ် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) မှ ကိုယ်စားလှယ်များအဖြစ် ဦးစိုင်းငင်း၊ ဦးစိုင်းလျဲန်နှင့် ဦးစိုင်းဟာန်တို့ တက်ရောက်ခဲ့ကြသည်။

### သီးခြားစီတွေ့ဆုံသွားမည်

NRPC ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သည့် အစိုးရကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၀ ရက်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၁၀) ဖွဲ့မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံမည်ဖြစ်ပြီး ကရင်အမျိုးသားအစည်းအရုံး-ကေအဲန်ယူနှင့်လည်း သီးခြားစီတွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ HMS**

# မျိုးဆက်သစ်များ၏ ပညာရေးအတွက် အခြေခံ ဆရာ ဆရာမများ၏ ကျွမ်းကျင်မှုများနှင့် လေ့ကျင့်သင်ကြားမှုများဆိုင်ရာ စုံစမ်းလေ့လာမှုအစီရင်ခံစာကို ဆွေးနွေး



ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်



ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း



မြဝတီ မဲဆန္ဒနယ်မှ ဦးစိန်ဗိုလ်



ဖရူဆို မဲဆန္ဒနယ်မှ ဦးပွဲဒူ



ဒိုက်ဦး မဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်



ထီးလင်း မဲဆန္ဒနယ်မှ ဦးမြတ်လေးဦး

**နေပြည်တော် နိုဝင်ဘာ ၁၉**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့တွင် ကော်မတီအဖွဲ့ဝင်များ အစားထိုးလဲလှယ်ခြင်း၊ ကြယ်ပွင့်ပြ မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ပညာရေးမြှင့်တင်မှု ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြည်သူ့လွှတ်တော်ကဖွဲ့စည်းထားသော စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ အဖွဲ့ဝင် ဗိုလ်မှူးချုပ်အောင်ကျော်ငြိမ်းအစား ဗိုလ်မှူးချုပ် တင့်ဆန်းအား လည်းကောင်း၊ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီမှ အဖွဲ့ဝင် ဗိုလ်မှူးကြီးနေလင်းအစား ဗိုလ်မှူးချုပ် တင်စန်းနိုင်အားလည်းကောင်း အစားထိုးဖွဲ့စည်းလဲလှယ်ခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူ အတည်ပြုသည်။

မြဝတီမဲဆန္ဒနယ်မှ ဦးစိန်ဗိုလ်၏ **ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူးတို့ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ အခန်း(၅)ပါ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်တစ်ရပ်ရပ်ကိုဖောက်ဖျက်ပါက မည်သို့အရေးယူ ဆောင်ရွက်မည်နှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူခြင်းခံရပါက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခွင့်ပြုချက် လို၊ မလို သိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကို တာဝန်ခံသော ကျေးရွာတာဝန်ခံများသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေပုဒ်မ ၆(ဆ)အရ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများက မိမိတို့ထဲမှတစ်ဦးကို အများဆန္ဒနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ခြင်း ဖြစ်ပါကြောင်း၊ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူးများသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ် ၁၅(ခ)တွင် အခန်း(၅)ပါ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊ ပုဒ်မ ၁၅(ဂ)တွင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူခြင်းခံရပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၅ ပါအတိုင်း အရေးယူဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ၎င်းကျေးရွာတာဝန်ခံ၊ ရာအိမ်မှူးများသည် သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး၏ ကွပ်ကဲမှုအောက်တွင်ရှိသောကြောင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူခြင်းခံရပါက သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး၏ခွင့်ပြုချက်ရယူရန် လိုအပ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## စားကျက်မြေများ တည်ထောင်သတ်မှတ်

ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၏ **အာဟာရပြည့်ဝပြီး ဖွံ့ဖြိုးတိုးတက်သော စားကျက်မြေများဖြစ်ပေါ်စေရေးအတွက် စားကျက်မြေများကို လက်ရှိစီမံခန့်ခွဲနေသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံမှ လုပ်ငန်းဆက်စပ်မှုရှိသော မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအောက်သို့ လွှဲပြောင်းပေးအပ်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးတင်မြင့်က စားကျက်မြေစီမံခန့်ခွဲခြင်းကို တာဝန်ယူဆောင်ရွက်မည့် ဦးစီးဌာန၏ မြို့နယ်အလိုက်တည်ရှိမှု လက်ရှိဝန်ထမ်းအင်အား အခြေအနေ၊ ယင်းတို့၏ အဓိကကျွမ်းကျင်မှုဘာသာရပ် အခြေခံနောက်ခံနှင့် ရပ်ကွက်/ကျေးရွာအုပ်စု၊ ကျေးရွာများအားလုံးသို့ လွှမ်းခြုံနိုင်မှုအခြေအနေ စသည့်အခြေအနေအရပ်ရပ်ကို မူတည်၍ စဉ်းစားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ လွှဲပြောင်းပေးအပ်မည်ဆိုပါက လက်ရှိတည်ဆဲဥပဒေများကိုလည်း ပြန်လည်ပြင်ဆင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ စားကျက်မြေစီမံခန့်ခွဲပိုင်ခွင့်အား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအောက်သို့ လွှဲပြောင်းပေးရန် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်းနှင့် အာဟာရပြည့်ဝပြီး ဖွံ့ဖြိုးတိုးတက်သော စားကျက်မြေများဖြစ်ပေါ်စေရေးအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တည်ဆဲမြေယာဥပဒေများနှင့်အညီ စားကျက်မြေအဖြစ် အသုံးပြုခွင့်လျှောက်ထားလာပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနပိုင်စားကျက်မြေများအဖြစ် တည်ထောင်သတ်မှတ်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဖရူဆိုမဲဆန္ဒနယ်မှ ဦးပွဲဒူ၏ **အလယ်တန်းပြရာထူးတိုးမြှင့်ပေးရာတွင် P.P.T.T နှင့် D.T.Ed လက်မှတ်ရများ၏ ရာထူးတိုးအခွင့်အရေးများကို မျှတစွာဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး၏ **ဒလမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းဆောင်သစ် (၂၀၀ x ၃၀)ပေ နှစ်ထပ်ဆောင်နှင့် ညောင်ပင်ကျေးရွာအုပ်စု၊ ဂတ်ရွာတွင် မူလတန်းကျောင်းဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လည်းကောင်း၊ တွန်းဇံမဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန်၏ **ချင်းပြည်နယ် တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ် နှစ်ခုပေါင်း၍ တီးတိန်ခရိုင်အဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၏ **တပ်မတော်အစိုးရလက်ထက် ဝန်ကြီးဌာနများနှင့် ကုမ္ပဏီများ၏လုပ်ငန်းများအတွက် သိမ်းဆည်းခဲ့သည့်မြေယာများအနက် ယခုအချိန်ထိ မူလပိုင်ရှင်များသို့ ပြန်လည်အပ်နှံပြီးသည့် မြေကေများကို ရှင်းလင်းပြန်ကြားပေးရန်နှင့် ပြန်လည်အပ်နှံသည့်မြေယာများကို မူလပိုင်ရှင်များသို့သာ တိုက်ရိုက်အပ်နှံရန်တာဝန်ရှိသော်လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာဌာနများက ပြန်လည်အပ်နှံသည့်မြေယာများကို မူလပိုင်ရှင်များသို့ တိုက်ရိုက်အပ်နှံခြင်းမပြုဘဲ နိုင်ငံတော် စီမံကိန်းအကျိုးပြုလုပ်ငန်းများအသုံးပြုရန်တင်ပြဆောင်ရွက်ခဲ့ခြင်းကို ရှင်းလင်းဖြေကြားပေးရန်**မေးခွန်းနှင့် မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင်၏ **မိုးမိတ်ခရိုင် မြို့သစ်တည်ဆောက်မှုကိစ္စ မည်ကဲ့သို့ ဆက်လက် ဆောင်ရွက်ထားသည်ကို သိလိုခြင်း**မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးတင်မြင့်က လည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသည့် **မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာဝေဖြိုးအောင်က ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် ၁၉ ချက်ကို အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သဘောထားမေးမြန်း၍ လွှတ်တော်၏သဘောထားရယူအတည်ပြုသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက **မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်၏သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီ၏ မျိုးဆက်သစ်များ၏ ပညာရေးအတွက် အခြေခံ ဆရာ ဆရာမများ၏ ကျွမ်းကျင်မှုများနှင့် လေ့ကျင့်သင်ကြားမှုများဆိုင်ရာ စုံစမ်းလေ့လာမှုအစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်က ပညာရေးဆိုသည်မှာ ရေရှည်ဆောင်ရွက်ရသော သိမ်မွေ့နက်နဲလှသည့် ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းဖြစ်ပါကြောင်း၊ ကော်မတီအနေဖြင့် လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် လိုအပ်ပါက အစိုးရဌာနများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များကို ဖိတ်ကြားဆွေးနွေးပြီး သတင်းအချက်အလက်များရယူသည်ကို တွေ့ရသည့်အတွက် ကျေနပ်မိပါကြောင်း၊ မိမိတို့နိုင်ငံသည် ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်ကျော်လွှားနိုင်ရေးနှင့် အနာဂတ်ပညာရေးကောင်းမွန်စေရေးအတွက် အမျိုးသားပညာရေးဥပဒေနှင့်အညီ အမျိုးသားပညာရေးကော်မရှင်ကိုလည်း ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါကော်မရှင်အနေဖြင့် မြန်မာနိုင်ငံ၏ အနာဂတ်ပညာရေးကို အကောင်းဆုံးချမှတ်အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ပညာရေးမြှင့်တင်မှုကော်မတီသည် လုပ်ငန်းဆောင်ရွက်မှုများတွင် ထိန်းညှိခြင်း၊ သက်ဆိုင်ရာဥပဒေများသုံးသပ်ခြင်း၊ ကြားနာခြင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တွေ့ဆုံခြင်း၊ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်စောင့်ကြည့်ထိန်းညှိခြင်းများကို ဆက်လက်ပြုလုပ်သွားရန်တိုက်တွန်းလိုပါကြောင်း အကြံပြုဆွေးနွေးသည်။

## အကောင်းဆုံးအကြံဉာဏ်များ ပြုသင့်

ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦးက ကော်မတီအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနက ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ရည်မှန်းချက်များ၊ မူဝါဒများ ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန်အတွက် အကြံကောင်းများပေးနိုင်ရန်အတွက် လွှတ်တော်၏စောင့်ကြည့်ထိန်းညှိခြင်း အခန်းကဏ္ဍကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်ဟု တင်ပြထားသည်ကို တွေ့ရပါကြောင်း၊ ကော်မတီ၏အစီရင်ခံစာတွင် ပါသည့် လေ့လာချက်၊ တွေ့ရှိချက်၊ အကြံပြုချက်များသည် ဝန်ကြီးဌာနက အကောင်အထည်ဖော်နေသည့် ကိစ္စများဖြစ်နေသည်ကို တွေ့ရပါကြောင်း၊ ထူးထူးခြားခြား လေ့လာအကြံပြုချက်ဟု မမြင်မိပါကြောင်း၊ ရည်မှန်းချက်အပေါ်တွင် ချမှတ်ထားသည့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် အဆင်ပြေမှု ရှိ၊ မရှိ၊ မြေပြင်အနေအထားကွဲလွဲချက်များနှင့် စိန်ခေါ်မှုများကို ကျော်ဖြတ်မည့်နည်းလမ်းများ စသည်တို့ကို အကောင်းဆုံးအကြံဉာဏ်များပေးသင့်ပါကြောင်း၊ လက်ရှိအချိန်တွင် အကောင်အထည်ဖော်နေသည့် ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များအပေါ်တွင် တူညီသည့် အကြံပြုချက်များပေးခြင်းထက် သီးခြားအကြံပြုချက်များပေးနိုင်အောင် ကျယ်ကျယ်ပြန့်ပြန့်လေ့လာပြီးမှသာ ဝန်ကြီးဌာနကို အကောင်းဆုံးအကြံဉာဏ်များ ပြုသင့်ပါကြောင်း ဆွေးနွေးသည်။


ဆက်လက်၍ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင်၊ သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက်၊ ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးရွှေကို၊ မြင်းခြံမဲဆန္ဒနယ်မှ ဦးစိန်မြင့်၊ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ တာမွေမဲဆန္ဒနယ်မှ ဦးတိုးဝင်း၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနှင့် မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုးတို့က ဆွေးနွေးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီအတွင်းရေးမှူး ဦးခမ်ခန့်ထန်က အဆိုပါအစီရင်ခံစာအား သဘောတူလက်ခံအတည်ပြုပေးပါရန် အဆိုတင်သွင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နိုဝင်ဘာ ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**



၂၀၁၉ ခုနှစ်၊ ၉၉ နှစ်မြောက်
အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်

★ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
★ ပြည်ထောင်စုငြိမ်းချမ်းရေးကို အပြန်အလှန်ယုံကြည်မှုဖြင့် တည်ဆောက်ရေး။
★ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး။
★ တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး။

၂၀၁၉ ခုနှစ်၊ ၉၉ နှစ်မြောက်
အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်ဖို့၊
တိုင်းရင်းသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်စို့။

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၂၁-၁၁-၂၀၁၉)

# ရေးမြို့နယ်အတွင်း သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့သော ကျေးလက် လမ်း၊ တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်

**နေပြည်တော် နိုဝင်ဘာ ၁၉**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးပဉ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## မင်းတပ်-ရှစ်-တီွလီ-ဒုတ်မှတစ်ဆင့် ဒုတ် - ခါရှိပ် - မကွီအိမ်နူးမြို့သို့ ဆက်သွယ်ထားသော ဆိုင်ကယ်လမ်းအား ကားလမ်းအဖြစ် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးမည်

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း၏ **ချင်းပြည်နယ် မင်းတပ်မြို့နယ် မင်းတပ်-ရှစ်-တီွလီ-ဒုတ်မှတစ်ဆင့် ဒုတ်-ခါရှိပ်-မကွီအိမ်နူး မြို့သို့ ဆက်သွယ်ထားသော ဆိုင်ကယ်လမ်းအား ကားလမ်းအဖြစ် အဆင့်တိုးမြှင့်ဖောက်လုပ်ပေးရန် အစီအစဉ်ရှိမရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က မင်းတပ်မြို့နယ်၊ မင်းတပ် - ရှစ် - တီွလီ - ဒုတ်လမ်းခွဲမှ ဒုတ် - ခါရှိပ် - မကွီအိမ်နူးလမ်းပိုင်းတွင် ကျန်ရှိသော ဒုတ် - ခါရှိပ် ကျေးရွာလမ်းအထိ လမ်းအရှည် (၅)မိုင်နှင့် ကျုံလောင်း - မကွီအိမ်နူးလမ်းပိုင်းအရှည် (၄)မိုင်တို့သည် လမ်းအဆင့်သတ်မှတ်ချက်အရ Class (C) ဦးစားပေးအဆင့်(၂)တွင် ပါဝင်သဖြင့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် နောက်ပိုင်းကာလများတွင် ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၏ **ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် အိုးသည်ကုန်းမြို့အဝင် လမ်းမကြီးအား လမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးပြီး အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော အိုးသည်ကုန်းမြို့အဝင်လမ်း (၂)မိုင် (၂)ဖာလုံ ပေ ၄၈၀ အား လမ်းဦးစီးဌာနသို့ လွှဲပြောင်းရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ရရှိပြီးပါက ဆောက်လုပ်ရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးသို့ တင်ပြဆုံးဖြတ်ပြီး လမ်းဦးစီးဌာနပိုင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသော လမ်းအဖြစ် လွှဲပြောင်းလက်ခံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။


ပြည်ထောင်စုဝန်ကြီး
ဦးဟန်ဇော်


ဒုတိယဝန်ကြီး
ဦးကျော်မျိုး


ချင်းပြည်နယ် မဲဆန္ဒနယ်
အမှတ်(၈)မှ ဦးမာန်လောမောင်း

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါ်ခင်ဆွေလွင်၏ **ချင်းပြည်နယ်အတွက် ဂျပန်နိုင်ငံ JICA မှ လှူဒါန်းထားသော စက်ကြီး အစီး ၁၂၀ အား မည်သည့်လုပ်ငန်းအတွက် မည်သို့အသုံးပြုနေသည်ကို သိရှိလိုခြင်းနှင့် သတ်မှတ်ထားသော လုပ်ငန်းများပြီးဆုံးသွားပါက ချင်းပြည်နယ်ရှိ မြို့နယ်ကိုးမြို့နယ်တွင် အသုံးပြုနိုင်ရန် ခွဲဝေပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က JICA ထောက်ပံ့မှုအစီအစဉ်ဖြင့် ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် လမ်းများ အဆင့်မြှင့်တင်တည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးစီမံချက်ကို Exchange of Notes စာချွန်တော် လက်မှတ်ရေးထိုးခဲ့ပြီး ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ အဆိုပါ စီမံကိန်း၏ ရည်မှန်းချက်အနေဖြင့် ချင်းပြည်နယ်အပိုင်းတွင် ကလေး-ဖလမ်း - ဟားခါးလမ်း ၁၁၅ မိုင်အတွင်း ၃၄ ပေအကျယ် လမ်းတာချဲ့ခြင်းနှင့် ၁၈ ပေအကျယ် ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အထိ ၃ နှစ်အတွင်း ဆောင်ရွက်ရန် လိုအပ်သော စက်ယန္တရား ၂၄ မျိုး၊ အစီးရေ ၉၀ အား ထောက်ပံ့ခဲ့ခြင်း ဖြစ်ပါကြောင်း။


မွန်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၈)မှ ဦးမျိုးဝင်း


ချင်းပြည်နယ် မဲဆန္ဒနယ်
အမှတ်(၉)မှ ဒေါ်ခင်ဆွေလွင်


မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေ

JICA နှင့် ချုပ်ဆိုခဲ့သော Exchange of Notes နှင့် Record of Discussion အရ အဆိုပါ စက်ယန္တရားများအား ချင်းပြည်နယ်ရှိ မြို့နယ် ကိုးမြို့နယ်တွင် သီးခြားခွဲဝေပေးနိုင်ခြင်း မရှိပါကြောင်းနှင့် အကယ်၍ ချင်းပြည်နယ်အတွင်းရှိ သက်ဆိုင်ရာမြို့နယ်များမှ လုပ်ငန်းလိုအပ်ချက်အရ သုံးစွဲရန် တောင်းခံလာမည်ဆိုပါက ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်သောလုပ်ငန်းများတွင် စက်ယန္တရားများ ပိုလျှံမှသာ သက်ဆိုင်ရာ ခရိုင်အင်ဂျင်နီယာများ၏ စိစစ်တင်ပြမှုအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် Equipment Fleet ယန္တရားအုပ်စုအလိုက် စေလွှတ်၍ ဆောင်ရွက်နိုင်ပါကြောင်းနှင့် တောင်းခံထားသော လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက JICA စက်ယန္တရားစခန်းတွင် ပြန်လည်အခြေပြု၍ ထိန်းသိမ်းထားရှိရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၏ **၂၀၁၉ ခုနှစ် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး တောင်ပြိုခြင်းနှင့်အတူ ပြင်းထန်စွာစီးဆင်းလာသော တောင်ကျရေများကြောင့် ပျက်စီးဆုံးရှုံးမှု ကြီးမားစွာ ဖြစ်ပေါ်ခဲ့ရသည့် ရေးမြို့နယ် ရေးမြစ်တစ်လျှောက်ရှိ လမ်းတံတားများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ရေးမြို့နယ်အတွင်း သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့သော ကျေးလက် လမ်း/တံတားများကို ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းအတွက် သဘာဝဘေးရန်ပုံငွေနှင့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် သဘာဝဘေးကြောင့် ဖြစ်ပေါ်လာသော လမ်းပန်းဆက်သွယ်မှု ပြတ်တောက်မှုများကို ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ချက်ချင်းဖြေရှင်းဆောင်ရွက်လျက်ရှိပြီး ပြီးခဲ့သော မိုးရာသီတွင် ကြီးမားစွာပျက်စီးခဲ့သော မလွှဲတောင်-ထားဝယ်လမ်းပိုင်း၌ တံတားထိုးရမည့်နေရာတွင် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲရန် စီစဉ်လျက်ရှိပါကြောင်း၊ ကျန်ရှိသော လမ်းတံတားအသေးစားပျက်စီးမှုများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့ ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေ၏ **မြန်မာ့မီးရထားက တာဝန်ယူထိန်းသိမ်းထားရသော ကားလမ်းနှင့် ရထားလမ်း တွဲလျက်ပါသည့် မြစ်ကူး၊ ချောင်းကူးတံတားများပေါ်ရှိ ကားလမ်းများ ပျက်စီးပါက အချိန်တိုအတွင်း ပြုပြင်ပေးနိုင်ရန် သက်ဆိုင်ရာ လမ်းဦးစီးဌာန သို့မဟုတ် BOT စနစ်ဖြင့် ဆောင်ရွက်နေသော ကုမ္ပဏီများသို့ ပြုပြင်ခွင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက မြန်မာ့မီးရထားက ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့် တံတားအများစုမှာ ရထားလမ်းနှင့်ကားလမ်း ပေါင်း၍ တည်ဆောက်ထားသဖြင့် ကားလမ်းများကို သီးခြားပြုပြင်ထိန်းသိမ်းရန် အခက်အခဲများရှိပါကြောင်း၊ သို့ဖြစ်ပါ၍ လတ်တလောအနေဖြင့် မြန်မာ့မီးရထားပိုင် မြစ်ကူး၊ ချောင်းကူးတံတားများကို သက်ဆိုင်ရာ လမ်းဦးစီးဌာန သို့မဟုတ် BOT စနစ်ဖြင့် ဆောင်ရွက်နေသော ကုမ္ပဏီများသို့ ပြုပြင်ခွင့်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း**ကို အသိပေးတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက **ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေကြမ်း**ကို လွှတ်တော်သို့ တင်သွင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော်က အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နိုဝင်ဘာ ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ မိုက်ကယ်ထန်း(သတင်းစဉ်)**

# ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၅၉/၂၀၁၉) ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၅၉/၂၀၁၉)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးငွေးဝင်းအောင်(ခ) ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် ငြိမ်းချမ်းရေးပူးပေါင်းရန်ပုံငွေဘုတ်အဖွဲ့ဥက္ကဋ္ဌ ဥရောပသမဂ္ဂသံအမတ်ကြီး Mr. Kristian Schmidt အား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၁၉**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် ငြိမ်းချမ်းရေးပူးပေါင်းရန်ပုံငွေဘုတ်အဖွဲ့ ဥက္ကဋ္ဌ ဥရောပသမဂ္ဂသံအမတ်ကြီး Mr. Kristian Schmidt ဦးစီးဘုတ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်ညှိခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

ထိုသို့ တွေ့ဆုံစဉ် Joint Peace Fund(JPF) အဖွဲ့အနေဖြင့် မြန်မာနိုင်ငံ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ကူညီပံ့ပိုးနေမှု၊ မြန်မာနိုင်ငံ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် လွှတ်တော်၏ပါဝင်မှုအခန်းကဏ္ဍ၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ် တည်ဆောက်ရေးကြိုးပမ်းဆောင်ရွက်နေမှု၊ အမျိုးသမီးများနိုင်ငံရေးတွင် ဦးဆောင်ပါဝင်မှု မြင့်မားလာစေရေးနှင့် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပသွားနိုင်ရေး ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာမေဝင်းမြင့်၊ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီအဖွဲ့ဝင် ဦးပြုံးချိုနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကများနှင့် အမှုဆောင်အဖွဲ့သစ်တို့နှင့် တွေ့ဆုံဆွေးနွေး



**ရန်ကုန် နိုဝင်ဘာ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယကများနှင့် အမှုဆောင်အဖွဲ့သစ်တို့အား ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယနေ့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကကြီးများ၊ အမှုဆောင်များနှင့် ရင်းနှီးပြီးဖြစ်သော်လည်း ပြန်လည်ဖွဲ့စည်းခဲ့သော အမှုဆောင်အဖွဲ့သစ်နှင့် တွေ့ဆုံရခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေဖြင့် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ရုပ်ရှင်လောကအတွက် အရေးကြီးသည့် အကယ်ဒမီထူးချွန်ဆုပေးပွဲလည်းရှိနေကြောင်း။

**ဆွေးနွေး**

မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့်ပွဲတော် ကျင်းပရန်လည်းရှိပြီး ၎င်းတွင် ပြန်ကြားရေးဝန်ကြီးဌာနက မည်သို့ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရမည်ကို ယခင်အစည်းအဝေးများတွင် ဆုံးဖြတ်ထားသည်များရှိပါကြောင်း၊ ထို့အတွက် ရုပ်ရှင်အစည်းအရုံးဘက်မှ လုပ်ကိုင်ဆောင်ရွက်ထားရှိမှုများကို သိရှိလိုပြီး တစ်ဆက်တည်း ရုပ်ရှင်ပြတိုက်ကိုလည်း ကြည့်ရှုလေ့လာလိုပါကြောင်း၊ ထို့ပြင် ရုပ်ရှင်အစည်းအရုံးဘက်မှ ဆောင်ရွက်နေသည့် ထူးခြားတိုးတက်မှုများ ရှိပါကလည်း ဆွေးနွေးကြစေလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက စည်သူဗိုလ်ကလေးတင့်အောင်က မြန်မာ့ရုပ်ရှင်သည် ငွေရတု၊ ရွှေရတုနှင့် စိန်ရတုတို့ကို ကျော်လွှားခဲ့ပြီး ယခု ရာပြည့်ပတ္တမြားရတုကို ရောက်ရှိတော့မည်ဖြစ်ပါကြောင်း၊ ထိုသို့ဖြတ်သန်းခဲ့သည့် ရုပ်ရှင်ခေတ်တစ်လျှောက်တွင် အသံတိတ်၊ တေးသံစုံ၊ အသံထွက်၊ မြင်ကွင်းကျယ် စသည်ဖြင့် အဆင့်ဆင့်တိုးတက်လာစေရန် ရုပ်ရှင်လောကသားများက ဖန်တီးခဲ့ကြပါကြောင်း၊ ၎င်းကို အခြေပြုပြီး ရုပ်ရှင်ရာပြည့်ပွဲတော်ကို လူကြီးများက ဦးဆောင်ပြီး လုပ်နိုင်ကိုင်နိုင်ရှိကြသည့် လူငယ်များစုပေါင်းကာ လုပ်ဆောင်ကြရန် တိုက်တွန်းနှိုးဆော်လိုပါကြောင်း၊ ရုပ်ရှင်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌအသစ်အနေဖြင့်လည်း အားသစ်ခွန်သစ်နှင့် လုပ်ဆောင်မည်ဟု မျှော်လင့်ကြောင်း၊ လုပ်ဆောင်ပါလို့လည်း ပြောကြားလိုပြီး မိမိတို့လူကြီးများက ဝိုင်းဝန်းစောင့်ရှောက်ပေးမည်ဖြစ်ကြောင်း၊ ရုပ်ရှင်လုပ်ငန်းကြီး တည့်တည့်မတ်မတ်နှင့် ကောင်းကောင်းမွန်မွန်ဖြစ်လာအောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှုဆောင်အဖွဲ့သစ်ဥက္ကဋ္ဌ ဦးညီညီထွန်းလွင်နှင့် ဒုတိယဥက္ကဋ္ဌ(၂) ဦးအေးကြူလေးတို့က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ သင်းဖွဲ့စည်းမျဉ်းနှင့်အညီ အဖွဲ့သစ်ကို ပြန်လည်ဖွဲ့စည်းခဲ့မှု၊ ၂၀၁၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ရေး ဦးစီးကော်မတီနှင့် အကဲဖြတ်အဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ရုပ်ရှင်ဇာတ်ကား ၉၆ ကားကို ကြည့်ရှုဆောင်ရွက်နေမှုနှင့် မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားအတွက် စတင်လုပ်ဆောင်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားကျင်းပရေး ယာယီကော်မတီဖွဲ့စည်းထားရှိပြီး ယခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် အစည်းအဝေးကျင်းပခဲ့မှု၊ ၎င်းယာယီကော်မတီကိုယ်စား Working Group အနေဖြင့် ယခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် အစည်းအဝေးကျင်းပခဲ့ပြီး လုပ်ငန်းစဉ် ၁၁ ခု ချမှတ်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကများနှင့် အမှုဆောင်များက မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ လက်ရှိလုပ်ငန်းတာဝန်များ ဆောင်ရွက်မှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ရုပ်ရှင်တွင် E-cinema, D-cinema တို့အပြင် ရုပ်မြင်သံကြားနှင့် မိုဘိုင်းဖုန်းတို့မှတစ်ဆင့် ထုတ်လွှင့်နေမှုများနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခု မကြာမီ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ရုပ်ရှင်ဆိုင်ရာများ တင်သွင်းခြင်း၊ ပါဝင်ဆွေးနွေးခြင်းများ ပြုလုပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ထားကြစေလိုပါကြောင်း၊ မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားတွင် ပြုပြင်ပြီးဖြစ်သော မြန်မာဂန္ထဝင်ရုပ်ရှင်ဇာတ်ကားများ စုစည်း၍ ပြသနိုင်ရန်အပြင် နိုင်ငံတကာရုပ်ရှင်များလည်း ပါဝင်ပြသရန် အလျဉ်းသင့်သလို ဖိတ်ခေါ်ထားရှိကြောင်း၊ မြန်မာဂန္ထဝင်ရုပ်ရှင်ဇာတ်ကားများ ထပ်မံရှာဖွေပြုပြင်ပြီး လွှဲပြောင်းပေးရန်လည်း နှိုးဆော်ဆောင်ရွက်နေပါကြောင်း၊ ရုပ်ရှင်ရာပြည့်ပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာနှင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရုပ်ရှင်လောကသားအားလုံး ပါဝင်ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

စာမျက်နှာ ၁၁ သို့ ❑

# ကမ္ဘာ့ရေအိမ်များနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ




ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာရွှေလွှမ်း ကမ္ဘာ့ရေအိမ်များနေ့အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၉**

ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် သန့်စင်မေတ္တာအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကမ္ဘာ့ရေအိမ်များနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန – ၂ ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ သန့်စင်မေတ္တာအဖွဲ့ ဂုဏ်ထူးဆောင်နာယက ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာရွှေလွှမ်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ဇနီး၊ ဒေါက်တာမြင့်ထွေးနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေနှင့် ဇနီး၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၏ဇနီး၊ အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌများ၊ အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သံတမန်များ၊ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်တွင်းအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဆုရကျောင်းသား ကျောင်းသူများ၊ သန့်စင်မေတ္တာအဖွဲ့ဝင်များ၊ ရင်ခွင်မဲ့ကလေးသူငယ်များလျှော့ချရေးနှင့် ကာကွယ်ရေးအသင်းဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ "သန့်စင်တဲ့မေတ္တာ"တေးသီချင်းဗီဒီယိုပြသ၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာရွှေလွှမ်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ဒေါက်တာမြင့်ထွေးတို့က အမှာစကားများ ပြောကြားကြသည်။

**သီဆိုဖျော်ဖြေ**

ယင်းနောက်ကမ္ဘာ့ရေအိမ်များနေ့အထိမ်းအမှတ်ပြိုင်ပွဲဝင် ဗီဒီယိုများကို ပြသပြီး ကမ္ဘာ့ရေအိမ်များနေ့အထိမ်းအမှတ် တေးသီချင်းပြိုင်ပွဲ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်ပြိုင်ပွဲများတွင် ပထမဆုရရှိကြသူများက ပြိုင်ပွဲဝင်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် သန့်စင်မေတ္တာအဖွဲ့ ဂုဏ်ထူးဆောင်နာယက ဒေါက်တာရွှေလွှမ်းက ကမ္ဘာ့ရေအိမ်များနေ့သီချင်းဆိုပြိုင်ပွဲတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်ပြိုင်ပွဲများတွင် ပထမဆုရရှိကြသူများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တွင် ဒုတိယဆုရရှိကြသူများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တွင် တတိယဆုရရှိကြသူများကို လည်းကောင်း၊ သန့်စင်မေတ္တာအဖွဲ့ဥက္ကဋ္ဌ ဦးနေအုပ်က နည်းပညာကျောင်းများနှင့် တက္ကသိုလ်အဆင့်တွင် အထူးဆုရရှိကြသူများကို လည်းကောင်း၊သန့်စင်မေတ္တာအဖွဲ့နာယက Mrs. Hisayo-Yoshida က အများနှစ်သက်မှုဆုရရှိကြသူများကို လည်းကောင်း ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ၏ ဇနီး ဒေါက်တာရွှေလွှမ်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာမျိုးသိမ်းကြီးနှင့် ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ကမ္ဘာ့ရေအိမ်များနေ့အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

**သတင်းစဉ်**

❑ စာမျက်နှာ ၁၀ မှ

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်းအတွင်းရှိ မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်တွင် ခင်းကျင်းပြသရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ MMPO Cinema ခန်းမတွင် ၂၀၁၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ရေး ဦးစီးကော်မတီနှင့် အကဲဖြတ်အဖွဲ့ဝင်များကိုရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်းရှိမြန်မာ့ရုပ်ရှင် ဖလင်ပိုင်ရှကတ်တိုက်တွင် မြန်မာရုပ်ရှင်ဇာတ်ကား ဖြူ/မည်းနှင့် ရောင်စုံဇာတ်ကားများ၊ မှတ်တမ်းရုပ်ရှင်များ ထိန်းသိမ်းပြုပြင်နေမှုကိုလည်းကောင်း၊ မြန်မာ့ရုပ်ရှင် မော်ကွန်းတိုက်တွင် ခေတ်အဆက်ဆက် ရုပ်ရှင်လုပ်ငန်းသုံးပစ္စည်းများ ထိန်းသိမ်းထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **သတင်းစဉ်**

## အော်စကာ ရှစ်ဆုရ AMADEUS ရုပ်ရှင်ဇာတ်ကားကို လေ့လာမှုအစီအစဉ် ပြုလုပ်မည်


**ရန်ကုန် နိုဝင်ဘာ ၁၉**

ဒါရိုက်တာ Milos Forman ၏ လက်ရာကောင်းတစ်ခု ဖြစ်သော AMADEUS ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာ ၂၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း ရုပ်ရှင်ပြခန်းမ၌ ကြည့်ရှုပြီး ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာ လေ့လာမှုအစီအစဉ် ပြုလုပ်မည်။

ယင်းအစီအစဉ်ကို မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် Cinematheque Program ၏ ကဏ္ဍခွဲတစ်ရပ်အဖြစ် အကြိမ်(၃၀)မြောက် ပြုလုပ်ခြင်းဖြစ်ပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာအောင်မင်းက ဦးဆောင်ဆွေးနွေးမည်ဖြစ်သည်။

အဆိုပါဇာတ်လမ်းမှာ Drama Film အမျိုးအစားဖြစ်ပြီး ဇာတ်လမ်းအကျဉ်းမှာ Amedus Mozart သည် (၁၈)ရာစုနှောင်းပိုင်း ဩစတြီးယားအင်ပါရာ၊ ဗီယင်နာ၏ ဂီတပါရမီရှင်လူငယ်တစ်ဦးဖြစ်ကြောင်း ဧကရာဇ်ဘုရင် ဂျိုးဆက်(၂) နန်းတော်၏ ဂီတပညာရှင် Antonio Salieri သည် Amadeus Mozart ၏ ပျော်ရွှင်စွာနေထိုင်မှုအပေါ် မနာလိုစိတ်နှင့် အကောက်ကြံခဲ့ရာ Amedus Mozart အပြင် ၎င်းကိုယ်တိုင် ဆိုးကျိုးခံစားရကြောင်း၊ ၎င်းဇာတ်ကားသည် Peter Shaffer ၏ Amadeu's စင်တင်ပြဇာတ်ကို မှီငြမ်းပြီး ရုပ်ရှင်အဖြစ် ရိုက်ကူးခဲ့ရာ ၁၉၈၄ ခုနှစ်တွင် ဒါရိုက်တာဆုအပါအဝင် အော်စကာ ရှစ်ဆု ရရှိခဲ့ကြောင်း သိရသည်။

**FDC**






ကြေးမုံ
နိုဝင်ဘာ ၂၀၊ ၂၀၁၉

# ငြိမ်းချမ်းစွာ ပြီးဆုံးခဲ့တဲ့ သီရိလင်္ကာရွေးကောက်ပွဲ



တမီလ်ကျားသူပုန်များအား တိုက်ခိုက်အနိုင်ယူခဲ့သော ဂိုတာဘာရာ ရာဂျာပက်စကာသည် နိုဝင်ဘာ ၁၇ ရက်တွင် ကျင်းပသော သီရိလင်္ကာရွေးကောက်ပွဲတွင် အနိုင်ရခဲ့ပြီး သမ္မတသစ်ဖြစ်လာခဲ့သည်။

ယခုသမ္မတရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်း ၃၅ ဦးဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။ လက်ရှိသမ္မတ မက်သရီပါလာ ဆရီဆီနာမှာမူ အီစတာပွဲတော်ဗုံးပေါက်ကွဲမှုများနှင့်ပတ်သက်ပြီး ဝေဖန်မှုများနှင့်ရင်ဆိုင်နေရသဖြင့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်း မရှိခဲ့ပေ။ အိုင်အက်စ်အကြမ်းဖက်သမားများသည် အဆိုပါတိုက်ခိုက်မှုများတွင် ခရစ်ယာန်ဘုရားရှိခိုးကျောင်းများနှင့် ဟိုတယ်များအား ပစ်မှတ်ထားပြီး တိုက်ခိုက်ခဲ့ရာတွင် လူ ၂၅၃ ဦး သေဆုံးခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုများမတိုင်မီ အိန္ဒိယတာဝန်ရှိသူများက တိုက်ခိုက်မှုများဖြစ်ပွားနိုင်ကြောင်း သတင်းပေးခဲ့သော်လည်း သီရိလင်္ကာတာဝန်ရှိသူများအချင်းချင်း အဆိုပါသတင်းများအား အချိန်မီအကြောင်းကြားခြင်း မရှိခဲ့ပေ။ ထိုအဖြစ်အပျက်သည် အစိုးရအပေါ်တွင် အကျိုးသက်ရောက်မှုရှိခဲ့သည်။

ယခုသမ္မတရွေးကောက်ပွဲတွင် ထိပ်တန်းယှဉ်ပြိုင်ဘက် နှစ်ဦးရှိသည်။ တစ်ဦးမှာ ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဂိုတာဘာရာ ရာဂျာပါစကာဖြစ်ပြီး ၎င်း၏အစ်ကို သမ္မတအဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ဂိုတာဘာရာအား လူ့အခွင့်အရေးချိုးဖောက်မှုများဖြင့် စွပ်စွဲခြင်းခံရသည်။

၎င်း၏နိုင်ငံသားရပ်တည်မှုများနှင့် ပတ်သက်ပြီး ဝေဖန်သူအချို့က မေးခွန်းများ ထုတ်ခဲ့သည်။ သူ၏ပြိုင်ဘက်ဖြစ်သော ဆဂျစ်ပရီမာဒါဆာက မဲပေးသူပြည်သူများအား ၎င်းအနိုင်ရရှိခဲ့ပါက အမျိုးသားလုံခြုံရေးအတွက် ဆောင်ရွက်ရန် တမီလ်ကျားသူပုန်များအား အနိုင်ယူခဲ့သော စစ်ဦးစီးချုပ်ဟောင်း ဆရက်ဖွန်စီကာအား တာဝန်ပေးသွားမည်ဟု ကတိပေးခဲ့သည်။

မစ္စတာ ပရီမာဒါဆာက ဆင်းရဲမှုတိုက်ဖျက်ရေးနှင့် လူနေအိမ်ရာများ အဆင့်မြှင့်တင်ရေးကို အလေးထားသည်။ ၎င်းတွင်လည်း ထောက်ခံသူအများအပြားရှိသည်။ ပရီမာဒါဆာ၏ ဖခင်မှာလည်း သီရိလင်္ကာနိုင်ငံ၏သမ္မတဟောင်းတစ်ဦးဖြစ်ပြီး ၁၉၉၃ ခုနှစ်တွင် တမီလ်ကျားသူပုန်များ၏ လုပ်ကြံသတ်ဖြတ်မှုခံခဲ့ရသည်။ ပရီမာဒါဆာအနေဖြင့် လက်ရှိတွင် အိမ်ရာစီမံခန့်ခွဲရေးဝန်ကြီး တာဝန်ထမ်းဆောင်နေသည်။

အီစတာဗုံးပေါက်ကွဲမှုနှင့် ကြုံတွေ့ခဲ့ရသော ရှာဟီနီက ဗုံးပေါက်ကွဲမှုဖြစ်ပွားသောနေရာသည် ၎င်း၏နေအိမ်နှင့် အလွန်နီးကပ်သောကြောင့် သေဆုံးနိုင်သည်ဟု ယူဆကြောင်း ပြောကြားသည်။

လက်ရှိသီရိလင်္ကာအစိုးရသည် ပြည်သူများအား ကာကွယ်ပေးရန် ပျက်ကွက်နေကြောင်း ပြည်သူအများစုက ယူဆနေကြသည်။ ၎င်းအချက်မှာ အာဏာရပါတီ၏ ကိုယ်စားလှယ်လောင်းဖြစ်သော ဆဂျစ်ပရီမာဒါဆာအတွက် ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။

လက်ရှိသမ္မတ မက်သရီပါလာ ဆရီဆီနာမှာ မစ္စတာ ရာဂျာပါစကာအား ၂၀၁၅ ခုနှစ်တွင် အနိုင်ရရှိပြီး သမ္မတဖြစ်လာခဲ့သည်။ ၎င်းအနေဖြင့် နောက်တစ်ကြိမ် သမ္မတအဖြစ် ရွေးကောက်ခံရန် ဆောင်ရွက်တော့မည် မဟုတ်တော့ချေ။

မစ္စတာ ဂိုတာဘာရာ ရာဂျာပါစကာက သီရိလင်္ကာနိုင်ငံအား အကူအညီများစွာ ပေးအပ်နေသော တရုတ်နိုင်ငံနှင့် ဆက်ဆံရေး ပြန်လည်တည်ဆောက်သွားမည်ဟု ကတိပြုခဲ့သည်။

မစ္စတာ ပရီမာဒါဆာက အိန္ဒိယနှင့် အမေရိကန်အား မှီခိုလိုသော သဘောထားရှိနေသည်။

ဂိုတာဘာရာသည် အမျိုးသားရေးလှုပ်ရှားမှုတစ်ရပ်အနေဖြင့် နိုင်ငံ၏လုံခြုံရေးနှင့် အကြမ်းဖက်သမားများ နှိမ်နင်းရေးတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း ပြည်သူများအား ကတိပေးခဲ့သည်။

ဂိုတာဘာရာ၏အစ်ကိုဖြစ်သူ မဟင်ဒါ ရာဂျာပက်စကာအုပ်ချုပ်စဉ်ကာလအတွင်း ၎င်းတို့နှစ်ဦး ပူးပေါင်းပြီး စစ်တပ်ကို သေချာစွာ စီမံအုပ်ချုပ်နိုင်ခဲ့ရုံသာမက ၃၇ နှစ်မျှ ကြာမြင့်ခဲ့သော နိုင်ငံ၏ ပြည်တွင်းစစ်ကိုလည်း အဆုံးသတ်နိုင်ခဲ့သည်။ သူ၏ မိသားစုက စက်ရုပ်ဟုအမည်ပေးထားသော ဂိုတာဘာရာသည် ယခုရွေးကောက်ပွဲအား မဲအားလုံး၏ ၅၂ ဒသမ ၂၅ ရာခိုင်နှုန်းရရှိပြီး အနိုင်ရခဲ့ခြင်းဖြစ်ကြောင်း သီရိလင်္ကာရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲရလဒ်ဆိုင်ရာ တရားဝင်ကြေညာချက်အရ သိရသည်။ ဂိုတာဘာရာ၏ အဓိကပြိုင်ဘက်ဖြစ်သော ဆဂျစ်ပရီမာဒါဆာမှာ မဲအားလုံး၏ ၄၁ ဒသမ ၉၉ ရာခိုင်နှုန်းသာ ရရှိခဲ့သဖြင့် ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့သည်။ ဆဂျစ်က ဂိုတာဘာရာအား ချီးကျူးစကားပြောဆိုခဲ့သည်။ ပရီမာဒါဆာအနေဖြင့် တမီလ်လူနည်းစုများ၏ ဒေသတွင် အနိုင်ရခဲ့သော်လည်း ဆင်ဟာလီလူမျိုးများ နေထိုင်ရာဖြစ်သောဒေသတွင် ရှုံးနိမ့်ခဲ့သည်။ ယခုရွေးကောက်ပွဲမှာ ငြိမ်းချမ်းသော ရွေးကောက်ပွဲတစ်ရပ်ဖြစ်ခဲ့သည်။

ကိုးကား-ဘီဘီစီ၊ အေအက်ဖ်ပီ
ဘာသာပြန်-စိုးသူရ

## တရုတ်မြောက်ပိုင်း၌ ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုဖြစ် ၁၅ ဦးသေ၊ ကိုးဦး ဒဏ်ရာရ

**တိုင်ယွမ် နိုဝင်ဘာ ၁၉**

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်းဇီးပြည်နယ်ရှိ ကျောက်မီးသွေးတွင်းတစ်တွင်း ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ လူ ၁၅ ဦး သေဆုံးပြီး ကိုးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသန္တရအာဏာပိုင်များက ပြောကြားသည်။

ယမန်နေ့ည ၁ နာရီ မိနစ် ၅၀ ခန့်၌ ပေါက်ကွဲမှု ဖြစ်ပွားချိန်တွင် ပင်ယောင်စီရင်စုရှိ ကျောက်မီးသွေးတွင်း အလုပ်သမား ၃၅ ဦး အလုပ်လုပ်ကိုင်နေသည်ဟု စုံစမ်းစစ်ဆေးမှုအရသိရကြောင်း ရှန်းဇီးကျောက်မီးသွေးတွင်း ဘေးကင်းလုံခြုံရေးအုပ်ချုပ်မှုအဖွဲ့က ပြောသည်။ အလုပ်သမား ၁၁ ဦးမှာ အသက်ဘေးမှလွတ်မြောက်ခဲ့သည်ဟု ဆိုသည်။ "ဥပဒေနဲ့ လုပ်ထုံးလုပ်နည်းတွေ ချိုးဖောက်တာကြောင့် ဒီဖြစ်ရပ် ဖြစ်ပွားခဲ့တာပါ" ဟု ရှန်းဇီးကျောက်မီးသွေးတွင်း ဘေးကင်းလုံခြုံရေးအုပ်ချုပ်မှုအဖွဲ့မှ ဖြစ်ရပ်စုံစမ်းစစ်ဆေးရေးဌာန၏ ညွှန်ကြားရေးမှူး ရှန်ရှုပင်က ယနေ့နံနက်ပိုင်းက ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။ အခင်းဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေကြောင်း ၎င်းက ပြောသည်။

ဒဏ်ရာရရှိခဲ့သူ ကိုးဦးမှာ စိတ်ဒဏ်ရာနှင့် မီးလောင်ဒဏ်ရာများ အဓိကခံစားခဲ့ရပြီး ယခုအခါ သက်သာလာပြီဟု စီရင်စုရှိ ကျန်းမာရေးဗျူရိုမှ ညွှန်ကြားရေးမှူး ဝမ်ဂူမေက ပြောသည်။ စီရင်စုအစိုးရကလည်း နောက်ဆက်တွဲအခြေအနေကို ကိုင်တွယ်ရန်နှင့် သေဆုံးသူ ၁၅ ဦး၏ မိသားစုဝင်များကို လျော်ကြေးငွေပေးရန် အခင်းဖြစ်ရာနေရာသို့ အဖွဲ့ ၁၅ ဖွဲ့ စေလွှတ်ခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန် – ကျော်ထိုက်စိုး

## ရုရှားက သိမ်းယူထားသည့် စစ်သင်္ဘောသုံးစင်းအား ယူကရိန်းထံ ပြန်လည်လွှဲအပ်

**မော်စကို နိုဝင်ဘာ ၁၉**

ယမန်နှစ် နိုဝင်ဘာလအတွင်းက ရုရှားနိုင်ငံက သိမ်းယူထားသည့် ယူကရိန်းရေတပ်မှ စစ်သင်္ဘောသုံးစင်းကို နိုဝင်ဘာ ၁၈ ရက်တွင် ယူကရိန်းနိုင်ငံထံသို့ ပြန်လည်လွှဲအပ်ပေးအပ်ခဲ့ကြောင်း၊ ယူကရိန်းရေတပ်မှ သင်္ဘောများသည် ရုရှားနိုင်ငံ၏ ပိုင်နက်ကို ချိုးဖောက်ဝင်ရောက်ခဲ့ခြင်းကြောင့် သိမ်းယူထားခြင်းဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာနက ပြောကြားသည်။

ရုရှားပိုင်နက် နယ်မြေအား ချိုးဖောက်ဝင်ရောက်ခဲ့သည့် ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးကိစ္စအတွက် ယူကရိန်းစစ်ရေယာဉ်များအား သက်သေခံအထောက်အထားအဖြစ် ကာလရှည်ကြာစွာ ထိန်းသိမ်းထားရန် မလိုအပ်ကြောင်း ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ယမန်နှစ် နိုဝင်ဘာ ၂၅ ရက်တွင် ရုရှားတပ်ဖွဲ့များက ယူကရိန်းရေတပ်မှ စစ်ရေယာဉ်များကို ရေတပ်သား ၂၄ ဦးနှင့်အတူ ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

ယင်းယူကရိန်း စစ်သင်္ဘောများသည် ပင်လယ်နက်အတွင်းမှ ကရစ်ဖ်ရေလက်ကြားကို ဖြတ်သန်းပြီး အာဇော့ဗ်ပင်လယ်သို့ သွားရောက်ရန် ကြိုးပမ်းရာတွင် ရုရှားနိုင်ငံ၏ ပိုင်နက်ရေပြင်ကို ချိုးဖောက်ဝင်ရောက်ခဲ့ကြောင်းနှင့် ရုရှားနှင့်ယူကရိန်းအစိုးရများသည် ရန်စမှုများ ပြုလုပ်ကြကြောင်း အပြန်အလှန်စွပ်စွဲ ပြောကြားမှုများရှိခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-ဇော်ဝင်း





## ဂျယ်ဂျူးကျွန်းအနီး တောင်ကိုရီးယားငါးဖမ်းလှေ မီးလောင်၊ တစ်ဦးသေ၊ ၁၁ ဦး ပျောက်ဆုံး

**ဆိုးလ် နိုဝင်ဘာ ၁၉**

တောင်ကိုရီးယားနိုင်ငံ တောင်ပိုင်းအပန်းဖြေစခန်း ဂျယ်ဂျူးကျွန်း၏ အနောက်ဘက် ရေပိုင်နက်အတွင်း ယနေ့နံနက်ပိုင်းက တောင်ကိုရီးယားငါးဖမ်းလှေတစ်စင်း မီးလောင်ခဲ့ရာ သင်္ဘောသားတစ်ဦး သေဆုံးပြီး ၁၁ ဦး ပျောက်ဆုံးခဲ့ကြောင်း ဒေသန္တရမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

အလေးချိန် ၂၉ တန်ရှိ အဆိုပါငါးဖမ်းလှေမှာ ဒေသစံတော်ချိန် နံနက် ၇ နာရီ ၅ မိနစ်ခန့်တွင် ဂျယ်ဂျူးကျွန်းအနီး တည်ရှိသည့် ကျွန်းငယ်တစ်ကျွန်း၏ အနောက်ဘက် ၇၆ ကီလိုမီတာအကွာခန့်၌ မီးလောင်ခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ အသက် ၆၀ နှစ်အရွယ် တောင်ကိုရီးယားသင်္ဘောသားတစ်ဦးကို သုံးနာရီခန့်အကြာတွင် အခင်းဖြစ်ရာနေရာမှ ၇ ဒသမ ၄ ကီလိုမီတာအကွာ ရေပိုင်နက်အတွင်းမှ တွေ့ရှိခဲ့ပြီး ကျွန်းပေါ်ရှိ ဆေးရုံတစ်ရုံသို့ လေယာဉ်ဖြင့် ပို့ဆောင်ခဲ့သည်။ သို့သော် ၎င်းမှာ မီးလောင်ဒဏ်ရာများဖြင့် ဆေးရုံ၌ သေဆုံးခဲ့သည်။ တောင်ကိုရီးယားလူမျိုးငါးဦးနှင့် ဗီယက်နမ်လူမျိုးခြောက်ဦး အပါအဝင် အခြားသင်္ဘောသား ၁၁ ဦး ပျောက်ဆုံးနေဆဲဖြစ်သည်။

ရေတပ်နှင့် ကမ်းခြေစောင့်တပ်ဖွဲ့မှ သင်္ဘောများ၊ ရဟတ်ယာဉ်များ၊ လေယာဉ်များအပြင် အရပ်ဘက်စက်လှေများပါ အခင်းဖြစ်နေရာသို့ ရောက်ရှိလာခဲ့သော်လည်း မြင့်မားသော လှိုင်းထမ်းပိုးများနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အခက်အခဲ ကြုံတွေ့ခဲ့ရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-ကျော်ထိုက်စိုး

# ရာပြည့်အမျိုးသားအောင်ပွဲနေ့၊ အမျိုးသားရေးတာဝန်နှင့် ဖွံ့ဖြိုးတိုးတက်မှုခရီးလမ်း

ဒေါက်တာမြတ်မိုး

မြန်မာတို့၏ ၂၀၁၉ ခုနှစ် နှောင်းပိုင်းလများမှစတင်၍ ၂၀၂၀ ပြည့်နှစ်အတွက် ရာပြည့်လှုပ်ရှားမှုများက မြန်မာတစ်မျိုးသားလုံးအတွက် အားမာန်တစ်ခုကိုနှိုးထပေးနိုင်မည်ဟု ယုံကြည်ပါသည်။ ဂျီစီဘီအေ ရာပြည့်၊ အမျိုးသားကျောင်း ရာပြည့်၊ ရန်ကုန်တက္ကသိုလ် ရာပြည့်၊ မြန်မာ့ရုပ်ရှင် ရာပြည့်များနည်းတူ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ကျရောက်မည့် အမျိုးသားအောင်ပွဲနေ့တစ်နေ့သည်လည်း ထူးခြားထင်ရှားသော ရာပြည့်နှစ်အကြိုနေ့တစ်နေ့ ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံတွင် ပညာရေးရေခံမြေခံကောင်းမှုသည် မျိုးချစ်စိတ်ဓာတ်ကို နိုးကြားရှင်သန်စေသလို ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားရေးကိုလည်း အထောက်အကူပြုပါသည်။ ခိုင်မာမြဲမြံသော ပြည်ထောင်စုစိတ်ဓာတ်ကား မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် အမျိုးသားရေးအကျိုးစီးပွားဖော်ဆောင်ရာကို သယ်ဆောင်ပေးရာ ပညာရေး၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် အမျိုးသားရေးတာဝန်များ တစ်ခုနှင့်တစ်ခုဆက်စပ်မှုရှိပုံကို ဖော်ညွှန်းလိုခြင်း ဖြစ်ပါသည်။

**မြေတောင်မြှောက်ပေးနိုင်ခဲ့သည့် အမျိုးဘာသာ၊ သာသနာ၊ ပညာ**

ဝိုင်အမ်ဘီအေက မွေးဖွားပေးခဲ့သော ဂျီစီဘီအေသည် မြန်မာတိုင်းရင်းသားတစ်မျိုးသားလုံး ဗြိတိသျှလက်အောက် သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် ကနဦးရည်ရွယ်ချက်များဖြစ်သော အမျိုးဘာသာ၊ သာသနာ၊ ပညာပြန့်ပွားထွန်းကားရေးကို ဖြစ်ပေါ်စေခဲ့သည်။

မျိုးချစ်စိတ်နှင့် ဘာသာ၊ သာသနာ၊ ပညာထွန်းကားမှုက အမျိုးသားရေးစိတ်ဓာတ်ကို မြေတောင်မြှောက်ပေးနိုင်ခဲ့သည်။ အမျိုးသားရေးစိတ်ဓာတ်က နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်ကိုလည်း ပြင်းထန်စေပြီး လွတ်လပ်ရေးကို အရယူနိုင်စွမ်းရှိခဲ့သည်ကို မြန်မာလူမျိုးအားလုံး၏အသိတွင် ကိန်းအောင်းပြီးဖြစ်ပါသည်။ သို့ဆိုလျှင် ယခုလို ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်နေသည့်ကာလ၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျက်ယွင်းအောင် ထိန်းသိမ်းစောင့်ရှောက်နေရသည့် ကာလမျိုးတွင် ထိုအသိ၊ ထိုခံယူချက်များ မြန်မာတစ်မျိုးသားလုံးတွင် မြင့်မားနေစေရန် အထူးလိုအပ်လှသည်။

ပညာရေးကိုအခြေခံသည့် အမျိုးသားရေးစိတ်ဓာတ်ဖြင့်ပင် တိုင်းရင်းသားပေါင်းစုံမှီတင်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ထောင်၍ ယနေ့အထိ ရပ်တည်နေနိုင်သည်ကို သတိပြုအပ်လှသည်။ စစ်မှန်သည့် အမျိုးသားရေးစိတ်ဓာတ်ကား နိုင်ငံနှင့် နိုင်ငံသားအားလုံးအတွက် အသက်သွေးတမျှ အရေးကြီးလှသည်။ မိမိနိုင်ငံ၊ မိမိဒေသချစ်စိတ်၊ တိုင်းရင်းသားအချင်းချင်း အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက်၊ ပူးပေါင်းကူညီနေထိုင်လိုစိတ်များကသာ ရင်ဆိုင်နေရသော အခက်အခဲများ၊ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်မည်ဖြစ်သလို ပြည်ပ၏ဖိအား၊ ထိုးဖောက်ဝင်ရောက်နေသော ပြင်ပယဉ်ကျေးမှု၊ အတွေးအခေါ်များကိုလည်း တွန်းလှန်ဖယ်ရှားကာကွယ်နိုင်မည်ဖြစ်သည်။

**အမျိုးသားအောင်ပွဲကပေးသော လွတ်လပ်ရေးအတွက် ဩဇာအရှိန်အဝါ**

ကိုလိုနီခေတ် ကျောင်းသားလှုပ်ရှားမှုကြီးကို ပြန်ပြောင်းကြည့်ရှုမိလျှင် ဗြိတိသျှနယ်ချဲ့တို့ ၁၉၂၀ ပြည့်နှစ် ဇွန်လတွင် ထုတ်ပြန်ကြေညာခဲ့သည့် ကိုလိုနီစနစ်ကို သက်ဆိုးရှည်စေပြီး အုပ်ချုပ်သူအလိုကျ ဖန်တီးထားသည့် ကျွန်ပညာရေးဟု တင်စားခဲ့သည့် ပညာရေးဥပဒေကို ကျောင်းသားများ၊ ဂျီစီဘီအေအသင်းများက ကန့်ကွက်နေသည့်ကြားမှ မြန်မာပြည်အတိုင်ပင်ခံဥပဒေပြုအဖွဲ့နှင့် အိန္ဒိယဘုရင်ခံချုပ်တို့က အတည်ပြုလက်မှတ်ရေးထိုးခဲ့ရာမှ ကောလိပ် နှစ်ခုမှ ကျောင်းသားများ ခေါင်းဆောင်သည့် ဆန္ဒပြကော်မတီများ ဖွဲ့စည်း၍ တစ်နိုင်ငံလုံး ဆန္ဒပြခဲ့ကြသည်ကို တွေ့ရှိရသည်။ ထိုထိုသော ပထမဦးဆုံးဆန္ဒပြမှုကြီးက ဗြိတိသျှအစိုးရကို အတော်အထိနာစေခဲ့သည်။

အမျိုးသားကျောင်းများ ပြန့်ပွားပျံ့နှံ့ပေါ်ပေါက်ခဲ့သလို ထိုအမျိုးသားကျောင်းများမှ ခေတ်ပညာတတ် တော်လှန်ရေးခေါင်းဆောင်များ၊ လွတ်လပ်ရေးဗိသုကာများစွာကို မွေးထုတ်ပေးနိုင်ခဲ့သည်။ ထိုခေတ်ထိုအခါက ကျောင်းသားသပိတ်တွင် ဦးဆောင်ပါဝင်ခဲ့ကြသည့် ကျောင်းသားများ၏ ခံယူချက်တွင် တိုင်းပြည်အတွက်ဆိုလျှင်၊ ပညာရေးအတွက်ဆိုလျှင် ကိုယ့်အကျိုးကို ဦးစားမပေးဘဲ တိုင်းပြည်နှင့်လူမျိုးမျက်နှာကိုသာကြည့်ပြီး တိုင်းပြည်တာဝန်ကို စွန့်လွှတ်မှုများဖြင့် ထမ်းဆောင်ခဲ့ကြသည်ဟု မြင်မိသည်။

ကျောင်းသားများသည် ကောလိပ်မှရရှိမည့် ဘွဲ့ဒီဂရီကိုလည်း စွန့်လွှတ်ရုံသာမက နောင်ရလာမည့် မြို့ပိုင်၊ နယ်ပိုင်၊ အရေးပိုင် ရာထူးများကိုလည်း မမက်ခဲ့ကြပေ။ ထိုစွန့်လွှတ်အနစ်နာခံမှု များကပင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ယုံကြည်မှုကို ရရှိစေပြီး လွတ်လပ်ရေးရရှိအောင် ဆောင်ရွက်ရာတွင် အရေးပါလှသော စူးရှထက်မြက်သော အရှိန်အဝါ ဩဇာအာဏာများအဖြစ် လူငယ်ခေါင်းဆောင်တို့ လက်ဝယ်ပိုင်ဆိုင်ရရှိခဲ့ကြသည်။ ထိုလက်နက်ကိုပင် နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရေးတွင် ကောင်းစွာ အသုံးချနိုင်ခဲ့ကြကြောင်း တွေ့ရှိရသည်။

**ကိန်းအောင်းနေရမည့် ခံယူချက်ကောင်းများဖြင့် ယနေ့လူငယ်**

လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလ ကျောင်းသားလှုပ်ရှားမှုက သန္ဓေတည်ပေးခဲ့သော ခေါင်းဆောင်များ၏ မျိုးချစ်စိတ်၊ အမျိုးသားရေးဇာတိမာန်များနှင့်အတူ ရိုးသားမှု၊ စွန့်လွှတ်မှု စသည့်ခံယူချက်ကောင်းများ ယနေ့ခေတ်ပညာခရီးသည် လူငယ်လူရွယ်များတွင် နမူနာယူ ကိန်းအောင်းစေလိုပါသည်။ တိုင်းပြည်ငြိမ်းချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့ခေါင်းဆောင်များ၏ ကြိုးပမ်းအားထုတ်မှုများနှင့်အတူ အလွှာအားလုံး၏ ပူးပေါင်းပါဝင်မှုကို မဏ္ဍိုင်ပြုနေသည့် ယနေ့ကာလတွင် လုပ်ရသလောက် ရလဒ်ကောင်းပြီး ပါဝင်သမျှအကျိုးရှိဖို့ဆိုလျှင် ပညာဉာဏ်ထက်မြက်သော လူငယ်များ၏ကဏ္ဍသည် အရေးကြီးသည်မှာ ထင်ရှားပါသည်။

ယခုလို ၂၀၁၉-၂၀၂၀ ရာပြည့်ဝန်းကျင်ကာလတွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတာဝန်များကို ဆက်လက်ထမ်းပိုးဆောင်ရွက်နိုင်မည့် အမျိုးသားရေးတာဝန်ရှိသော ခေါင်းဆောင်ကောင်းများအဖြစ် တစ်ထောင့်တစ်နေရာမှ ဆက်ခံနိုင်အောင် ရိုးဖြောင့်မှန်ကန်မှု၊ ပညာဉာဏ်နှင့် မျိုးချစ်စိတ်ဓာတ်များ မိမိတို့၏သန္တာန်တွင် ကိန်းအောင်းမွေးမြူနေရန် လိုအပ်လှပါသည်။ သို့မှသာ တည်ငြိမ်မှုကိုလိုလားသည့် ပြည်သူများ၏ဆန္ဒလည်း ပြည့်မည်ဖြစ်ပြီး ငြိမ်းချမ်းရေးခရီးလည်း ဖြောင့်ဖြူးကာ ဖွံ့ဖြိုးတိုးတက်မှုလည်း မြန်ဆန်လာမည်ဖြစ်သည်။

**ခွဲခြားဆက်ဆံမှုကို လက်မခံမှုက လွတ်လပ်ရေးအတွက် စည်းရုံးရေးလက်နက်**

ကျွန်ပညာရေးဟုခေါ်ဆိုသည့် တက္ကသိုလ်ဥပဒေကို သပိတ်မှောက်ရာတွင် အဓိကဦးတည်တောင်းဆို ကန့်ကွက်ချက်များတွင် ဗြိတိသျှအစိုးရက မြန်မာကျောင်းသားများအပေါ် ခွဲခြားဆက်ဆံမှုများလည်း ပါဝင်ပါသည်။

> **တစ်ဦးအပေါ်တစ်ဦး ကိုယ်ချင်းစာနားလည်ပေးမှု၊ တစ်ဦး၏အခွင့်အရေးကို တစ်ဦးက လေးစားသမှုပြုမှု၊ တစ်ဦးနစ်နာနိုင်မည့်အရေးကို အခြားတစ်ဦးက သတိထားဆင်ခြင်မှု စသည့်အချက်များသည် တစ်ဦးပေါ်တစ်ဦး မေတ္တာနှောင်ကြိုးကို ပိုမိုရစ်တွယ်စေနိုင်ပြီး တိုင်းရင်းသားပြည်သူအားလုံး လွှမ်းခြုံတာဝန်ယူရမည့် အမျိုးသားရေးတာဝန်ကို ပိုမိုအထောက်အကူဖြစ်**

အခွင့်ထူးခံနှင့် အသားအရောင်ခွဲခြားဆက်ဆံမှု၊ ကိုလိုနီပြုသူနှင့် အပြုခံသူ အဖိနှိပ်ခံဘဝများအကြား ခွဲခြားဆက်ဆံမှုများကို မြင်တွေ့ရသည်။ မည်သည့်နေရာတွင်မဆို ခွဲခြားမှု၊ နှိမ့်ချဆက်ဆံမှုသည် တိုးတက်မှုနှင့် ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်သည်။ ဤသည်ကို ကျောင်းသားများက အမျိုးသားရေးကိစ္စတစ်ရပ်အဖြစ် ကန့်ကွက်ခဲ့ကြသည်။

ထိုကဲ့သို့ ခွဲခြားအုပ်ချုပ်မှုကို ဦးတည်သည့် ပရိယာယ်ပါသော ဗြိတိသျှတို့၏ ပညာရေးဥပဒေအပေါ် ခွဲခြားမှုကို လက်မခံသည့် ကျောင်းသားများ၏ ဆန့်ကျင်မှုက တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုကို အခြေခံသည့် လွတ်လပ်ရေးရယူနိုင်မှုအတွက် ကျေးဇူးတင်ရမည့် အချက်တစ်ခုဖြစ်ပါသည်။ ဆိုလိုသည်မှာ ကျောင်းသားများ၏ စိတ်ဓာတ်ခံယူချက်ကောင်းများက အမျိုးသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာမျိုးစေ့ချပေးလိုက်နိုင်ခြင်းဖြစ်သည်။ စင်စစ်အမျိုးသားနေ့ဟူသည် မြန်မာ့သမိုင်းဖြစ်စဉ်များထဲက တစ်ခုဖြစ်သည်။ မြန်မာ့ပညာရေးနှင့်ပတ်သက်၍ သမိုင်းဝင်နေ့ထူးနေ့မြတ်တစ်ခုလည်း ဖြစ်သည်။ အမျိုးသားစည်းလုံးညီညွတ်မှုကို အခိုက်အတန့် ဖော်ကျူးနိုင်ခဲ့သော အမျိုးသားအောင်ပွဲလည်း ဖြစ်သည်။ ထိုအခြင်းအရာများသည်လူမှုရေး၊ ဘာသာရေး အခြေခံဖြင့် ဖွဲ့စည်းခဲ့သော ဝိုင်အမ်ဘီအေအသင်းအဖွဲ့ကြီးက စတင်ခဲ့သည်ကိုလည်း မေ့လျော့၍ မရကောင်းပါ။ လူမှုရေး၊ ဘာသာရေးကိုအခြေခံ၍ အမျိုးသားရေးခံယူချက်များ ပြန့်ပွားလာသည့်နည်းတူ ဗုဒ္ဓသာသနာသည် ပညာရေး၊ လူမှုရေးဝန်းကျင်ကောင်းများကို ဖန်တီးနိုင်ခဲ့သည်။ ဘာသာနှင့် လူမှုရေးလုပ်ငန်းများအကြား အပြန်အလှန်အမှီသဟဲပြုကာ အင်အားကိုဖြစ်စေခဲ့သည်။ နိုင်ငံအနှံ့ လူမှုဝန်ထမ်းလုပ်ငန်းများကို လုပ်ဆောင်နိုင်ခဲ့ကြပြီး ပြည်သူများတွင် ဝံသာနုရက္ခိတများ၊ ပရဟိတစိတ်ဓာတ်များ ထွန်းကားလာခဲ့သည်ကို တွေ့ရှိရသည်။

**လက်ဆင့်ကမ်းအမွေပေးရမည့် အမျိုးသားရေးတာဝန်**

နှစ်စဉ်တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တိုင်း ဦးတည်ချက်ကောင်းများဖြင့် ရည်ရွယ်ကျင်းပသော အမျိုးသားအောင်ပွဲနေ့သည် ယခုနှစ်တွင် (၉၉) နှစ်မြောက်အဖြစ်လည်းကောင်း၊ ရာပြည့်နှစ်ဝန်းကျင်တစ်ခုသို့လည်းကောင်း ရောက်ရှိနေပြီဖြစ်ပါသည်။ အမျိုးသားရေးတာဝန်များဟူသည် နိုင်ငံနှင့် ပြည်သူအားလုံး၏ အမျိုးသားအကျိုးစီးပွားကို ရေးရှုဆောင်ရွက်ရန် တာဝန်ရှိလာလျှင် မမိုတ်မသုန်ခံယူဆောင်ရွက်သွားရမည့် တာဝန်တစ်ရပ်ပင်ဖြစ်သည်။

မိမိနိုင်ငံအတွင်း ရှေးဘိုးဘေးဘီဘင် လက်ထက်မှစ၍ အစဉ်တစိုက် ထိန်းသိန်းစောင့်ရှောက်လာခဲ့သော လွတ်လပ်ရေးနှင့်အတူ ဘာသာတရား၊ ဘာသာစကား၊ စာပေယဉ်ကျေးမှု၊ ဇာတိသွေးဇာတိမာန်၊ စိတ်ဓာတ်၊ ကိုယ့်လူမျိုးတိုင်းရင်းသားအချင်းချင်း ဖေးမကူညီရိုင်းပင်းလိုသည့်စိတ်ဓာတ်၊ လူမျိုးတစ်မျိုး ဘေးအန္တရာယ်ကျရောက်လျှင် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ခြင်း စသည့် စိတ်ဓာတ်များကို နောင်လာနောက်သားများအား လက်ဆင့်ကမ်းအပ်နှင်းနိုင်ရန် အားလုံးတွင် တာဝန်ရှိပါသည်။

၎င်းအချက်များသည် ထမ်းဆောင်ရမည့်၊ အမွေပေးရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ပင် ဖြစ်ပါသည်။ တစ်ဦးအပေါ်တစ်ဦး ကိုယ်ချင်းစာနားလည်ပေးမှု၊ တစ်ဦး၏အခွင့်အရေးကို တစ်ဦးက လေးစားသမှုပြုမှု၊ တစ်ဦးနစ်နာနိုင်မည့်အရေးကို အခြားတစ်ဦးက သတိထားဆင်ခြင်မှု စသည့်အချက်များသည် တစ်ဦးပေါ်တစ်ဦး မေတ္တာနှောင်ကြိုးကို ပိုမိုရစ်တွယ်စေနိုင်ပြီး တိုင်းရင်းသားပြည်သူအားလုံးလွှမ်းခြုံတာဝန်ယူရမည့် အမျိုးသားရေးတာဝန်ကို ပိုမိုအထောက်အကူ ဖြစ်စေပါသည်။

**တိုးတက်ပြောင်းလဲလိုမှုနှင့် သင်ခန်းစာယူနိုင်ဖွယ်ရာများ**

ပြောင်းလဲမှုသည် မိမိတစ်နိုင်ငံတည်းတွင်သာမဟုတ် ကမ္ဘာနှင့်တစ်ဝန်းတွင်လည်း ပြောင်းလဲနေသည်ကို တွေ့ရပါမည်။ ကမ္ဘာ့နိုင်ငံများတွင် အချို့သောပြောင်းလဲမှုသည် တိုးတက်မှုသို့ ဦးတည်နေသော်လည်း ဆုတ်ယုတ်မှုသို့ ရှေးရှုနေသော အချို့သောအပြောင်းအလဲများကိုလည်း သင်ခန်းစာယူဖွယ်ရာ တွေ့နိုင်ပါသည်။

ကမ္ဘာ့ဖြစ်စဉ်ဖြစ်ရပ်အချို့ ပြုပြင်ပြောင်းလဲမှုများတွင် ခံယူကျင့်သုံးမှုမှားယွင်းသော အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားရေးတာဝန်ကင်းမဲ့သော ကမ္ဘာ့လူ့အဖွဲ့အစည်းများတွင် ဆုတ်ယုတ်ပျက်စီးမှု၊ မလိုလားအပ်သော နှောင့်နှေးမှုများကိုသာ တွေ့မြင်ရတတ်ပါသည်။ ယနေ့ မြန်မာလူငယ်အများစုတွင် နိုင်ငံနှင့် နိုင်ငံသားများအတွက် ဖွံ့ဖြိုးတိုးတက်မှု အတွေးအခေါ်များ ဖွံ့ဖြိုးတိုးတက်ဆဲ အနေအထားမှ ရုန်းကန်တိုးထွက်လိုသော စေတနာနှင့် စိတ်ဓာတ်များ ပိုင်ဆိုင်ထားကြသည်မှာ သံသယဖြစ်စရာမလိုပါ။ အမျိုးသားအောင်ပွဲနေ့၏ သမိုင်းဝင်ဂုဏ်ယူမှတ်သားဖွယ်ရာများကို ပြန်လည်အောက်မေ့ သတိရလျက် ကိုလိုနီခေတ်ကျောင်းသားများ၊ ခေါင်းဆောင်များ၊ ရဟန်းသံဃာများ၏ စွန့်လွှတ်အနစ်နာခံမှု၊ ရဲရင့်သတ္တိရှိမှု၊ မိမိအသက်ကိုပင် ပဓာနမထား မြော်တွေးနိုင်မှု စိတ်ဓာတ်နှင့် ခံယူချက်များကိုဆင်ခြင်သုံးသပ် အတုယူနိုင်ကြရန်သာ လိုပါသည်။

သို့ဖြစ်၍ နိုင်ငံ့တာဝန်ကို ပခုံးပြောင်းတာဝန်ယူရမည့် ယနေ့လူငယ်များအနေဖြင့် ခက်ခက်ခဲခဲ ထမ်းဆောင်ရမည့် နိုင်ငံ့အရေး၊ နိုင်ငံ့တာဝန်များကို လွယ်လွယ်ကူကူ အောင်အောင်မြင်မြင် ကျော်ဖြတ်နိုင်ရန် အမျိုးသားနေ့ ဦးတည်ချက်၊ အမျိုးသားနေ့ဆောင်ပုဒ်များနှင့်အညီ တန်ဖိုးကြီးမားသော စိတ်ဓာတ် ခံယူချက်များဖြင့် ပူးပေါင်းပါဝင်နိုင်ကြစေရန် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# မြို့နယ် လေးမြို့နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၉**
မြစ်ငယ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၇ ရက် ညပိုင်းက အမရပူရမြို့နယ် မြစ်ငယ်-ထုံးဘို လမ်းဆုံ ပြင်ဦးလွင်အဆင်းလမ်းတွင် အောင်အောင် (ခ)အောင်ကြီး မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၆၀ သိမ်းဆည်းရမိခဲ့ပြီး အလားတူ ထွန်းလင်းဦး(ခ)နိုးနိုး မောင်းနှင်ပြီး ဝေယံဗိုလ် (ခ)ပြည့်စုံနှင့် မသန့်တို့ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၀၀၊ ငွေကျပ် ၈၇၀၀၀ နှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ နိုဝင်ဘာ ၁၈ ရက် ည ၁၁ နာရီက ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၀၅) ရပ်ကွက် မြနန္ဒာလမ်းတွင် တွေ့ရှိသူ မြင့်ကိုကို ဦးနှင့် မင်းသိန်းချစ်တို့ နှစ်ဦးအားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ယနေ့ နံနက်ပိုင်းတွင် အမှတ်(၁၀၅)ရပ်ကွက် မင်းရဲကောင်းပုံလမ်း အမှတ်(၆၉၈)နေ ဖြိုးမင်း၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းက တပ်မတော်မှ လဲချားမြို့နယ် လဲချား-မိုင်းနောင်သွားကားလမ်း စလိုင်းခုံကျေးရွာ အနီးတွင် ဆာလိန် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၂၀ ကို လည်းကောင်း၊ ထို့အတူ နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက မူးယစ်တပ်ဖွဲ့စု (၂၄)လားရှိုးနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့စု (၁၂၁)လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် လားရှိုးမြို့ရှောင်လမ်းမကြီး မိုင်တိုင်(၄/၅)နှင့်(၄/၆)ကြားတွင် Crown အမျိုးအစား မော်တော်ယာဉ်သည် လမ်း၏ ယာဘက်မြောင်းအတွင်း ထိုးကျတိမ်းမှောက်လျက်ရှိကြောင်းတွေ့ရှိ၍ ရှာဖွေရာ ဘိန်းဖြူ ၂ ဒသမ ၁၆၇ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



**ရဲပြန်ကြား**

## တိုင်းဒေသကြီး၊ ပြည်နယ် သုံးခုအတွင်း တရားမဝင် သစ် ၈၇ တန်ကျော် သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၉**
ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ နိုဝင်ဘာ ၁၅ ရက်မှ ၁၆ ရက်အထိ သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ တပ်မတော်သားများ ပါဝင်သော ပူးပေါင်းအဖွဲ့က တရားမဝင်သစ်များ ဖမ်းဆီးလျက်ရှိသည်။

ထိုသို့ဖမ်းဆီးရာတွင် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် လက်ပံကျေးရွာ၏ အရှေ့တောင်ဘက်နှင့် ကန်သာယာကျေးရွာ၏ အနောက်တောင်ဘက် ဝန်းကျင်တို့မှ တရားမဝင် ပျဉ်းကတိုး၊ သစ်ရာ၊ သန်း၊ ကုက္ကို၊ လက်ပံ၊ ပိတောက်၊ ထောက်ကြံ့၊ နှောခွဲသား ၆ ဒသမ ၃၃၅၆ တန်၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ပန်းပဲ တိုးချဲ့ကြိုးဝိုင်းအတွင်းမှ တရားမဝင် ရုံး၊ ဖန်ခါး၊ ချဉ်ယုတ်၊ လယ်ဇသစ် ၉ ဒသမ ၈၃၆ တန်နှင့် Jangdong အင်ဂျင်တစ်လုံးပါ တရားမဝင်သစ်စက်နှင့် ဆက်စပ်ပစ္စည်းများ၊ ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် ကျောက်ကြီး ချောင်းတောင်ကြောအတွင်း တရားမဝင် တောင်သရက် ၇၉ ဒသမ ၄၃၄ တန်နှင့် တောင်သရက်ခွဲသား ၈ ဒသမ ၀၉၀၃ တန် စုစုပေါင်း ၈၇ ဒသမ ၅၂၄၃ တန်တို့အား ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်ပတ်သက်သော ပြစ်မှုကျူးလွန်သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။



**ညီညီသန်း (နေပြည်တော်)**

## ဒဏ်ရာများဖြင့် ဆေးရုံတက်ရောက်ဆေးကုသခံယူစဉ် သေဆုံးသွားသဖြင့် ပုဒ်မပြောင်းလဲအရေးယူ

**ရန်ကုန် နိုဝင်ဘာ ၁၉**
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၂၉ ရပ်ကွက် ပင်လုံလမ်းနှင့် အနော်ရထာလမ်းထောင့်တွင် နိုဝင်ဘာ ၁၁ ရက်က တင်မောင်ဌေး ၂၉ ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နေသူသည် ဝမ်းဗိုက်ထိုးသွင်းဒဏ်ရာများနှင့် လဲကျနေသည်ကို တွေ့ရှိရသောကြောင့် မြောက်ဥက္ကလာပဆေးရုံကြီးသို့ ရဲဆေးစာနှင့်အတူ ပို့အပ်၍ အတွင်းလူနာ(စိုးရိမ်ရ)ဖြင့် ကုသမှုခံယူလျက်ရှိပြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၂ ရက် ညနေ ၅ နာရီ မိနစ် ၂၀ တွင် အမှုမှ ပြစ်မှုကျူးလွန်သူ ဖိုးလုံး (ခ) ဝေဇေရန်ထွန်း ၁၄ ရပ်ကွက် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နေသူအား အခင်းဖြစ်ပွားစဉ် အသုံးပြုခဲ့သော အရိုးအသွား ၁၉ လက်မရှိ ဓားဦးချွန်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါအမှုမှ ဒဏ်ရာရရှိသူ တင်မောင်ဌေး သည် နိုဝင်ဘာ ၁၇ ရက်တွင် ရရှိထားသောဒဏ်ရာများဖြင့် မြောက်ဥက္ကလာပဆေးရုံကြီး၌ သေဆုံးသွားသဖြင့် အမှုမှ ပြစ်မှုကျူးလွန်သူအား ရာဇသတ်ကြီးပုဒ်မ- ၃၀၂ သို့ ပြောင်းလဲအရေးယူစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကြေးမုံ**

## လှိုင်သာယာမြို့နယ်၌ ဟီးနိုးယာဉ်နှင့်ဆိုင်ကယ်တိုက်မိ၊ တစ်ဦးသေ


**နေပြည်တော် နိုဝင်ဘာ ၁၉**
ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အနော်ရထာလမ်းဆုံတွင် နိုဝင်ဘာ ၁၈ ရက် ည ၈ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ မန္တလေးလမ်းအတိုင်း အရှေ့မှ အနောက်သို့ လှိုင်သာယာမြို့နယ် ကုလားကြီးစုကျေးရွာနေ ရာဇာသက်မောင်းနှင်လာသော ဆိုင်ကယ်သည် အခင်းဖြစ်နေရာအရောက် အနော်ရထာလမ်းအတိုင်း တောင်မှမြောက်သို့ ထန်းတပင်မြို့နယ် ရခိုင်ရိုးကြီးကျေးရွာနေ ဇော်မင်းအောင် မောင်းနှင်လာသော ဟီးနိုးယာဉ်အား ဝင်တိုက်မိပြီး ရာဇာသက်မှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သောကြောင့် ရာဇာသက်အား သောင်ကြီးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## ပင်လောင်းနှင့် ဆီဆိုင်မြို့နယ်တို့၌ ဘိန်းစိုက်ခင်း ၄၆ ဧက ဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၁၉**
ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၈ ရက်က တောင်ကလေးကျေးရွာ၏ အနောက်မြောက်ဘက် သုံးမိုင်ခန့်အကွာ၌ အမြင့် နှစ်ပေခန့်ရှိ သီးပွင့်ဆဲ ဘိန်းခင်း ၃၄ ဧကခန့်နှင့် ဆီဆိုင်မြို့နယ် ဒုံပင်ညိုကျေးရွာ၏ တောင်ဘက် တစ်မိုင်ခန့်အကွာ၌ အမြင့် နှစ်ပေခန့်ရှိ သီးပွင့်ဆဲ ဘိန်းခင်း ၁၂ ဧကခန့် စုစုပေါင်း ၄၆ ဧကခန့်အား ဖျက်ဆီးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**



## ပျော်ဘွယ်မြို့နယ်တွင် ဆိုင်ကယ်မှ လမ်းဘေးအုတ်ခုံ ဝင်တိုက် ဆိုင်ကယ်မောင်းသူ သေဆုံး

**နေပြည်တော် နိုဝင်ဘာ ၁၉**
မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျူတောဝကျေးရွာအနီး ပျော်ဘွယ်ဘုရားငါးဆူသွားကားလမ်းမိုင်တိုင် (၁/၃-၄)ကြားတွင် နိုဝင်ဘာ ၁၈ ရက် ည ၇ နာရီက ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ပျော်ဘွယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ပျော်ဘွယ်မှ ဘုရားငါးဆူသို့ မိုးကောင်းကျေးရွာနေ ရန်ကျော် မောင်းနှင်လာသော ဆိုင်ကယ်သည် အခင်းဖြစ်နေရာအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ရှိ အုတ်ခုံအား ဝင်တိုက်မိပြီး ရန်ကျော်မှာ ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သောကြောင့် ၎င်းအား ပျော်ဘွယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## နမ္မတီးမြို့၌ ယာဉ်တစ်စီး ဆက်သွယ်ရေးတိုင်အား တိုက်မိ

**နမ္မတီး နိုဝင်ဘာ ၁၉**
ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မတီးမြို့၌ နိုဝင်ဘာ ၁၈ ရက် ညပိုင်းက ယာဉ်တစ်စီး လမ်းဘေး ဆက်သွယ်ရေးဖုန်းတိုင်အား ဝင်တိုက်မိပြီး တိမ်းမှောက်၍ အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၈ ရက် ည ၁၁ နာရီခွဲက မိုးကောင်းမြို့နယ် နမ္မတီးမြို့ မြို့လယ်လမ်းအတိုင်း မြို့သာယာရပ်ကွက် သိကြားစက်ဝင်းနေ လဆန် မောင်းနှင်ပြီး ထွန်းဝေ စီးနင်းလိုက်ပါလာသည့် ယာဉ်သည် မြို့မရပ်ကွက် ဥတ္တရာရာမ ဘုန်းတော်ကြီးကျောင်းရှေ့ရှိ ဆက်သွယ်ရေးဖုန်းတိုင်အား အရှိန်လွန်ကာ တိုက်မိခဲ့၍ ယာဉ်တိမ်းမှောက်ပြီး စီးနင်းလိုက်ပါလာသူ ဦးထွန်းဝေတွင် ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့ကာ နမ္မတီးတိုက်နယ်ဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ထားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ လဆန်အား နမ္မတီးနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## မိုးကောင်း၌ ဆိုင်ကယ်ဖြင့် လမ်းဘေးဆိုင်းဘုတ်ဝင်တိုက်မိ အမျိုးသားတစ်ဦး သေဆုံး

**မိုးကောင်း နိုဝင်ဘာ ၁၉**
ကချင်ပြည်နယ် မိုးကောင်းမြို့၌ နိုဝင်ဘာ ၁၈ ရက် ညနေပိုင်းက ဆိုင်ကယ်ဖြင့် လမ်းဘေးဆိုင်းဘုတ် ဝင်တိုက်မိ၍ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၈ ရက် ညနေ ၅ နာရီခန့်က မိုးကောင်းမြို့ နတ်ကြီးကုန်းရပ်ကွက် လယ်ပြင်စုနေ ဆိုင်းအောင်သည် နတ်ကြီးကုန်းရပ်ကွက်မှ နဝဒေးလမ်းမကြီးအတိုင်း ဈေးကုန်းရပ်ကွက်ဘက်သို့ ဆိုင်ကယ်ဖြင့် မောင်းနှင်လာစဉ် လမ်း၏ ယာဘက်ဘေးတွင်စိုက်ထူထားသည့် ကြော်ငြာဆိုင်းဘုတ်တိုင်အား ဝင်တိုက်မိပြီး မိုးကောင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစဉ် ရရှိသည့်ဒဏ်ရာကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

Sales & Marketing Jobs

VAC® VALUE ADDED CONSULTANCY
မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း

Sales Representative (FMCG) - 50 Posts

Salary : 300,000 ++ Job Ref No: 22P325

Visit to ....... www.vacjobsearch.com

Email : cv@vacjobsearch.com Hotline : 01-8395922

.... See More Job Details

# ဆေးလိပ်နှင့်ဆေးရွက်ကြီး ထိန်းချုပ်ရေးမူဝါဒ၊ မဟာဗျူဟာနှင့်ဥပဒေပေါ်ပေါက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၉**
ဆေးလိပ်နှင့် ဆေးရွက်ကြီး ထိန်းချုပ်ရေးမူဝါဒ၊ မဟာဗျူဟာနှင့်ဥပဒေပေါ်ပေါက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက ဆေးလိပ်နှင့်ဆေးရွက်ကြီး သုံးစွဲမှုကြောင့် ကျန်းမာရေးထိခိုက်ခြင်းအပါအဝင် ကဏ္ဍအသီးသီးတွင် ထိခိုက်ဆုံးရှုံးမှုများသည် မြန်မာနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားနေသောကြောင့် ဆေးလိပ်နှင့်ဆေးရွက်ကြီး ထိန်းချုပ်ရေးမူဝါဒ၊ မဟာဗျူဟာနှင့်ထိရောက်သောဥပဒေပေါ်ပေါက်ရေးကိစ္စရပ်များသည် အလွန်အရေးကြီးပါကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ကျန်းမာရေးကဏ္ဍမှ ပညာရှင်များ၊ နီးနွယ်ဆက်စပ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှတာဝန်ရှိသူများနှင့် ပညာရှင်များအနေဖြင့် မိမိတို့နိုင်ငံ၏ အခြေအနေအရပ်ရပ်နှင့်ကိုက်ညီ၍ လက်တွေ့ဆောင်ရွက်နိုင်ကာ ရေရှည်ကာလအတွက်ပါ ထည့်သွင်းစဉ်းစားသည့် မူဝါဒ၊မဟာဗျူဟာနှင့်ဥပဒေများကို ရေးဆွဲချမှတ်သွားရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့်ဆေးရွက်ကြီး ထိန်းချုပ်ရေးလုပ်ငန်းများကို နီးနွယ်ဌာနနှင့် အဖွဲ့အစည်းများက လက်ရှိဆောင်ရွက်နေမှုအခြေအနေနှင့် အကျိုးထိရောက်မှု အခြေအနေများကို စောင့်ကြည့်ဆန်းစစ်၍ ပိုမိုအားဖြည့်ဆောင်ရွက်သွားနိုင်မည့် မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များ ထည့်သွင်းချမှတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စာရင်းဇယားအချက်အလက်များအရ တစ်ကမ္ဘာလုံးတွင် နှစ်စဉ်လူဦးရေ ရှစ်သန်းနှင့်မြန်မာနိုင်ငံတွင် နှစ်စဉ်လူဦးရေ ၆၄၀၀၀ ခန့်သည် ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုကြောင့် အရွယ်မတိုင်မီ သေဆုံးမှုများဖြစ်ပွားနေပါကြောင်း။

မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့်ဆေးရွက်ကြီး ထိန်းချုပ်မှုလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်းမရှိပါက နောင်ငါးနှစ်တာကာလခန့်အတွင်းမှာပင် ထိန်းချုပ်ရန် အလွန်ခက်ခဲသော ပြည်သူ့ကျန်းမာရေး ပြဿနာကြီး ဖြစ်လာမည်ဖြစ်ပြီး နိုင်ငံတော်၏ ကျန်းမာရေး၊ စီးပွားရေး အပါအဝင် ကဏ္ဍပေါင်းစုံတွင် ထိခိုက်ဆုံးရှုံးမှုကြီးများ ဖြစ်လာမည်ဖြစ်ပါကြောင်း။

အထူးအရေးကြီးသည်မှာ လူငယ်လူရွယ်များ ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲမှုအလေ့အထ မရရှိသွားစေရန်အတွက် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေ(၂၀၁၆) တွင် ပါရှိသည့်အတိုင်း အသက် (၁၈)နှစ်အောက်ကလေးများကို ဆေးလိပ်နှင့်ဆေးရွက်ကြီး မရောင်းချရန်နှင့် ရောင်းချပါက ထိရောက်စွာအရေးယူသွားနိုင်ရန် ဖြစ်ကြောင်းနှင့် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ယခု အလုပ်ရုံဆွေးနွေးပွဲတွင် ဆေးလိပ်နှင့်ဆေးရွက်ကြီး ထိန်းချုပ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို တိကျစွာချမှတ် ဆောင်ရွက်သွားစေလိုပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်းနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အရေးကြီးပြီး ၎င်းတို့ပါဝင်ဆောင်ရွက်ရန် မူဘောင်များကိုလည်း ထည့်သွင်းချမှတ် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဆေးလိပ်နှင့်ဆေးရွက်ကြီး ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်မှုများ ရရှိစေရန်အားလုံး လက်တွဲညီညာစွာဖြင့် ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆေးရွက်ကြီး ထိန်းချုပ်ရေးမူဘောင် သဘောတူညီချက်အဖွဲ့ (WHO FCTC) မှ Technical officer ဖြစ်သူ Mr. Rodrigo Santos က နှုတ်ခွန်းဆက်စကားပြောကြားသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မကွေး) အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၉**
လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မကွေး) အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မကွေး) ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မကွေး)ကို ဒီဇင်ဘာ ၁၄၊ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီခွဲအထိ မကွေး တက္ကသိုလ်ဝင်းအတွင်း ကျင်းပရန် စီစဉ်ထားပါကြောင်း၊ မကွေးမြို့ဝန်းကျင်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သင်တန်းကျောင်းများမှ လူငယ်၊ ကျောင်းသားကျောင်းသူများ၊ ရပ်ကွက်၊ မြို့နယ်၊ ခရိုင်အသီးသီးမှ လူငယ်များဖြင့် စည်စည် ကားကား ကျင်းပရန် စီစဉ်ထားပါကြောင်း။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မကွေး)အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဒုတိယဥက္ကဋ္ဌ (၁)၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒုတိယဥက္ကဋ္ဌ(၂)၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးက အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင် ၁၇ ဦး ပါဝင်သည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မကွေး)ကျင်းပရေးဦးစီးကော်မတီကို နိုင်ငံတော်သမ္မတရုံးက ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ဖွဲ့စည်းပေးခဲ့ပါကြောင်း။

ထို့အတူ အောက်တိုဘာ ၃၁ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပူးတွဲဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး အဖွဲ့ဝင်အဖြစ်ပါဝင်သည့် ၁၈ ဦးပါ လုပ်ငန်းကော်မတီကိုလည်း ဖွဲ့စည်းခဲ့ပါကြောင်း၊ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ဆပ်ကော်မတီ ၁၃ ခုကို ဖွဲ့စည်းရန် သက်ဆိုင်ရာဝန်ကြီးဌာနများကိုအကြောင်းကြားထားပြီး သက်ဆိုင်ရာကဏ္ဍများတွင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် အတွင်းရေးမှူးများအဖွဲ့ကိုလည်း ဖွဲ့စည်းထားပြီး ဖြစ်ပါကြောင်း။

အောက်တိုဘာ ၁၇ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပခဲ့သည့် အကြိုညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များကို ဖြန့်ဝေထားပြီး လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မကွေး) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မကွေး) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြေပြင်ကွင်းဆင်းမှုများ ဆောင်ရွက်နေပြီး ကော်မတီများဖွဲ့စည်းကာ တာဝန်ခွဲဝေဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မကွေး) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အနုပညာဆိုင်ရာလှုပ်ရှားမှုဆပ်ကော်မတီ၊ အိုင်တီနည်းပညာဆိုင်ရာ လှုပ်ရှားမှုဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၊ ပြပွဲပြိုင်ပွဲများကျင်းပရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ အားကစားဆိုင်ရာလှုပ်ရှားမှု ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ ပြန်ကြားရေးနှင့်မှတ်တမ်းတင်ရေး ဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ကဏ္ဍအလိုက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်း တင်ပြကြသည်။

တင်ပြချက်များအပေါ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။

"ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ လူငယ်ပွဲတော်နဲ့ပျော်စို့" ဟူသည့် ဆောင်ပုဒ်နှင့်အညီ မြန်မာလူငယ်များ၏ အသိပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုး အပါအဝင် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဗလငါးတန်မြှင့်တင်ပေးနိုင်ရေးနှင့် အနာဂတ်မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် တည်ဆောက်အကောင်အထည်ဖော်ရေး ရည်ရွယ်ချက်များဖြင့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မကွေး) ကို မကွေးတက္ကသိုလ်၌ ဒီဇင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ပွဲတော်တွင် စာပေစကားဝိုင်း၊ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲများ၊ စကားရည်လုပွဲများ၊ ဆွေးနွေးပွဲများစသည့် စာပေဆိုင်ရာလှုပ်ရှားမှုများ၊ အနုပညာ၊ အားကစားနှင့် အိုင်တီနည်းပညာဆိုင်ရာ လှုပ်ရှားမှုများ၊ ပညာပေးနှင့် ဖျော်ဖြေရေးအစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ တွေ့ဆုံဆွေးနွေး



**စစ်တွေ နိုဝင်ဘာ ၁၉**
စစ်တွေမြို့၌ရောက်ရှိနေသည့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener တို့ဦးဆောင်သည့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသန်း၊ ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်၊ အစိုးရအဖွဲ့တာဝန်ရှိသူများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်က ငါးကြိမ်မြောက် ရခိုင်ပြည်နယ်ခရီးစဉ်နှင့်ပတ်သက်၍ ရခိုင်ပြည်နယ် အစိုးရ၏ ကူညီဆောင်ရွက်ပေးမှုများအပေါ် ကျေးဇူးတင်စကားပြောကြားပြီး မောင်တောခရီးစဉ်တွင် တွေ့ဆုံခဲ့သည့် တစ်ဖက်နိုင်ငံမှ မိမိတို့သဘောဆန္ဒအလျှောက် ပြန်လည်ဝင်ရောက်လာသော နေရပ်စွန့်ခွာသူများတင်ပြကြသည့် အခြေအနေအကြောင်းအရာများ၊ တိုက်ပွဲကြောင့် ထိခိုက်မှုလျော့ကျစေရေးအပါအဝင် တိုက်ပွဲရှောင်ပြည်သူများကိစ္စ၊ နယ်မြေတည်ငြိမ်မှုရှိစေရေး၊ တိုက်ပွဲရှောင်ပြည်သူများထံ UN အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပိုမိုဆောင်ရွက်ပေးနိုင်စေရေး၊ မကြာမီကျင်းပမည့် ၂၀၂၀ ရွေးကောက်ပွဲအတွက် ပြည်နယ်အစိုးရ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြပြီး အထူးကိုယ်စားလှယ်က ၎င်းအနေဖြင့် ယမန်နေ့က မောင်တောခရီးစဉ်တွင် တွေ့ရှိခဲ့သည့် အစိုးရ၏ ဆောင်ရွက်ထားရှိမှုများနှင့် ဖြစ်ပေါ်တိုးတက်မှုအခြေအနေ အကြောင်းအရာများကို မိမိတို့၏ဌာနချုပ်သို့ သတင်းစကားပေးပို့ခဲ့ကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် အထူးကိုယ်စားလှယ်တို့ ဦးဆောင်သည့်အဖွဲ့သည် ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသန်း၊ ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူတို့နှင့်အတူ အမြန်ရေယာဉ်ဖြင့် စစ်တွေမြို့မှ ပေါက်တောမြို့နယ် ဆင်တက်မော် IDP Camp သို့သွားရောက်ပြီး Camp အတွင်းနေထိုင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် အထူးကိုယ်စားလှယ်က Camp အတွင်း နေထိုင်ကြသူများအား ၎င်းတို့၏လက်ရှိစားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ထောက်ပံ့ဆောင်ရွက်ပေးမှု အခြေအနေများ၊ လတ်တလော ကြုံတွေ့နေရသည့် အခက်အခဲများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် ကိုယ်စားလှယ်အဖွဲ့သည် စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိပြီး ညနေပိုင်းတွင် စစ်တွေမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဇင်ဦး(မြန်မာ့အလင်း)**

## (၉၉)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြို အထိမ်းအမှတ် အခမ်းအနားများ ကျင်းပ

**ပူတာအို**

(၉၉)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အကြို အလယ်တန်းအဆင့် စာစီစာကုံး၊ မူလတန်းအဆင့်ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက ပူတာအိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် "အမျိုးသားနေ့ ဒို့မမေ့ "ခေါင်းစဉ်ဖြင့် ကျောင်းသူ ကျောင်းသား ၂၀၊ မူလတန်းအဆင့် စိတ်ကြိုက်ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ကျောင်းသူ ကျောင်းသား ၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

**မန္တလေး**

(၉၉)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြို ကဗျာရွတ်ဆိုပြိုင်ပွဲကို နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၂၁) အခြေခံပညာမူလတန်းကျောင်း ခန်းမဆောင်၌ ကျင်းပသည်။

KG တန်းမှစ၍ စတုတ္ထတန်း ကျောင်းသား ကျောင်းသူ ၃၀ ကျော်တို့က အမျိုးသားအောင်ပွဲနေ့နှင့် သက်ဆိုင်သောကဗျာကို ရွတ်ဆိုပြိုင်ပွဲဝင်ကြပြီး ဆုရရှိသူများအား တာဝန်ခံကျောင်းအုပ်ဆရာကြီး ဦးမျိုးသန့်သိုက်က ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **စိုးဝင်းမိုလ် (အရာတော်)**

**နတ်မောက်**

(၉၉)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများကို နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီက နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

အထက်တန်းဆင့် စာစီစာကုံးပြိုင်ပွဲတွင် ရှစ်ဦး၊ အလယ်တန်းဆင့်တွင် ၁၀ ဦး၊ မူလတန်းအဆင့်တွင် ၁၂ ဦးဖြစ်ပြီး ကဗျာပြိုင်ပွဲတွင် အထက်တန်းဆင့် ခြောက်ဦးနှင့် အလယ်တန်းဆင့်ခုနစ်ဦးတို့ရှိကြသည်။ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၃ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

**လှဝင်း(နတ်မောက်)**

**ကျောက်ထု**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် (၉၉)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြို စာစီစာကုံးပြိုင်ပွဲကို နိုဝင်ဘာ ၁၆ ရက် နံနက် ၈ နာရီတွင် ကျင်းပရာ အလယ်တန်းဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀ ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား အမျိုးသားအောင်ပွဲနေ့တွင် ဆုများ ချီးမြှင့်ပေးသွားမည်ဟု သိရသည်။

**စိန်ကျော်**

**ရန်ကုန်**

ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဦးစီးဌာနနှင့် အင်းစိန်မြို့နယ် စာပေဥယျာဉ် Book Club အသင်းတို့ ပူးပေါင်း၍ ၂၀၁၉ ခုနှစ် (၉၉)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြိုစာပေပြိုင်ပွဲနှင့် စာပေဟောပြောပွဲကို အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၈ ရက်က ကျင်းပခဲ့သည်။

စာပေပြိုင်ပွဲတွင် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အမျိုးဂုဏ် ဇာတိဂုဏ်မြှင့်မားရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ လွတ်လပ်ရေးကြီး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးခေါင်းစဉ်များဖြင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၀၀ ခန့်က အမျိုးသားအောင်ပွဲနေ့နှင့် စပ်လျဉ်းသော စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြသည်။ **မျိုးမင်းသိန်း**

**ညောင်ရွှေ**

(၉၉)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြို ဟောပြောပွဲကို နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီခွဲက ညောင်ရွှေမြို့ အမက(တောင်ခြေ)၌ ကျင်းပသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေမျိုးသူရိန်က အမျိုးသားအောင်ပွဲနေ့ပေါ်ပေါက်လာပုံနှင့် (၉၉)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များကို ပြောပြသည်။ **မြို့နယ်(ပြန်/ဆက်)**

**ဝေါလေမြိုင်**

ကရင်ပြည်နယ် ဝေါလေမြိုင်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်းတွင် (၉၉)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စိတ်ကြိုက်ပန်းချီပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို နိုဝင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ပြိုင်ပွဲတွင် အမက(ဝေါလေ)ကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး ဆုရရှိသူများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့ဦးစီးမှူး ဒေါ်နှင်းဝေဦးက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**နိုင်မျိုးသင်း(ပြန်/ဆက်)**

## ဆေးလိပ်ငွေ့ကင်းစင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး အသိပေးရှင်းလင်း



**ထားဝယ် နိုဝင်ဘာ ၁၉**

တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆေးလိပ်ငွေ့ကင်းစင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း အသိပေးရှင်းလင်းခြင်းနှင့် သင်တန်းကို နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က ယနေ့မြန်မာနိုင်ငံတွင် ဆေးလိပ်သောက်ခြင်းနှင့် ကွမ်းယာကို နေ့စဉ်အဆက်မပြတ်သုံးစွဲခြင်းတို့မှာ တိုးတက်များပြားလာနေတာကိုလည်း သတိပြုမိကြမည်ဖြစ်ကြောင်း၊ ပြည်သူလူထုထံသို့ အသိပညာဖြန့်ဝေပေးရန်နှင့် ဆေးလိပ်ငွေ့ကင်းစင်သော ပတ်ဝန်းကျင်ကို တည်ဆောက်ရန် အရေးသည် အဓိကကျကြောင်း၊ "နောင်တမရအောင် ဆေးလိပ်၊ ကွမ်းယာကိုရှောင် "ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အနိုင်ယူသွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာထွန်းမင်းက ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးခြင်းမှ ရှောင်ကြဉ်စေရန်၊ ဆေးလိပ်ငွေ့ကင်းစင်သည့် ပတ်ဝန်းကျင်ကို ဖန်တီးခြင်းဖြင့် အများပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်စေသည့် အန္တရာယ်မှ ကာကွယ်ရန် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာချိုချိုဝေက ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ထားဝယ်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန် (ဆေးပညာ) ဒေါက်တာခင်စိုးနွယ်က ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကာ တက်ရောက်လာကြသူများနှင့် အုပ်စုများဖွဲ့၍ ဆွေးနွေးခဲ့ကြသည်။

**ထားဝယ်ခရိုင် (ပြန်/ဆက်)**




## လူငယ်စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၉**

မျိုးဆက်သစ် စားပွဲတင်တင်းနစ်ကစားသမားလူငယ်များ ပေါ်ထွက်လာရေးအတွက် နိုဝင်ဘာ ၁၇ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ကျွန်းတောလမ်းရှိ Time City Jewellery Mall ၌ Royal–D Future Star Cup 2019 ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပရာ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။

ပြိုင်ပွဲကို မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်နှင့် Wow Sports တို့က ပူးပေါင်းကာ (၃) ကြိမ်မြောက်ကျင်းပခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲတွင်အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) မှ ကစားသမားများ၊ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်နှင့် စားပွဲတင်တင်းနစ်ကလပ်အသီးသီးမှ အသက် (၁၂၊ ၁၅၊ ၁၈)နှစ်အောက် အတန်းသုံးတန်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **မြင့်မောင်**

## ဆင်းရဲမွဲတေမှုနှင့် ပညာရေးဆိုင်ရာအသိပညာပေး ဆွေးနွေး

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် ပညာရေးမြှင့်တင်ခြင်းလုပ်ငန်းစဉ်များ အသိပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲက ပြည်တော်သာရပ်ကွက်ရှိ ထူးမြတ်ချမ်းသာဟိုတယ်တွင် ကျင်းပသည်။

ဆွေးနွေးပွဲပြုလုပ်ခြင်းနှင့်ပတ်သက်၍ တိုင်းဒေသကြီး လူငယ်ကွန်ရက်အဖွဲ့ ဥက္ကဋ္ဌ ကိုဝေလွင်ဦးက ရှင်းလင်းပြောကြား၍ ဖျော်ဖြေရေးအစီအစဉ်များ၊ ဆင်းရဲမှုလျှော့ချရေးနှင့် ပညာရေးမြှင့်တင်မှုဆိုင်ရာများ ဝိုင်းဖွဲ့ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## ကမ္ဘာ့ကလေးများနေ့အကြို လှုပ်ရှားမှုအခမ်းအနား နေပြည်တော်အဆင့် ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၉**

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှစ်(၃၀)ပြည့် အထိမ်းအမှတ်အဖြစ် ကမ္ဘာ့ကလေးများနေ့အကြိုလှုပ်ရှားမှု(နေပြည်တော်အဆင့်) အခမ်းအနားကို နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီက နေပြည်တော် ရာဇဌာနီလမ်းမကြီးရှိ မင်္ဂလာဗျူဟာသာသနာ့ဗိမာန်တွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥက္ကဋ္ဌကိုယ်စား နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က အဖွင့်အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းလက်အောက်ရှိ ဌာနပိုင် မူလတန်းကြိုကျောင်းလေးကျောင်းမှ ရင်သွေးငယ်များက အကပဒေသာဖြင့် ဖျော်ဖြေတင်ဆက်ကြကာ မှတ်တမ်းဓာတ်ပုံရိုက်ကြပြီး ပထမပိုင်းအစီအစဉ်ကို ခေတ္တရပ်နားသည်။ ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒေါက်တာအေးခိုင်ဇာလတ်က သွက်လက် ချက်ချာဉာဏ်ကောင်းဖို့ ကောင်းမွန်သောအာဟာရစားကြစို့ ခေါင်းစဉ်ဖြင့် ဟောပြောကာ ရင်သွေးငယ်များက အကပဒေသာဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ ဂိမ်းကစားခြင်းများဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ လှုပ်ရှားမှုအခမ်းအနားသို့လူမှုဝန်ထမ်းဦးစီးဌာနက အသိအမှတ်ပြုဖွင့်လှစ်ထားသော နေပြည်တော် ကောင်စီနယ်မြေ ရှစ်မြို့နယ်ရှိ မူကြိုကျောင်းများမှ ရင်သွေးငယ် ၄၀၀ နှင့် ယင်းတို့၏ မိဘများ၊ အစိုးရမဟုတ်သော NGO အဖွဲ့အစည်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်း – ကိုကိုရှုပ(နေပြည်တော်)၊ ဓာတ်ပုံ – ခိုင်ဇင်ဝင်း (နေပြည်တော်)**



## ပြည်မြို့တွင် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဥပဒေဆိုင်ရာအထောက်အကူပေးရေး လုပ်ငန်းဆောင်ရွက်မှုနည်းလမ်းများ ရှင်းလင်း

**ပြည် နိုဝင်ဘာ ၁၉**

ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဥပဒေဆိုင်ရာအထောက်အကူပေးရေး လုပ်ငန်းဆောင်ရွက်မှု နည်းလမ်းများရှင်းလင်းပွဲနှင့် တွေ့ဆုံပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီးပြည်မြို့ ဗိုလ်ချုပ်လမ်းရှိ သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းမြင့်က တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်ဇော်က ဥပဒေအထောက်အကူဆိုသည်မှာ ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံခွင့်ရှိသူများအား ဥပဒေနှင့်အညီ ရှေ့နေငှားရမ်းပေးခြင်း၊ ဥပဒေဆိုင်ရာအသိပညာပေးခြင်း၊ အကူအညီပေးခြင်း၊ သတင်းအချက်အလက်များ ပေးခြင်းတို့ဖြစ်ကြောင်းနှင့် ဥပဒေဆိုင်ရာအထောက်အကူပေးရေး လုပ်ငန်းစဉ်များအကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အလိုက်ရှိ ဥပဒေအထောက်အကူပေးရေးအဖွဲ့တို့အား သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများ အနေဖြင့်လည်း ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အား ပြည်ခရိုင်ခြောက်မြို့နယ်မှ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များက သိရှိလိုသည်များကိုမေးမြန်းဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့မှ တာဝန်ရှိသူများက မေးမြန်းဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

# မန္တလေးမဟာမုနိဘုရားတွင် ပန်းစေတီနှင့် သာသနာ့အလံပန်းခင်းများ ဆက်ကပ်ပူဇော်

**မန္တလေး နိုဝင်ဘာ ၁၉**

မန္တလေးမြို့ မဟာမုနိဘုရား ရင်ပြင်တော်တွင် ပန်းပေါင်းစုံဖြင့် စီခြယ်ပုံဖော်ထားသည့် ပန်းစေတီနှင့် သာသနာ့အလံ ပန်းခင်းများ ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို နိုဝင်ဘာ ၁၇ ရက် ညနေ ၄ နာရီက စတင်ကျင်းပသည်။

အဆိုပါပန်းစေတီနှင့် သာသနာ့အလံပန်းခင်းများ ဆက်ကပ်ပူဇော်ပွဲကို Strategy First University Buddhist Association နှင့် ပန်းကလေးများအဖွဲ့တို့က ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး ပန်းပွင့်ပေါင်း ၁၀ သိန်းဝန်းကျင်ဖြင့် စီခြယ်ပုံဖော်ထားသည့် သာသနာ့အလံတော် ပဋ္ဌာန်းစက်ဝိုင်း၊ မဂ္ဂင်ရှစ်ပါးစက်ဝိုင်းနှင့် ပန်းစေတီတော်များကို နိုဝင်ဘာ ၁၇ ရက် ညနေပိုင်းမှစတင်ပြင်ဆင် ဆက်ကပ်ကာ နိုဝင်ဘာ ၁၈ ရက်အထိ လှူဒါန်းပူဇော်ထားသည့်အပြင် ဆီမီး ၁၁၀၀၀ ပူဇော်ခြင်းများနှင့် ပဋ္ဌာန်းရွတ်ဆိုပူဇော်ခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။

"ကျွန်မတို့ ကျောင်းက တာဝန်ရှိသူတွေနဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ စုပေါင်းကုသိုလ်ယူတဲ့ ပွဲလေးဖြစ်ပါတယ်။ ထူးခြားချက်အနေနဲ့ သာသနာ့အလံပန်းခင်းရဲ့ အရှည်က ပေ ၄၀ ရှည်ပြီး အနံက ၂၅ ပေအထိ ကျယ်ဝန်းတဲ့အတွက် ကမ္ဘာ့အကြီးဆုံး သာသနာ့အလံပန်းခင်းကြီး ဖြစ်လာမှာပါ" ဟု ပွဲဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင် ဆရာမကြီး ဒေါ်အေးအေးဝင်းက ပြောသည်။

Strategy First University မှ ပန်းစေတီနှင့် သာသနာ့အလံပန်းခင်းများ လှူဒါန်းပူဇော်ပွဲများကို ပထမအကြိမ်အဖြစ် ယခုနှစ် ဧပြီလတွင် ရွှေတိဂုံစေတီတော်၌လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် မေလတွင် ကျိုက်ထီးရိုးစေတီတော်၌ လည်းကောင်း ကျင်းပခဲ့ပြီး ယခု တတိယအကြိမ်အဖြစ် မန္တလေး မဟာမုနိဘုရားတွင် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အမေရိကန်သံအမတ်ကြီးနှင့် Professor Walter Kaelin တို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်နှင့် Professor Walter Kaelin တို့အား ယနေ့တွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံစဉ်။

အမေရိကန် သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ "Strategy on Resettlement of IDPs and Closure of IDP Camps" အား ယနေ့တွင် စတင်မိတ်ဆက်နိုင်ခဲ့သည့်ကိစ္စနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့်ကိစ္စ၊ ရခိုင်ပြည်နယ်ရှိ ပြည်တွင်း နေရပ်စွန့်ခွာသူများအား ရိက္ခာထောက်ပံ့ရေးကိစ္စ၊ နေရပ်ပြန်လည် ပို့ဆောင်ပေးနိုင်ရေးကိစ္စ၊ အိမ်ရာများ ပြန်လည်တည်ဆောက်ရေးကိစ္စ၊ ရခိုင်ပြည်နယ်တွင် အာဆီယံနှင့်ပူးပေါင်း၍ ဦးစားပေးစီမံကိန်းခုနစ်ခု ဆောင်ရွက်နိုင်ရေးကိစ္စ၊ နိုင်ငံသားဖြစ်ခွင့်၊ လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်တို့နှင့်ပတ်သက်၍ ဆောင်ရွက်နေမှု၊ အာဟာရချို့တဲ့မှုများပြားသော ပြည်နယ်အချို့တွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးငယ်များအား ငွေကြေးထောက်ပံ့ခြင်း (MCCT)၊ သက်ကြီးရွယ်အိုပင်စင်ကိစ္စ၊ မသန်စွမ်းထောက်ပံ့မှု ကိစ္စရပ်များတွင် လူမျိုး၊ ဘာသာမရွေး ထောက်ပံ့ပေးနေမှုများကို ရှင်းနီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

Professor Walter Kaelin နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ် "ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ" အား နိုင်ငံတော်အဆင့်မှ အတည်ပြုခဲ့ပြီးနောက် နိုဝင်ဘာ ၁၉ ရက်တွင် အဆိုပါ မဟာဗျူဟာအား မိတ်ဆက်သည့် အခမ်းအနားကျင်းပမည့် အခြေအနေ၊ မဟာဗျူဟာအား အတည်ပြုပြဋ္ဌာန်းပြီးနောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လက်တွေ့ကျသည့် အကြံပြုချက်များနှင့် လုပ်ငန်းများ စတင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေ၊ ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးနှင့် စပ်လျဉ်း၍ ပြည်တွင်းနေရပ်စွန့်ခွာသူများ အပါအဝင် သက်ဆိုင်သည့် ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ အားလုံး သတင်းအချက်အလက်များ တိကျစွာရရှိနိုင်ရေး၊ ပူးပေါင်းဆောင်ရွက်မှုကောင်းမွန်ရေးနှင့် ထိရောက်စွာဆောင်ရွက်နိုင်ရေး ကြိုးပမ်းသွားမည့် အခြေအနေ၊ နိုင်ငံတော်မှ လက်ရှိဆောင်ရွက်နေသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များကို မဟာဗျူဟာနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် အခြေအနေနှင့် Professor Walter Kaelin အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး အစိုးရရောင်းမည့် မြေကွက်များအတွက် လျှောက်လွှာများကို အမျိုးအစားခွဲခြား

**ရန်ကုန် နိုဝင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး အစိုးရရောင်းမည့် မြေကွက်များအတွက် ပြန်လည်တင်ပြလာသည့် လျှောက်လွှာများကိုမြေစီမံခန့်ခွဲမှုကော်မတီက အမျိုးအစားခွဲခြားသတ်မှတ်ရန် ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူးဦးသန်းက ပြောကြားသည်။

နိုဝင်ဘာ ၁၈ ရက်က ရန်ကုန်မြို့တော်ခန်းမ၌ ပြုလုပ်သည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီလုပ်ဆောင်ချက်များနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ၌ မီဒီယာများ၏ မေးမြန်းမှုကိုရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲပိုင်ခွင့်ရှိသောတိုင်းဒေသကြီးအတွင်းရှိမြေများကို စီးပွားရေး/စက်မှုလုပ်ငန်းလုပ်ကိုင်ရန်နှင့် လူနေထိုင်ရန် အဆင့်သုံးဆင့်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ပထမအဆင့်အနေဖြင့် လှိုင်သာယာ၊ ရွှေပြည်သာနှင့် ဒဂုံ(လေး)မြို့နယ်ရှိ မြေကွက်ပေါင်းငါးရာကျော်အတွက် မြေအသုံးပြုခွင့် လျှောက်လွှာများကို ရန်ကုန်အရှေ့ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးတွင် ရောင်းချခဲ့ရာစတင်ရောင်းချသည့် အောက်တိုဘာ ၇ ရက်မှ အရောင်းပိတ်ခဲ့သည့် နိုဝင်ဘာ ၈ ရက်အထိ စောင်ရေ ၁၅၆၂၀ ရောင်းချခဲ့ပြီး လျှောက်လွှာ ၁၂၁၅၈ စောင် လာရောက်ပြန်တင်ခဲ့ကြောင်း ၎င်းက ပြောသည်။

အဆိုပါ ပထမအဆင့်မြေရောင်းချမှုပြီးစီးပါက ဒုတိယအဆင့်အနေဖြင့် မြောင်းတကာစက်မှုဇုန်ရှိ စက်မှုမြေကွက် ၁၈၀ ကျော်ကို ရောင်းချပေးမည်ဖြစ်ကြောင်း၊ တတိယအဆင့် အနေဖြင့် ဒဂုံအရှေ့နှင့် ဒဂုံဆိပ်ကမ်းရှိ ယခင်စိုက်ပျိုးရေးဇုန်အဖြစ် သတ်မှတ်ထားသည့် မြေကေကိုးထောင်ကျော်ကို ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ လုပ်ဆောင်ခြင်းမှာအမှန်တကယ် စီးပွားရေးလုပ်ငန်းများနှင့် စက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်နှင့် လူနေအဆောက်အအုံအဖြစ် အသုံးချနိုင်ရန်အတွက် လိုအပ်သည့် အဖွဲ့အစည်း လူပုဂ္ဂိုလ်များကိုစိစစ်ကာ မြေစီမံခန့်ခွဲမှုကော်မတီက ရောင်းချပေးမည်ဖြစ်ပြီး ရောင်းချလိုက်သည့်မြေများသည် အာမခံချက်အပြည့်ရှိကြောင်း မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောပြသွားကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

# သပိတ်ကျင်းမော်တော်ယာဉ် တိမ်းမှောက်မှုတွင် ကွယ်လွန်သူများနှင့် ထိခိုက်ဒဏ်ရာရသူများအား ထောက်ပံ့

**မော်လမြိုင် နိုဝင်ဘာ ၁၉**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ သပိတ်ကျင်းမော်တော်ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်တွင် ကွယ်လွန်သူများနှင့် ထိခိုက်ဒဏ်ရာရသူများအား ထောက်ပံ့ငွေပေးအပ်ပွဲနှင့် ကယ်ဆယ်ရေးအဖွဲ့များအား ဂုဏ်ပြုပွဲအခမ်းအနားကို နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၃ နာရီက မော်လမြိုင်မြို့ မဟာမြိုင်ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

ရွှေဘိုအောင်မြေဟိတရေပရဟိတကျောင်း တာဝန်ခံ ဦးကျော်နိုင်က ထောက်ပံ့လှူဒါန်းမှုနှင့်ပတ်သက်၍ ပြောကြားခဲ့ပြီး ကိုမျိုး(မန်းရွှေမြို့တော်)က ထောက်ပံ့ငွေပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ရာတွင် သေဆုံးသူ ၁၃ ဦးအား တစ်ဦးလျှင် ကျပ် ၂၈ သိန်း၊ ပြင်းထန်ဒဏ်ရာ ခြောက်ဦးအား တစ်ဦးလျှင် ကျပ်လေးသိန်း၊ ဒဏ်ရာသေး ၂၀ ဦးအား တစ်ဦးလျှင် ကျပ်နှစ်သိန်း၊ ကယ်ဆယ်ရေးအဖွဲ့ ၄၃ ဖွဲ့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် တစ်ဖွဲ့လျှင် ကျပ်တစ်သိန်းတို့ကို ဟိတရေဖောင်ဒေးရှင်းနှင့် ကိုမျိုး (မန်းရွှေမြို့တော်) မိသားစုမှ လှူဒါန်းခဲ့ကြောင်း သိရသည်။

**မိုးသောက်**

# ''ဘဝနှင့် စိတ်ပိုင်းဆိုင်ရာ ဓမ္မအတွေးအခေါ်များ'' စာအုပ်မိတ်ဆက်ပွဲ၊ စာပေစကားဝိုင်းနှင့် ဗုဒ္ဓဘာသာသင်ရိုးကိုင်စာအုပ် ကပ်လှူပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၉**

ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောက်စဖို့ဒ် ဆရာတော် ဒေါက်တာအရှင်ဓမ္မသာမိ၏ သက်တော် (၅၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ''အောက်စဖို့ဒ်ဆရာတော်၏ ဘဝနှင့် စိတ်ပိုင်းဆိုင်ရာ ဓမ္မအတွေးအခေါ်များ'' စာအုပ်အား မိတ်ဆက်ခြင်း၊ ''စာကြည့်တိုက်ကမ္ဘာထဲက ဗုဒ္ဓဘာသာ စာကြည့်တိုက်များ'' ခေါင်းစဉ်ဖြင့် စာပေစကားဝိုင်းနှင့် ဗုဒ္ဓဘာသာသင်ရိုးကိုင်စာအုပ်များ ကပ်လှူခြင်းအခမ်းအနားကို ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ်၂၁၂၊ ပထမထပ် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရုံးချုပ် ရွှေဥဒေါင်းခန်းမ (ဝန်ကြီးများရုံးရှေ့)တွင် နိုဝင်ဘာ ၂၁ ရက်(ကြာသပတေးနေ့)(အမျိုးသားနေ့) မွန်းလွဲ ၁ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ကျင်းပမည်ဖြစ်သည်။

စာပေစကားဝိုင်းတွင် ''စာကြည့်တိုက်ကမ္ဘာထဲက ဗုဒ္ဓဘာသာ စာကြည့်တိုက်များ (Buddhist Libraries in the World of Libraries)'' ခေါင်းစဉ်ဖြင့် အောက်စဖို့ဒ်ဆရာတော်၊ စာရေးဆရာ မောင်ကောင်းမြင့်၊ မောင်ဇေယျာ၊ Moderator လင်း(ဆေး-၁)တို့ ဝိုင်းဖွဲ့ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

## သတင်းစုံကဏ္ဍ

### သီပေါ ပေါ်ကြိုဘုရားကြီးရှေးမူမပျက်ဘက်စုံပြုပြင်

**သီပေါ ။** ။ ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားကြီး ဘက်စုံပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ပေါ်ကြိုဂေါပကအဖွဲ့က ရှေးမူရှေးဟန်မပျက် ဆောင်ရွက်လျက်ရှိသည်။

ပေါ်ကြိုရှေးဟောင်းသမိုင်းဝင်ဘုရားကြီးနှင့်ပတ်သက်၍ ထူးဆန်းအံ့သြဖွယ်ရာ အများအပြားရှိသကဲ့သို့ ဘုရားကြီးအောက်မှထွက်ရှိလာသော သီတာရေစင်ကို သောက်သုံးခြင်း၊ ရေချိုးခြင်းများပြုလုပ်ပါက ရောဂါများပျောက်ကင်းကြောင်း ယုံကြည်ကြသည်ဟု သိရသည်။ **စိုင်း(သီပေါ)**

### ရွှေဘိုရွာတည် (၇၅)နှစ်ပြည့်အထိမ်းအမှတ် စာပေဟောပြော

**ဂန့်ဂေါ ။** ။ ဂန့်ဂေါမြို့နယ် ရွှေဘိုရွာတည် (၇၅) နှစ်ပြည့် အထိမ်းအမှတ် စာပေဟောပြောပွဲကို ကျေးရွာ စာပေဟောပြောပွဲ ကျင်းပရေးကော်မတီက ကြီးမှူး၍ နိုဝင်ဘာ ၁၆ ရက် ည ၇ နာရီတွင် ကျေးရွာ အထကခွဲ၌ ပြုလုပ်ရာ စာပေဟောပြောပွဲတွင် စာရေးဆရာများဖြစ်သည့် မောင်သာချိုနှင့် ဦးဘုန်း(ဓာတု) တို့က စာပေရေးရာများ ဟောပြောကြသည်။ **ကျော်သန်းဆွေ(ဂန့်ဂေါ)**

### မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေး

**ရန်ကုန် ။** ။ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် နန်းခလဲစံပြကျေးရွာ အလက(ခွဲ)ကျောင်းတွင် နိုဝင်ဘာ ၁၇ ရက် နံနက် ၁၁ နာရီက မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲကျင်းပသည်။

ကျေးရွာအရန်မီးသတ်တပ်ဖွဲ့မှတပ်စုမှူး ဦးအောင်အောင်က မီးချိတ်မီးကတ်သဲပုံးရေပုံးများ၊ မီးသတ်ဆေးဘူးများထားရှိရန်၊ မီးကြွင်းမီးကျန်မရှိစေရန်စနစ်တကျငြိမ်းသတ်ထားရှိရန်၊ မီးဘေးအန္တရာယ် ဆောင်ရန်ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောခဲ့ပြီး အပေါ့စားစက်ဖြင့် မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြသခဲ့ကြောင်းသိရသည်။

**ကိုကျော်(သုံးခွ)**



နိုဝင်ဘာ ၁၆ ရက် ည ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးကျော်ကျော် ဦးစီးသောရဲတပ်ဖွဲ့ဝင်များက မြို့မကျောင်းလမ်းပေါ်တွင် မော်တော်ယာဉ်များအား စစ်ဆေးနေစဉ်။

**ရွှေဂုံသား**

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီသည် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ပေးရသည့်အပြင် လွတ်လပ်တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံး၍ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုဆောင်ရွက်ရပြီး အဆိုပါကော်မတီ၏ဆောင်ရွက်ချက်များကို ယခုတစ်ပတ် လွှတ်တော်ရေးရာကဏ္ဍအနေဖြင့် ဖော်ပြလိုက်ပါသည်–

# မဏ္ဍိုင်သုံးရပ်ကို စောင့်ကြည့်ထိန်းညှိနေသလို နိုင်ငံတကာနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ဆက်ဆံရေး တွေကိုပါ တိုးမြှင့်အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုဦး

## ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅(ဂ)၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄ နှင့် ပုဒ်မ ၂၇ တို့အရ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် နိုင်ငံတကာဆက်ဆံရေးကော်မတီကို ဖွဲ့စည်းခဲ့သည်။



ကော်မတီအတွင်းရေးမှူး
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုဦး

ကော်မတီသည် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ပေးရသည့် အပြင် လွတ်လပ်တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံး၍ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေး ကို ရှေးရှုဆောင်ရွက်ရသည်။ ထို့ပြင် နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်း လိုက်နာရသည်။

ထို့ပြင် နိုင်ငံတကာဆက်ဆံရေးကော်မတီသည် အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများအား စိစစ်ဆောင်ရွက်ခြင်း၊ တည်ဆဲ ဥပဒေများကိုပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းရန်ဥပဒေကြမ်းများကို စိစစ်ဆွေးနွေးခြင်း နှင့် အခြားလွှတ်တော်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက် ခြင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများ၊ သံအရာရှိများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှု များ ပြုလုပ်ခြင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက် ဖြင့် အစိုးရဝန်ကြီးဌာနများမှ တာဝန်ရှိသူများအား ဖိတ်ကြား၍ ၎င်းတို့၏တင်ပြချက်များကို ဆွေးနွေး မေးမြန်းခြင်း၊ သုံးသပ်ဝေဖန်ခြင်းများကို ကူညီဆောင်ရွက် ရသည်။

အလားတူ အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီ (Joint Committee on ASEAN Inter–Parliamentary Assembly – AIPA) ၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း၊ နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီ (Joint Committee on Inter–Parliamentary Union (IPU)၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ပြည်တွင်း ပြည်ပတွင် ကျင်းပပြုလုပ်သော အလုပ်ရုံဆွေးနွေး ပွဲများ၊ စာတမ်းဖတ်ပွဲများ၊ အစည်းအဝေးများ၊ အခမ်းအနား များသို့ တက်ရောက်ဆွေးနွေးခြင်း၊ တင်ပြစာများ၊ တိုင်ကြား စာများနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်ခြင်းနှင့် ကော်မတီအစည်းအဝေးများ ကျင်းပခြင်းတို့ကိုလည်း ဆောင်ရွက်ရသည်။

ထို့ပြင် သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့ အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံ ရသည်။



ထိုင်းဘုရင့်နိုင်ငံ အထက်လွှတ်တော် ပထမဥက္ကဋ္ဌ Mr. Suchat Tancharoen နေပြည်တော်သို့ တရားဝင်ခရီး လာရောက်စဉ်။

နိုင်ငံတကာဆက်ဆံရေးကော်မတီသည် ပြည်သူ့ လွှတ်တော်၏ အခြားကော်မတီများနည်းတူ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ဘဏ္ဍာနှစ်အလိုက် အမျိုးသား စီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို ကော်မတီ အစည်းအဝေးများကျင်းပ၍ စိစစ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကော်မတီသည် သံအရာရှိများနှင့် ကောင်စစ် အရာရှိများ (ကျမ်းသစ္စာနှင့် အခကြေးငွေများ) အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ၊ ကမ္ဘာ့ကုလသမဂ္ဂ (အခွင့်အရေးများနှင့်ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ် ဇုန်များဥပဒေစသည့် ဥပဒေများအပါအဝင် ဥပဒေ လေးခု ကို တာဝန်ယူစိစစ်ရသည်။

### တွေ့ဆုံမေးမြန်း – နန္ဒာဝင်း

နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ လုပ်ငန်း ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ကော်မတီအတွင်း ရေးမှူး စမ်းချောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဘိုဘိုဦးကို တွေ့ဆုံမေးမြန်းခဲ့သည် များကို ဖော်ပြလိုက်ရပါသည်။

**မေး။ ။ နိုင်ငံတကာဆက်ဆံရေးကော်မတီရဲ့ လုပ်ငန်း ဆောင်ရွက်ချက်တွေကို သိရှိလိုပါတယ်။**

ဖြေ။ ။ ကော်မတီရဲ့အဓိကဆောင်ရွက်ချက်တွေကတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်နဲ့ နိုင်ငံတကာသံရုံးတွေက သံအမတ်ကြီးတွေ၊ သံအရာရှိ တွေ၊ အခြား ပြည်တွင်း ပြည်ပအဖွဲ့အစည်းတွေနဲ့ တွေ့ဆုံ ဆွေးနွေးမှုတွေ ပြုလုပ်ပါတယ်။ ဒ့ါအပြင် အစိုးရဝန်ကြီး ဌာနတွေက တာဝန်ရှိသူတွေကို ဖိတ်ကြားပြီး သူတို့ရဲ့ တင်ပြချက်တွေကို ဆွေးနွေးမေးမြန်းတာ၊ သုံးသပ်ဝေဖန် တာတွေ ပြုလုပ်ပါတယ်။ ပြည်တွင်း ပြည်ပမှာ ကျင်းပ ပြုလုပ်တဲ့ အလုပ်ရုံဆွေးနွေးပွဲတွေ၊ စာတမ်းဖတ်ပွဲတွေ၊ အစည်းအဝေးတွေ၊ အခမ်းအနားတွေကို တက်ရောက် ဆွေးနွေးတာတွေရှိသလို တင်ပြစာ၊ တိုင်ကြားစာတွေနဲ့ ပတ်သက်လို့ အရေးယူဆောင်ရွက်တာ၊ ကော်မတီ အစည်းအဝေးကျင်းပတာတွေကိုလည်း ဆောင်ရွက်ပါ တယ်။

**မေး။ ။ နိုင်ငံတကာဆက်ဆံရေးကော်မတီအနေနဲ့ ပြည်ပ နိုင်ငံတွေကိုသွားရောက်တဲ့အခါ ရရှိခဲ့တဲ့ အတွေ့အကြုံတွေကိုလည်း ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ နိုင်ငံတကာခရီးစဉ်တွေကိုကြည့်ရင် လေ့လာရေး ခရီးနဲ့ တရားဝင်အလည်အပတ်ခရီး၊ သင်ကြား ရေးခရီး၊ နှီးနှောဖလှယ်ပွဲနဲ့ အစည်းအဝေးများဆိုင်ရာ ခရီးဆိုပြီး ရှိပါတယ်။

စာမျက်နှာ ၁၉ သို့ ❂



ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီအစည်းအဝေး ကျင်းပစဉ်။



နိုင်ငံခြားရေးဝန်ကြီးဌာနက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား ဂျီနီဗာကွန်ဗင်းရှင်း (Geneva Convention) ဆိုင်ရာများကို လာရောက်ဆွေးနွေးစဉ်။

❂ စာမျက်နှာ ၁၈ မှ

၂၀၁၆ ခုနှစ် မေလမှာ ဂျပန်နိုင်ငံကို လေ့လာရေးခရီး သွားခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလမှာ စင်ကာပူမှာ ကျင်းပတဲ့ (၃၉) ကြိမ်မြောက် AIPA အစည်းအဝေး၊ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှာ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့မှာ ကျင်းပခဲ့တဲ့ (၁၃၈) ကြိမ်မြောက် နိုင်ငံတကာ ပါလီမန်များအဖွဲ့ အထွေထွေညီလာခံနဲ့ ၂၀၁၉ ခုနှစ် ဩဂုတ်လမှာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ ကျင်းပခဲ့တဲ့ အကြိမ်(၄၀) မြောက် AIPA အစည်းအဝေးတွေကို တက်ရောက်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် ဂျပန်ခရီးစဉ်ကတော့ ချစ်ကြည်ရေးနဲ့ လေ့လာရေးခရီးစဉ်ဖြစ်လို့ လေ့လာစရာတွေ အများကြီးရခဲ့ပါတယ်။

**မေး။ ။ မကြာခင်က သွားရောက်ခဲ့တဲ့ အကြိမ် (၄၀) မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံခရီးစဉ်နဲ့ပတ်သက်ပြီးတော့လည်း သိရှိလိုပါတယ်။**

ဖြေ။ ။ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ ဩဂုတ် ၂၅ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့တဲ့ အကြိမ် (၄၀) မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံကို သုံးခွမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့ ခေါင်းဆောင် ဒေါ်စုစုလွင်ဦးဆောင်တဲ့ ကျွန်တော်တို့ မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ သွားရောက်ခဲ့ပါတယ်။ အဲဒီကိုယ်စားလှယ်အဖွဲ့မှာ အာဆီယံနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမင်းလွင် အပါအဝင် အဖွဲ့ဝင် ၁၉ ဦး ပါဝင်ခဲ့ပါတယ်။


၂၀၁၈ ခုနှစ် စက်တင်ဘာလက စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သော (၃၉) ကြိမ်မြောက် အာဆီယံပါလီမန်များဆိုင်ရာ အထွေထွေညီလာခံ၏ အမှုဆောင်အစည်းအဝေးကျင်းပစဉ်။

ပါတယ်။

ကျွန်တော်က စီးပွားရေးကဏ္ဍမှာ ပါဝင်ဆွေးနွေးခဲ့ပါတယ်။ ပြီးတော့ ပူးတွဲကြေညာချက် ထုတ်ပြန်ဖို့ အစည်းအဝေးကို တက်ရောက်ခဲ့ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ ဆွေးနွေးပွဲမှာလည်း တက်ရောက်ခဲ့ပါတယ်။ “ကောင်းမွန်သော စည်းမျဉ်းစည်းကမ်းဆိုင်ရာ အလေ့အကျင့်ကောင်းများ ပေါ်ထွန်းရေးခေါင်းစဉ်” အောက်မှာ ဆွေးနွေးခဲ့ကြပါတယ်။ ဒီခေါင်းစဉ်က ၂၀၁၈ ခုနှစ် စင်ကာပူမှာ ပြုလုပ်ခဲ့တဲ့ 39th AIPA တုန်းက စီးပွားရေးကဏ္ဍမှာ မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့က တင်သွင်းခဲ့တဲ့ resolution ဖြစ်ပါတယ်။ ဒါကြောင့် အခက်အခဲမရှိခဲ့ပါဘူး။ မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့က မြန်မာနိုင်ငံရဲ့ စီးပွားရေးနဲ့ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်တွေ ရေးဆွဲရာမှာ နိုင်ငံသားတွေပါဝင်နိုင်ရေးနဲ့စပ်လျဉ်းပြီး စီးပွားရေးသုတေသနအဖွဲ့အစည်း (Economic Research Institute-ERIA)နဲ့ အာဆီယံစည်းမျဉ်းစည်းကမ်း အလေ့အကျင့်ကောင်းများဆိုင်ရာ စီမံခန့်ခွဲမှု (ASEAN Regulatory Management System(RMS) တို့က မြန်မာနိုင်ငံအပေါ် အကူအညီပေးနေတဲ့ အဖွဲ့အစည်းတွေဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီးတော့ မြန်မာကိုယ်စားလှယ်က

**အကျိုးရလဒ်တွေရရှိခဲ့တယ် ဆိုတာလည်း ပြောပြပေးပါဦး။**

ဖြေ။ ။ အမျိုးသားအကျိုးစီးပွားနဲ့ အမျိုးသားဂုဏ်သိက္ခာကို ကာကွယ်မြှင့်တင်နိုင်ဖို့က အားလုံးမှာ တာဝန်ရှိပါတယ်။ မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံတွေရဲ့ စီးပွားကုန်သွယ်မှုတွေမှာ ကောင်းမွန်တဲ့ စည်းမျဉ်းစည်းကမ်းကျင့်သုံးမှုတွေရှိမှ မှန်ကန်တဲ့ ကုန်သွယ်ရေး၊ မှန်ကန်တဲ့ အချက်အလက်၊ မှန်ကန်တဲ့အောင်မြင်မှုကို ရမှာ ဖြစ်ပါတယ်။

**မေး။ ။ အခြားထူးခြားတဲ့ခရီးစဉ်တွေ၊ ဆွေးနွေးပွဲတွေ ရှိရင်လည်း ပြောပြပေးပါဦး။**

ဖြေ။ ။ အာဆီယံပါလီမန်များ အထွေထွေညီလာခံမှာ သုံးနှစ်ဆက်တိုက် ရခိုင်ဒေသမြောက်ပိုင်းကိစ္စနဲ့ စပ်လျဉ်းပြီး ရှုတ်ချဖို့လုပ်တဲ့ Resolution ကို သုံးနှစ်ဆက်တိုက် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့က ပယ်ချခဲ့ပါတယ်။ အဖွဲ့ဝင်နိုင်ငံတွေ မြန်မာကိုထောက်ခံမှု မြင့်မားလာအောင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။

**မေး။ ။ နိုင်ငံတကာ ဆက်ဆံရေးကော်မတီအနေနဲ့ ပြည်သူအတွက် ဘာတွေဆောင်ရွက်နေတယ် ဆိုတာကိုလည်း ပြည်သူတွေသိရှိအောင် စကားလက်ဆောင် ပြောပေးပါဦး။**

ဖြေ။ ။ နိုင်ငံတကာ ဆက်ဆံရေးကော်မတီအနေနဲ့ ပြည်သူတွေရဲ့ တိုင်ကြားစာတွေကို လိုအပ်သလို ဆောင်ရွက်ပေးနေပါတယ်။ မဏ္ဍိုင်သုံးရပ်ကို စောင့်ကြည့်ထိန်းညှိနေသလို နိုင်ငံတကာနဲ့ နိုင်ငံရေး၊ စီးပွားရေးအရ





၂၀၁၈ ခုနှစ် စက်တင်ဘာလက စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သော (၃၉) ကြိမ်မြောက် အာဆီယံပါလီမန်များဆိုင်ရာ အထွေထွေညီလာခံသို့ မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့စဉ်။

**မေး။ ။ အာဆီယံပါလီမန်များ အထွေထွေညီလာခံမှာ ဘာတွေဆွေးနွေးခဲ့တယ်၊ ဘယ်လိုအကြောင်းအရာတွေ ပါဝင်တယ်ဆိုတာလည်း ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ အကြိမ် (၄၀) မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံမှာ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကျင်းပတာ ပါဝင်တယ်။ နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ အာဆီယံအမျိုးသမီးများကဏ္ဍ၊ လူမှုရေးကဏ္ဍနဲ့ အဖွဲ့အစည်းဆိုင်ရာကဏ္ဍတို့ကို ဆွေးနွေးကြ

တရုတ်-အာဆီယံအကြား ပူးပေါင်းဆောင်ရွက်မှုတွေကို ဆွေးနွေးခဲ့ပါတယ်။ မြန်မာဟာ ဒေသတွင်းတရုတ်နိုင်ငံနဲ့ ချစ်ကြည်ရင်းနှီးစွာဆက်ဆံရေး ခိုင်မာစွာရှိနေတဲ့နိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံဟာလည်း မြန်မာနိုင်ငံရဲ့ အကြီးဆုံး ကုန်သွယ်ဖက်ဖြစ်တဲ့အလျောက် Good Regulatory Practices - (GRP)ကိုအခြေခံတဲ့ ပုံမှန်ကုန်သွယ်ရေးဖြစ်ဖို့လိုလားသလို ရှိသင့်ပါတယ်လို့လည်း ဆွေးနွေးခဲ့ပါတယ်။

**မေး။ ။ အဲဒီဆွေးနွေးပွဲတွေက နိုင်ငံအတွက် ဘယ်လို**

ဆက်ဆံရေးတွေကိုပါ တိုးမြှင့်အောင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်နိုင်ငံတကာဆက်ဆံရေးကော်မတီဟာ ကျယ်ပြန့်လှတဲ့ ကော်မတီရဲ့ တာဝန်တွေကို ထမ်းဆောင်ရာမှာ ကော်မတီဝင်တွေနဲ့ ကော်မတီဝန်ထမ်းတွေရဲ့ ကြိုးစားအားထုတ်မှုတွေကြောင့် ကော်မတီရဲ့ လုပ်ငန်းတွေ ချောချောမွေ့မွေ့ လည်ပတ်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေ အပါအဝင် ပြည်သူတွေရဲ့ သုံးသပ်ဝေဖန်အကြံပြုချက်တွေကိုလည်း ကြိုဆိုပါတယ်လို့ ပြောကြားလိုပါတယ်။ ။



၂၀၁၉ ခုနှစ် ဩဂုတ်လတွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သော အကြိမ် (၄၀) မြောက် အာဆီယံပါလီမန်များဆိုင်ရာ အထွေထွေညီလာခံသို့ တက်ရောက်ခဲ့သည့် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား တွေ့ရစဉ်။




၂၀၁၉ ခုနှစ် ဩဂုတ်လတွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သော အကြိမ် (၄၀)မြောက် အာဆီယံပါလီမန်များဆိုင်ရာ အထွေထွေညီလာခံတွင် လေ့လာသူ တရုတ်နိုင်ငံနှင့် ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား တွေ့ရစဉ်။

## ပီအက်စ်ဂျီအသင်းက တိုက်စစ်မှူး နေမာအား စာချုပ်သစ်ချုပ်ဆိုရန် ကြိုးစားနေ

ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းဟာ တိုက်စစ်မှူး နေမာအား စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ ကြိုးစားလျက်ရှိပြီး နေမာရဲ့ ပီအက်စ်ဂျီအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ၂၀၂၂ ခုနှစ်မှာ ကုန်ဆုံးမှာ ဖြစ်ပါတယ်။

ဘရာဇီးတိုက်စစ်မှူး နေမာကတော့ ၂၀၂၅ ခုနှစ်အထိ စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ ဆန္ဒမရှိဘူးလို့ဆိုပါတယ်။ တိုက်စစ်မှူးနေမာဟာ ဘာစီလိုနာအသင်းဆီ ပြန်လည်ပြောင်းရွှေ့ကစားဖို့ ချိတ်ဆက်မှုတွေပြုလုပ်ခဲ့တာဖြစ်ပေမယ့် ပီအက်စ်ဂျီအသင်းဥက္ကဋ္ဌ အယ်လ်ခေလီဖီက ခွင့်မပြုခဲ့လို့ ပီအက်စ်ဂျီအသင်းမှာ ဆက်ရှိနေခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူးနေမာရဲ့ ဖခင်ဖြစ်သူနဲ့ ပီအက်စ်ဂျီအသင်းတို့အကြား ဆွေးနွေးမှုတွေကို ပြီးခဲ့တဲ့ ဘောလုံးရာသီကတည်းက ပြုလုပ်ထားခဲ့တာဖြစ်ပြီး ပီအက်စ်ဂျီအသင်းအနေနဲ့ အသက် ၃၅ နှစ်ပြည့်ပြီဖြစ်တဲ့ နောက်တန်းကစားသမား သီယာဂိုဆေးလ်ဗားကိုလည်း ကာလတိုစာချုပ်တစ်ရပ်ချုပ်ဆိုဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။





## အီတလီအသင်းက အာမေးနီးယားအသင်းကို ကိုးဂိုး-တစ်ဂိုးနဲ့ အနိုင်ရ

ယူရို ၂၀၂၀ ခြေစစ်ပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားခဲ့ရာမှာ အီတလီအသင်းနဲ့ အာမေးနီးယားအသင်းတို့ ပွဲစဉ်မှာ အီတလီအသင်းက အာမေးနီးယားအသင်းကို ကိုးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အီတလီအသင်းဟာ ၄-၃-၃ ကစားကွက်နဲ့ ပွဲထွက်လာခဲ့ပြီး အာမေးနီးယားအသင်းကတော့ ၅-၃-၁-၁ ကစားကွက်နဲ့ ပွဲထွက်လာတာဖြစ်ပါတယ်။

အီတလီအသင်းအတွက် သွင်းဂိုးတွေကို အင်မိုဘိုင်းလ်က ပွဲကစားချိန် ရှစ်မိနစ်နဲ့ ၃၃ မိနစ်တို့မှာ နှစ်ဂိုး၊ ဇန်နီယိုလိုက ပွဲကစားချိန် ကိုးမိနစ်နဲ့ ၆၄ မိနစ်တို့မှာ နှစ်ဂိုး၊ ၂၉ မိနစ်မှာ ဘာရယ်လာက တစ်ဂိုး၊ ၇၂ မိနစ်မှာ ရိုမာနိုလီက တစ်ဂိုး၊ ၇၅ မိနစ်မှာ ပင်နယ်တီသွင်းဂိုးကနေ ဂျော်ဂျင်ဟိုက တစ်ဂိုး၊ ၇၇ မိနစ်မှာ အော်ဆိုလီနီက တစ်ဂိုးနဲ့ ၈၁ မိနစ်မှာ ချီယီဆာက တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ အာမေးနီးယားအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် ၇၉ မိနစ်မှာ ဘာလာယန်က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အီတလီအသင်းဟာ ယူရို ၂၀၂၀ ခြေစစ်ပွဲစဉ်တွေအဖြစ် အုပ်စုအဆင့် ၁၀ ပွဲကစားခဲ့ရာမှာ ၁၀ ပွဲစလုံး အနိုင်ရရှိခဲ့တာကြောင့် ရာနှုန်းပြည့်နိုင်ပွဲနဲ့အတူ ရမှတ် ၃၀ ရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့တဲ့ အသင်းလည်းဖြစ်ပါတယ်။

အခြားသော ယူရို ၂၀၂၀ ခြေစစ်ပွဲစဉ်တွေမှာတော့ ဂရိအသင်းက ဖင်လန်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဘော့စနီးယားအသင်းက လီချန်စတိန်းအသင်းကို သုံးဂိုး-ဂိုးမရှိ၊ ဆွစ်ဇာလန်အသင်းက ဂျီဘရော်တာအသင်းကို ခြောက်ဂိုး-တစ်ဂိုး၊ နော်ဝေအသင်းက မော်လ်တာအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ စပိန်အသင်းက ရိုမေးနီးယားအသင်းကို ငါးဂိုး-ဂိုးမရှိ၊ ဆွီဒင်အသင်းက ဖာရိုးကျွန်းစုအသင်းကို သုံးဂိုး-ဂိုးမရှိနဲ့ အသီးသီးအနိုင်ရရှိခဲ့ပြီး အိုင်ယာလန်အသင်းနဲ့ ဒိန်းမတ်အသင်းတို့ ပွဲစဉ်မှာတော့ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

## ဂျူဗင်တပ်နဲ့ အင်တာမီလန်က ရိုးမားမှာ အငှားကစားနေတဲ့ မန်ယူနောက်တန်းကစားသမား စမောလင်းကို ခေါ်ယူမည်ဟုဆို

ဂျူဗင်တပ်အသင်းနဲ့ အင်တာမီလန်အသင်းတို့ဟာ ရိုးမားအသင်းမှာ အငှားသွားရောက်ကစားနေတဲ့ မန်ယူအသင်းနောက်တန်းကစားသမား စမောလင်းကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။ စမောလင်းဟာ အီတလီစီးရီးအေကလပ် ရိုးမားအသင်းရဲ့ အမြဲတမ်းစာချုပ်နဲ့ ကမ်းလှမ်းမှုကိုလည်း ရရှိထားတာဖြစ်ပြီး အီတလီမြေမှာ ခြေစွမ်းကောင်းရရှိနေတဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။


မန်ယူအသင်းကတော့ စမောလင်းရဲ့ ပြောင်းရွှေ့ကြေးကို ပေါင် ၁၅ သန်း ရလိုတယ်လို့ ပြောထားပြီး ရိုးမားအသင်း အားကစားဒါရိုက်တာပီထရာချီအနေနဲ့ စမောလင်းကို အမြဲတမ်းစာချုပ်ချုပ်ဆိုခွင့်အတွက် လာမယ့် ဇန်နဝါရီဈေးကွက်အတွင်း အကောင်အထည်ဖော်ဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။



ငွေကြယ် - စုစည်းတင်ပြသည်

# အနုပညာ

## Mamamoo ရဲ့ တေးသီချင်းသစ် ထုတ်လွှင့်



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ ဖြစ်တဲ့ Mamamoo ဟာ လတ်တလောမှာ တေးအယ်လ်ဘမ်သစ်မှာပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ကို စတင်ထုတ်လွှင့်ပေးခဲ့တာ ဖြစ်ပါတယ်။ ဒီတေးသီချင်းကို တေးဗီဒီယိုနဲ့အတူ ထုတ်လွှင့်ခဲ့တာဖြစ်ပြီး အဖွဲ့ဝင်လေးဦးစလုံးကို မတူညီတဲ့ ဇာတ်ကောင်တွေအဖြစ် တေးဗီဒီယိုမှာ တွေ့မြင်ရမှာဖြစ်ကြောင်း ကိုရီးယားတိုင်းမ်က ရေးသားဖော်ပြခဲ့ပါတယ်။

အဖွဲ့ရဲ့ တေးသီချင်းသစ်ဟာ "Hip" လို့ အမည်ရပြီး ဒီတေးသီချင်းမှာ အဖွဲ့ဝင်တွေဟာ တစ်ဦးချင်းစီရဲ့ မတူညီတဲ့ အရည်အသွေးတွေကို ထုတ်ဖော် ပြသထားတာကိုလည်း တွေ့ရပါတယ်။ အဖွဲ့ဝင်လေးဦးဟာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားသူ၊ စီအီးအို၊ ရော့ခ်ကြယ်ပွင့်နဲ့ သမ္မတအဖြစ် အသီးသီးပါဝင် ပုံဖော်ထားကြပြီး ဒီလိုအဖွဲ့ဝင်တွေ တစ်ဦးစီ မတူကွဲပြားစွာ သရုပ်ဖော်ထားရတဲ့ အကြောင်းကတော့ ပရိသတ်တွေအနေနဲ့ ကိုယ့်ကိုယ်ကိုယ် ချစ်ခင်တတ်စေဖို့ ရည်ရွယ်တယ်လို့လည်း သိရပါတယ်။ ပရိသတ်တွေအနေနဲ့ အများနဲ့တူစရာမလိုဘဲ ကိုယ့်ရဲ့ ရပ်တည်ရှင်သန်မှုကို တန်ဖိုးထားစေဖို့ရာ ရည်ရွယ်ဖန်တီးထားတာ ဖြစ်ပါတယ်။

"Hip" ဟာ အဖွဲ့ရဲ့ ဒုတိယမြောက် တေးအယ်လ်ဘမ် Real Black မှာပါဝင်တဲ့ တေးသီချင်းတစ်ပုဒ် ဖြစ်ပါတယ်။ အဆိုပါ တေးအယ်လ်ဘမ်မှာ တေးသီချင်း ၁၁ ပုဒ် ပါဝင်ပြီး တေးအယ်လ်ဘမ်နဲ့အတူ "Hip" ရဲ့ တေးဗီဒီယိုကို နိုဝင်ဘာ ၁၄ ရက်မှာ စတင်ထုတ်လွှင့်ခဲ့တာလည်း ဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိစေဖို့ အားပေးထားတဲ့ အဆိုပါ တေးသီချင်းရဲ့ တေးဗီဒီယိုမှာ အဖွဲ့ဝင်တွေဖြစ်ကြတဲ့ ဟွာဆာက မိခင်တစ်ဦးလည်းဖြစ်၊ သမ္မတတစ်ဦးလည်းဖြစ်တဲ့ အမျိုးသမီးတစ်ဦးအဖြစ် လည်းကောင်း၊ မွန်ဗျောက စီအီးအိုတစ်ဦးအဖြစ်လည်းကောင်း၊ ဆိုလာက ရော့ခ်တေးသံရှင်တစ်ဦးအဖြစ် လည်းကောင်း၊ ဝှီးအင်က ပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူတစ်ဦးအဖြစ်လည်းကောင်း အသီးသီး ပါဝင်ထားကြတာဖြစ်တယ်လို့ သိရပါတယ်။

အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟွာဆာက "Hip ဟာ အများရဲ့ဝေဖန်မှုတွေအပေါ် အလွန်အကျွံအာရုံမထားဘဲ ကိုယ့်ဘဝကို ရှင်သန်နေထိုင်ဖို့အကြောင်း ပြောကြားထားတာဖြစ်ပါတယ်။ တကယ့်ပျော်ရွှင်မှုအစစ်က ကိုယ့်ကိုယ်ကိုယ် ချစ်ခင်ခြင်းကနေ ဖြစ်လာတာပါ။ ဒါကြောင့် ဒီသီချင်းကို နားဆင်ကြသူတွေအနေနဲ့ အခြားသူတွေရဲ့ ထင်မြင်ချက်တွေအပေါ် စိုးရိမ်ပူပန်နေမယ့်အစား ကိုယ့်ကိုယ်ကိုယ် ပိုမိုအားပေးပြီး ယုံကြည်မှုရှိလာစေချင်ပါတယ်"လို့ ပြီးခဲ့တဲ့ ကြာသပတေးနေ့က ဆိုးလ်မှာရှိတဲ့ ကွမ်ဟီးတက္ကသိုလ်မှာ ပြုလုပ်ခဲ့တဲ့ စာနယ်ဇင်းမိတ်ဆက်ပွဲ အခမ်းအနားမှာ ပြောကြားခဲ့တယ်လို့ သိရပါတယ်။

"Hip" တေးသီချင်းကို ဟွာဆာကိုယ်တိုင် ပါဝင်ရေးသားထားတာဖြစ်ပြီး တေးအယ်လ်ဘမ်သစ်မှာ ပရိသတ်တွေအတွက် ရည်ရွယ်ထားတဲ့ တေးသီချင်းတစ်ပုဒ်လည်း ပါဝင်ကာ တေးဂီတအမျိုးအစားစုံ ပါဝင်တဲ့ တေးအယ်လ်ဘမ်လည်း ဖြစ်တယ်လို့ သိရပါတယ်။

## တရုတ်မှာ အောင်မြင်နေတဲ့ အိုင်ယူ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးဖြစ်သူ အိုင်ယူဟာ တရုတ်ဇာတ်လမ်းတွဲမှာ အဓိကဇာတ်ဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်ရင်း တရုတ်ပရိသတ်တွေရဲ့ ချစ်ခင်အားပေးမှုကို ရယူနိုင်ခဲ့တဲ့ ကေပေါ့ပ်ကြယ်ပွင့်တစ်ဦး ဖြစ်ပါတယ်။ လတ်တလောမှာ သူ့ရဲ့ တေးအယ်လ်ဘမ်သစ်ကို တရုတ်မှာ ဖြန့်ချိခဲ့ရာမှာတော့ စတင်ရောင်းချပေးတဲ့ နေ့မှာပင် တေးအယ်လ်ဘမ်ပေါင်း တစ်သိန်းခန့် ရောင်းချခဲ့ရကြောင်း ကိုရီးယားဘိုးဒ့ေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အိုင်ယူရဲ့ တေးအယ်လ်ဘမ်သစ် "Love Poem"ကို လတ်တလောမှာ တရုတ်မှာ စတင်ဖြန့်ချိခဲ့တာ ဖြစ်ပါတယ်။ စတင်ရောင်းချပေးတဲ့နေ့မှာပင် အိုင်ယူရဲ့ တရုတ်ပရိသတ်အဖွဲ့ နှစ်ဖွဲ့က တေးအယ်လ်ဘမ်ပေါင်း တစ်သိန်းခန့်ကို ဝယ်ယူအားပေးခဲ့ကြတာ ဖြစ်ပါတယ်။ ပရိသတ်အဖွဲ့တစ်ဖွဲ့က အိုင်ယူရဲ့ မွေးနေ့အမှတ်တရအဖြစ် တေးအယ်လ်ဘမ်ပေါင်း ၅၀၅၁၆ ခုကို ဝယ်ယူခဲ့တာဖြစ်ပြီး အခြားတစ်ဖွဲ့ကတော့ အိုင်ယူရဲ့ အနုပညာလောကအတွင်း စတင်ဝင်ရောက်ခဲ့တဲ့ နှစ်ပတ်လည်အတွက် တေးအယ်လ်ဘမ်ပေါင်း ၅၀၉၁၈ ကို ဝယ်ယူခဲ့ကြတာ ဖြစ်ပါတယ်။ ဒါကြောင့် အိုင်ယူဟာ တေးအယ်လ်ဘမ်သစ် စတင်ဖြန့်ချိတဲ့နေ့မှာပင် တေးအယ်လ်ဘမ်ပေါင်း တစ်သိန်းကျော် ရောင်းချခဲ့ရပြီး ဖြစ်ပါတယ်။

အိုင်ယူအနေနဲ့ ယခုလို တရုတ်နိုင်ငံမှာ အောင်မြင်ကျော်ကြားရခြင်းဟာ သူပါဝင်ခဲ့တဲ့ ဇာတ်လမ်းတွဲတွေကြောင့်ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ အိုင်ယူရဲ့ ဇာတ်လမ်းတွဲတွေအနက် ပရိသတ် အားပေးနှစ်ခြိုက်ခဲ့ကြတဲ့ ဇာတ်လမ်းတွဲတွေကတော့ The Producers ၊ Scarlet Heart Ryeo: Moon Lovers နဲ့ Hotel Del Luna တို့ ဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့် - စုစည်းတင်ပြသည်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးလှိုင်မြင့်စန်း

**အသက်(၈၀)**

**သထုံမြို့**

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)**

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ ပြည်ရိပ်သာလမ်း၊ ခြံအမှတ်(၅၀၅/၆က)နေ (ဦးဘစန်း-ဒေါ်ခင်ခင်သိုက်)တို့၏ သားကြီး၊ ဒေါ်နွယ်နွယ်ဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ (ဒေါက်တာ ဦးနိုင်တင့်စန်း-ဒေါ်ဝင်းမေ)တို့၏ အစ်ကို၊ Mr.Woon Tien Teck-ဒေါ်အေးချိုချိုစန်း၊ ဦးရဲမြင့်စန်း-ဒေါ်ရွှေစင်မြင့်၊ ဒေါ်နွယ်နီစန်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ Ms.Woon Yong Xin၊ Mr.Andrew Woon Yong Tian၊ မောင်အာကာမြင့်စန်းတို့၏ အဘိုးသည် ၁၉-၁၁-၂၀၁၉ ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးထွန်းတင် (မင်းကင်း)

**အသက် (၉၂)နှစ်**

**(အောင်သုခယောဂီ)**

**(B.C.S ပ-၁၆၁၈)**

**ဒု-ဌာနမှူး(ငြိမ်း)၊ ရန်ကုန်မြို့နီစပါယ်**

မင်းကင်းမြို့နေ (ဦးသာဇံ-ဒေါ်အို)တို့၏ သား၊ အမှတ် (၁၅၇)၊ သုနန္ဒာ (၉)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သဃ်န်းကျွန်းနေ ဒေါ်စန်းစန်း၏ ခင်ပွန်း၊ ဦးကိုကိုအောင်-ဒေါ်ခင်သီတာ (အေးချမ်းမွန်ရတနာ)၊ ဦးလင်းထွန်းမြင့် (DSA-19, Intake)-ဒေါ်ခင်ဆွေဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း-ဒေါ်နီနီအောင်၊ Chief Mate ဦးမြင့်လှိုင်-ဒေါ်မြသွေးနွယ်၊ ဦးဝင်းဗိုလ် (84 Geology)-ဒေါ်တင်ဥမ္မာ (ခေတ္တ-စင်ကာပူ)၊ ဒေါ်နီလေးလွင်၊ ဦးဇော်မင်း-Dr. မြသူဇာတို့၏ ဖခင်၊ မြေး ၁၂ ယောက်၊ မြစ်လေးယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၈-၁၁-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၉ ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသန်းထွန်းဆွေ

**အသက်(၇၆)နှစ်**

**ဌာနခွဲမှူး(ငြိမ်း)**

**စက်ရုံနှင့်မော်တော်ယာဉ်ဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ရန်ကုန်မြို့၊အမှတ်(၁၃၉)၊ (၃၂)လမ်းနေ (ဦးမြင့်ဆွေ-ဒေါ်လှရွှေ)တို့၏ သားကြီး၊ (ဦးဘိုးဟန်-ဒေါ်တင်လှိုင်)၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၁၈၀)၊ သီဟသူလမ်း၊ (၁၁)ရပ်ကွက်၊ တ/ဥ နေ ဒေါ်မြင့်မြင့်ဝင်း ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဇော်မင်းထွန်း-မလင်းလင်းထွန်း၊ မဖြူဖြူထွန်း၊ ဗိုလ်ကြီးအေးမောင်မောင်ဟိန်း-မသူသူထွန်း၊ Dr.ညွန့်ပိုင်-မဝါဝါထွန်း၊ ကိုရဲမင်းဦး၊ ကိုအောင်ချမ်းမြေ့-မလှိုင်းထက်ထက်နှင်းတို့၏ ချစ်လှစွာသောဖခင်၊ မောင်ဘုန်းဇေမင်းဟိဏ်း၊ မောင်ဘုန်းနေမင်းထွဋ်၊ မောင်ဘုန်းခန့်မင်းမြတ်၊ မအမရာပိုင်သု၊ မမေမြင့်မြတ်မောင် တို့၏ ချစ်လှစွာသောဘိုးဘိုးသည် ၁၉-၁၁-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄:၄၃ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်၍ ဂူသွင်းပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ သီဟသူလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

လမ်းမတော်မြို့နယ်အသင်း(ရန်ကုန်)
ဘုရား၊ ရဟန်း၊ စေတီ၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

## ဦးဟုတ်ရှိန် (၉၃)နှစ်

**သက်ကြီးကန်တော့ခံအဘိုး**

ရန်ကုန်မြို့၊ ပန်းပဲတန်းမြို့နယ်၊ အမှတ် (၁၃၆)၊ ရွှေဘုံသာလမ်း၊ (၆) ရပ်ကွက်နေ (ဒေါ်ခင်လှ)၏ ခင်ပွန်း၊ ဦးစိန်လျှောင်-ဒေါ်မြင့်မြင့်သန်း၊ ဦးတင့်ဆွေ-ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးစိန်ငွေး-ဒေါ်ကျင်ထွေး၊ ဦးစိန်မွှေး-ဒေါ်ခင်ခင်လေး၊ ဦးအောင်ကျော် - ဒေါ်ဝင်းဝင်းရှိန်၊ ဦးဝင်းကို-ဒေါ်မိနှင်းချယ်ရီတို့၏ ဖခင်သည် ၁၈-၁၁-၂၀၁၉ (တနင်္လာနေ့) ညနေ ၃:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

---

## ဒေါ်နီနီဝင်း

**အသက်(၄၆)နှစ်**

**A.G.T.I (F.C) B.Sc(Bot)**

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့၊ သာယာကုန်းရပ်ကွက်နေ ဦးမောင်နီ-ဒေါ်မသန်း တို့၏ သမီးထွေး၊ (ဦးတင်မောင်)-ဒေါ်နွဲ့သန်းတို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အင်ကြင်းမြိုင်အိမ်ရာ၊ တိုက်အမှတ်(၁၀)၊ အခန်းအမှတ်(၂၀၂)နေ ဦးမိုးကျော်သူ၏ ချစ်လှစွာသော ဇနီး၊ မောင်စွမ်းထက်အောင်၊ မောင်မိုးညဏ်ကျော်တို့၏ မိခင်၊ (ဦးသန်းဝင်း)-ဒေါ်လှမြင့်၊ ဦးအောင်ဖေ-ဒေါ်ခင်မြင့်ကြည်၊ ဦးစောထွန်းလှ-ဒေါ်ကြည်ကြည်သန်း၊ (ဦးဇော်မျိုးဝင်း)-ဒေါ်ရီရီသန်းတို့၏ ညီမ၊ ဦးမိုးကျော်နိုင်-ဒေါ်ခင်အေးချို၊ ဦးမိုးကျော်ခိုင်၊ ဒေါ်မိုးသင်္ဂီ၊ ဦးဝင်းနိုင်-ဒေါ်မိုးသီတာစိုးတို့၏ အစ်မ၊ မနီလာရွှန်းမြ၊ မစန္ဒာအေးမြ၊ တူ/တူမ ၁၀ ယောက်တို့၏ အဒေါ်သည် ၁၉-၁၁-၂၀၁၉ ရက် နံနက် ၉:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၉ (ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ဖိတ်ကြားအပ်ပါသည်။ (အမှတ်-၁၈၊ ဝင်္ဂဘာလမ်း နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ် (၁၈)၊ ဝင်္ဂဘာလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးကြည်ညွန့်

**(ကိုကိုးကျွန်းပြန်)**

**အသက်(၈၀)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုတ (၁)လမ်း၊ အမှတ် (၄၈၉)နေ (ဦးဘိုးသိုက်-ဒေါ်ဖွားခင်)တို့၏ သား၊ (ဦးရေအေး-ဒေါ်ငြိမ်းရင်)တို့၏ သားသမက်၊ ဒေါ်လှတင်၊ ဦးမြစိန် တို့၏ ညီ/မောင်၊ (ဦးတင်ဝင်း)၊ ဒေါ်သန်းသန်း၊ (ဦးမြဝင်း)တို့၏ အစ်ကို၊ ဒေါ်စန်းရီ၏ ချစ်လှစွာသောခင်ပွန်း၊ မအေးစန်း၊ ကိုမင်းမင်း-မခိုင်ဇာလင်း၊ ကိုထွန်းနိုင်ဝင်း-ဒေါ်သန်းသန်းစိုးတို့၏ ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၁၈-၁၁-၂၀၁၉ (တနင်္လာနေ့) ညနေ ၆ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစိန်ဖေ (၈၃)နှစ်

**ဌာနခွဲမှူး(ငြိမ်း)၊ ဒေသန္တရစက်မှုလက်မှုဦးစီးဌာန၊ စက်မှု(၁)**

ရခိုင်ပြည်နယ်၊ လေးတောင်မြို့၊ ကင်းဆိတ်ပြင်ရွာနေ (ဦးချုပ်ကေ-ဒေါ်ငွေစောင်းမ)တို့၏ သား၊ မြေပုံမြို့နယ်နေ (ဦးစိန်ထွန်းဦး-ဒေါ်ကြိုင်ပုံ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ စံရိပ်ငြိမ်လမ်း၊ အမှတ် (၁၄၃၆)နေ ဒေါ်မင်းညွန့်စိန်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မိုးမိုးမင်း (အ.လ.က-ငြိမ်း)၊ (ဦးကိုကိုဖေ)၊ ဦးချစ်ကိုဖေ (Senior Engineer-စင်ကာပူ)၊ (ဦးသန်းဟိန်းဖေ)၊ (ဒေါ်ဝါဝါမင်း)၊ ဦးဇော်ဇော်ဖေ၊ ဒေါ်စန္ဒာမင်း (ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ မြန်မာ့သစ်လုပ်ငန်း)၊ ဒေါက်တာဒေါ်စုစုမင်း၊ (ဒေါ်မင်းသန္တာဖေ)၊ ဦးအောင်အောင်ဖေ (ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၁ ယောက်၊ မြစ်သုံးယောက်တို့၏ ချစ်လှစွာသော အဘိုးရှင်သည် ၁၇-၁၁-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၄၅ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၁-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ စံရိပ်ငြိမ်လမ်း၊ အမှတ် (၁၄၃၆) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်ဦး B.E (Electronic)

**အသက်(၅၇)နှစ်**

အုတ်ဖိုမြို့နေ (ဦးသက်ဝေ)-ဒေါ်အေးမြင့်တို့၏ သား၊ ဦးမြင့်ဝေ-ဒေါ်သင်းသင်းချို၊ (ဦးတင့်ဆွေ)-ဒေါ်မိုးမိုးဦး၊ ဦးဇင်မောင်မြင့်၊ ဦးဇေယျာမြင့်-ဒေါ်သင်းသင်းခိုင်၊ ဒေါ်ဆုဝေဖြိုးတို့၏အစ်ကို၊ ဒေါ်တင်အောင်၏ သားသမက်၊ အမှတ်(၇/ခ)၊ သာယာအေး(၄)လမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်အေးအေးမော်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဟိန်းလတ် (Virgnia Tobacco Co., Ltd.)၊ ဦးကောင်းထိုက် (အောင်သစ္စာဦးအထွေထွေအာမခံ ကုမ္ပဏီလီမိတက်)၊ ဒေါ်ရည်ရွှယ်ဖူး (အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်)၊ မမျိုးဟေမာန် (2nd Year IR)တို့၏ ကျေးဇူးရှင် ဖခင်ကြီး ဦးခင်မောင်ဦး B.E (Electronic)သည် ၁၉-၁၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးထွန်းတင် (မင်းကင်း)**

**အသက်(၉၂)နှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း-ဒေါ်နီနီအောင် တို့၏ ချစ်လှစွာသောဖခင်ဖြစ်သူ ဦးထွန်းတင်သည် ၁၈-၁၁-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် တည်ဆောက်ရေး**
**အဖွဲ့(၁)အရာထမ်း/အမှုထမ်းများ**
**ရတနာပုံတံတား(မန္တလေး)**

---

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## သွာဟေရားဘီ(ခ)ဒေါ်မြင့်သန္တာဦး (၃၈)နှစ်

**တရားလွှတ်တော်ရှေ့နေ (L.L.B, L.L.M, Dip in English)**

**Former H.R Manager, Esperado**

**Lake View Hotel**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ လမ်း(၄၀)အထက်၊ အမှတ်(၂၆၅)၊ ပထမထပ်နေ ဦးအဗ္ဗာဘရ်အလီ(ခ)ဦးစိုးမြင့်-ဒေါ်အေးအေးမြင့် တို့၏ သမီးကြီး၊ မောင်အောင်မြင့်ဝင်း၊ မောင်ဌေးဝင်း၊ မောင်တင်အောင်ဝင်း၊ မောင်ခင်မောင်ဝင်း၊ မခင်စန္ဒာမြင့် တို့၏ ချစ်လှစွာသောအစ်မကြီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ (၁၀၁)လမ်း၊ အမှတ်(၁၂၇)၊ ဒုတိယထပ်နေ ဟာဖိဇ်နူရွှလ်ဟတ်က်(ဆြာဒီကီ)(ခ)ဆရာဦးဇော်ဝင်း (ရှေ့ဆောင်ဆရာ၊ ဆုတောင်းပြည့်ဗလီဝတ်ကျောင်းတော်၊ ကန်တော်ကလေးကဗရ်စတာန်)၏ ချစ်လှစွာသောဇနီး၊ အမ္မဒ်နူရွှလ္လာဟ်(ခ)မင်းခန့်ဇော် ၏ ချစ်လှစွာသောမိခင် သွာဟေရားဘီ(ခ)ဒေါ်မြင့်သန္တာဦးသည် ၁၉-၁၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးစွန္နီမွတ်စ္စလင်မ် ကဗရ်စတန် ဥယျာဉ်တော်သို့ပို့ဆောင်ပြီး အဆွရ်နမားဇ်အပြီးတွင် ဂျနာဇာနမားဇ်ဝတ်ပြုကာ ဒါဖွနာပြုလုပ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးထွန်းတင် (မင်းကင်း)**

**အသက် (၉၂) နှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း-ဒေါ်နီနီအောင်တို့၏ ချစ်လှစွာသောဖခင်ဖြစ်သူ ဦးထွန်းတင်သည် ၁၈-၁၁-၂၀၁၉ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီအချိန်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ် ဦးခင်သက်နှင့် ဇနီး ဒေါ်ခင်သိန်းရီမိသားစု**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ညွန့်ညွန့်ဆွေ**

**အသက်(၆၅)နှစ်**

စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ နည်းပညာဖွံ့ဖြိုးရေးဌာန၊ အထွေထွေမန်နေဂျာ ဦးမောင်မောင်သန့်-ဒေါ်သန္တာဝင်းတို့၏ အဒေါ်ဖြစ်သူ ဒေါ်ညွန့်ညွန့်ဆွေသည် ၁၉-၁၁-၂၀၁၉ ရက်နေ့ (အင်္ဂါနေ့) နံနက် ဝ၆:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**နည်းပညာဖွံ့ဖြိုးရေးဌာနမိသားစု**
**အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း**
**စက်မှုဝန်ကြီးဌာန**

---

သစ်ပင်
စိုက်မှ
အရိပ်
ရ၏
ရိပ်ခို
နားနေ
အပန်း
ဖြေ၏

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃-အေ၃)၊ မြေကွက်အမှတ် (V ၆၉)၊ ဧရိယာ(၀.၀၂၉)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ ၁၅၃-လမ်း၊ အမှတ်(၁၈)ဟုခေါ်တွင်သည့် နေအိမ်အဆောက်အအုံနှင့် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ရှင်များဖြစ်ကြသော ဒေါ်ကြည်ကြည်မြင့် [၁၂/တမန(နိုင်)၀၃၃၅၉၀]၊ ဦးတိုးဝင်း[၁၀/မဒန(နိုင်)၀၂၁၈၁၀]၊ ဒေါ်ဝင်းလဲ့မြင့်[၁၂/တမန(နိုင်)၁၁၅၅၂၀]၊ ဒေါ်စိုးလဲ့မြင့်[၁၂/တမန(နိုင်)၁၂၁၂၁၂]တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော်**
**(လိုင်စင်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO(Switzerland)**
**ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)**
**B.Sc,Hon(IC),HGP,R.L,D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel:294766 HP:09-5017044**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြကန်သာအိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ် (၈,၁၁၊ ကမာရွတ်)၊ မြေကွက်အမှတ် (၆၆)၊ ဧရိယာ(၀.၁၃၇)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ မြကန်သာအိမ်ရာ၊ မြကန်သာလမ်းသွယ်(၂)လမ်း၊ အမှတ်(Q-17) ဟုခေါ်တွင်သည့် ၂-ထပ် R.Cအဆောက်အအုံနှင့်တကွ လျှပ်စစ်မီတာ(၃)လုံး အပါအဝင် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဒေါ်နီနီခိုင်(ခ)မိသေး [၁၄/မမက(နိုင်)၀၀၂၇၅၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO(Switzerland)**
**ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)**
**B.Sc,Hon(IC),HGP,R.L,D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel:294766 HP:09-5017044**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးထွန်းတင် (မင်းကင်း)**

**အသက် (၈၂) နှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း- ဒေါ်နီနီအောင်တို့၏ ချစ်လှစွာသောဖခင်ဖြစ်သူ ဦးထွန်းတင်သည် ၁၈-၁၁-၂၀၁၉ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း-ဇနီး နန့်ကြင်ကြည်နှင့်မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာ ဦးဝင်းမော် (၇၆)နှစ်**

**မော်လမြိုင်ကျွန်းမြို့**

သူငယ်ချင်း ဒေါက်တာဝင်းမော်သည် ၂၅-၁၀-၂၀၁၉ တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်း၏မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၆၄ ခုနှစ် ဆေးတက္ကသိုလ် (၁)ဝင် အတန်းဖော်သူငယ်ချင်းများ**

## ကြူဟိန်ဟိန်(ခ)ဒေါ်ကြည်ကြည်မြင့်

**အသက်(၈၀)**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ် (၁၄၁)၊ (၂၁)လမ်းနေ (ကြူဖန်ရီ-ချင်ဆော်ဟိုင်)၏ သမီး၊ (ချောင်ချူမွန်-ဝူချိန်ရွက်)တို့၏ သမီးချွေးမ၊ ဦးကျော်လင်း၏ ချစ်လှစွာသောဇနီး၊ ဦးမြင့်ဦး-ဒေါ်သဇင်မြင့်၊ ဦးကျော်ကျော်နိုင်၊ (ဒေါ်သန်းသန်းဌေး)၊ ဦးအောင်အောင်နိုင်၊ (ဦးထွန်းထွန်းနိုင်)၊ ဦးထွန်းကျော်လှိုင်တို့၏ မွေးသမိခင်ကျေးဇူးရှင် မရွှန်းလဲ့သူ၊ မောင်သျှားထက်အောင်တို့၏ အဘွားသည် ၁၉-၁၁-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁:၄၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးသိန်းလွင်

**ဗဟိုအလုပ်သမားကော်မတီ(တ-စ-ည)**

**ဦးစီးအရာရှိ(ငြိမ်း)၊ သမဝါယမဦးစီးဌာန**

**အသက်(၇၀)**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်နေ (ဦးကြည်လွင်-ဒေါ်ကြည်ရွှေ)တို့၏ သားကြီး၊ (ဦးအုန်းရွှေ-ဒေါ်ညို)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရှုခင်းသာရပ်ကွက်၊ တိုက်အမှတ်(B-1)၊ အခန်း (307)နေ ဒေါ်လှညွန့် (ဦးစီးအရာရှိ-ငြိမ်း၊ သမဝါယမဦးစီးဌာန)၏ ခင်ပွန်း၊ ဒေါ်စိုးစိုးတင့်၏ မောင်၊ ဦးထွန်းလွင်၊ ဒေါ်နွဲ့နွဲ့လွင်၊ ဒေါ်ဌေးဌေးလွင်၊ ဦးခင်မောင်ချို၊ ဦးခင်မောင်လွင်၊ (ဦးခင်မောင်ငြိမ်း)တို့၏ အစ်ကိုကြီး၊ ဦးဇော်မျိုးထိုက်(ပြည်တွင်းအခွန်)-ဒေါ်အင်ကြင်းသိန်းလွင်၊ ကိုဝဏ္ဏသိန်းလွင်(ခေတ္တ-ဂျပန်)၊ မထက်ထက်လွင် (ခေတ္တ-ဂျပန်)တို့၏ မွေးသဖခင်၊ မကံ့ကော်ခင် (G-7)(အထက-၂၊ သာကေတ)၏ ချစ်လှစွာသောအဘိုးသည် ၁၈-၁၁-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၉ (သောကြာနေ့) ညနေ ၃ နာရီတွင် ကျိစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၁-၂၀၁၉ (တနင်္ဂနွေနေ့)တွင် နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ညွန့်ညွန့်ဆွေ

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မင်းရဲကျော်ထင်လမ်း၊ ၁၄(၆) ရပ်ကွက်၊ အမှတ် (၅၂၈)နေ (ဦးကံ-ဒေါ်သောင်း)တို့၏ သမီး၊ ဗိုလ်ကြီးတင်အောင်(ငြိမ်း)-ဒေါ်လှဝင်းနိုင်၊ (ဒေါ်သန်းသန်း)၊ (ဦးကျော်မြင့်)-ဒေါ်သိန်းကြည်တို့၏ ညီမ၊ ဦးမောင်မောင်သန့် (အထွေထွေမန်နေဂျာ၊ စက်မှုဝန်ကြီးဌာန)-ဒေါ်သန္တာဝင်း၊ ဒေါ်သီတာအောင် (ပါမောက္ခ၊ နိုင်ငံတကာဆက်ဆံရေးပညာဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးအေးဝင်း (2nd Mate F.G)-ဒေါ်သန္တာအောင်၊ ဦးထွန်းအောင်ကျော်-ဒေါ်သူဇာအောင်တို့၏ အဒေါ်၊ မြေး ၁၂ ယောက်တို့၏ အဘွားလေး ဒေါ်ညွန့်ညွန့်ဆွေသည် ၁၉-၁၁-၂၀၁၉ ရက် နံနက် ၆:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၄၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးခင်မောင်ကျော်(ငြိမ်း)

**ကြည်း-၁၆၈၁၃၊ (D.S.A-23)**

**အသက် (၆၁)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးကျော်စိန်-ဒေါ်တင်ကြည်) တို့၏ သား၊ (ဦးအုန်းကြိုင်)-ဒေါ်စိန်စိန်တို့၏ သားသမက်၊ ဒေါ်သီတာအောင်၏ ခင်ပွန်း၊ ဦးတင်အောင်-ဒေါ်အေးအေးလင်း၊ ဦးမင်းလွင် (D.S.A-21)-ဒေါ်ညိုညိုလင်း (စစစ-ငြိမ်း)တို့၏ မောင်၊ ဒေါ်ထွေးထွေးလင်း၊ (တကက ကျော်မောင်မောင်လင်း-ဒေါ်စိုးသဥ္ဇာ)တို့၏ အစ်ကို၊ ဗိုလ်ကြီးကျော်ထက်နိုင်-မနန်းကောင်ခမ်း၊ မခင်သက်ထားလှိုင်၊ မခိုင်ဇင်သန့်တို့၏ ဖခင်၊ မြေးတစ်ယောက်၏ အဘိုးသည် ၁၉-၁၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ် (၄၂) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးထွန်းတင် (မင်းကင်း)**

**အသက် (၈၂)နှစ်**

**(အောင်သုခယောဂီ)**

**(B.C.S ပ-၁၆၁၈)**

**ဒု-ဌာနမှူး(ငြိမ်း)၊ ရန်ကုန်မြူနီစပါယ်**

မင်းကင်းမြို့နေ (ဦးသာဇံ-ဒေါ်အို)တို့၏ သား၊ အမှတ် (၁၅၇)၊ သုနန္ဒာ (၉)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းနေ ဒေါ်စန်းစန်း၏ ခင်ပွန်း၊ ဦးကိုကိုအောင်-ဒေါ်ခင်သီတာ (အေးချမ်းမွန်ရတနာ)၊ ဦးလင်းထွန်းမြင့် (DSA-19, Intake)-ဒေါ်ခင်ဆွေဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း-ဒေါ်နီနီအောင်၊ Chief Mate ဦးမြင့်လှိုင်-ဒေါ်မြသွေးနွယ်၊ ဦးဝင်းဗိုလ် (84 Geology)-ဒေါ်တင်ဥမ္မာ (ခေတ္တ-စင်ကာပူ)၊ ဒေါ်နီလေးလွင်၊ ဦးဇော်မင်း-Dr. မြသူဇာတို့၏ ဖခင်၊ မြေး ၁၂ ယောက်၊ မြစ်လေးယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၈-၁၁-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၉ ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ခတ်ပုံ ဦးဖေသန်း (မတ်ထရို)

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၆၈)၊ ဘိုကလေးဈေးလမ်းနေ (ဦးလောင်အီကြိုင်-ဒေါ်ချစ်)တို့၏ သား၊ (ဦးလီရှိဂန်း-ဒေါ်ချင်ရှိဂန်း)တို့၏ သားသမက်၊ ဒေါ်ခင်ဝေဝေ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခိုင်မေသန်း၊ ဦးသာအောင်၊ ဦးသာမောင်-ဒေါ်မြမြအေးတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မမြထက်ထက်နှ၊ မောင်အောင်ကျော်ကျော်သန်းတို့၏ ချစ်လှစွာသောအဘိုး ဦးဖေသန်းသည် ၁၇-၁၁-၂၀၁၉ ရက် နံနက် ၁:၀၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၉ ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အမှတ်-၆၈၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်နှင့် အမှတ်-၁၆၁၊ ၁၆၃၊ လသာလမ်း၊ လသာမြို့နယ်မှ ကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၁-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ်(၆၈)၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်အေးအေးညွန့်**

**အသက်(၈၀)**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အဟောက်ကျေးရွာနေ (ဦးချစ်ဆွေ-ဒေါ်မသေး)တို့၏ သမီးချွေးမ၊ (ဦးအောင်ရွှေ-ဒေါ်မာပု)တို့၏ သမီးကြီး၊ ဦးဖေအောင်(လ/ထ စက်ရုံမှူး-ငြိမ်း၊ ရွာမသံမဏိစက်ရုံ)၏ ချစ်လှစွာသောဇနီး၊ ဦးရဲမင်းသန်း-ဒေါ်နှင်းနှင်းကို၊ ဦးမောင်မောင်နိုင် (ရွာမသံမဏိစက်ရုံ)-ဒေါ်စောထိုက်ထိုက်အောင်၊ ဦးညီညီဝင်း-Dr.ဒေါ်လှလှချို၊ ဦးနေဝင်းစိုး (အင်ဂျင်နီယာမှူး၊ ဒီဇယ်စက်ခေါင်းစက်ရုံ၊ ရွာထောင်)-ဒေါ်နွဲ့ယဉ်ထွေးတို့၏ ချစ်လှစွာသောမိခင်ကြီး၊ မယမုံမင်းမင်းကို (နယ်စပ်ရေးရာဝန်ကြီးဌာန၊ နေပြည်တော်)၊ မမိုးပြည့်မွန် (ရွှေလမင်းဆေးရုံ၊ လမ်းမတော်)၊ မောင်မင်းထက်အောင် (အထက-၁၊ စစ်ကိုင်း)၊ မောင်ဟန်ထက်အောင် (အမက-၁၊ စစ်ကိုင်း)တို့၏ ချစ်လှစွာသောအဘွားသည် ၁၈-၁၁-၂၀၁၉ (တနင်္လာနေ့) ည ၁၁:၀၈ နာရီတွင် စစ်ကိုင်းမြို့၊ ဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၉(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် စစ်ကိုင်းမြို့၊ ယုန်ဖြူသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးချိုမြင့်(ဖိုးတုတ်)

**အသက် (၆၀)**

**B.Econ (Stats) 1982**

ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်အောင်လမ်းသွယ်(၈)၊ တိုက် (၂၇၇)၊ အခန်း(၁)နေ (ဗိုလ်ကြီးမောင်မြင့်-ဒေါ်စောကြည်)တို့၏ သားငယ်၊ ဦးကြည်မြင့်၊ ဒေါ်ခင်သက်မြင့်၊ (ဒေါ်ခင်မာလာမြင့်)၊ ဒေါ်ခင်သီတာမြင့်တို့၏ မောင်၊ ဒေါ်သောင်းသောင်းအေး၏ ခင်ပွန်း၊ (ဦးမြသောင်း)-ဒေါ်သိန်းမြင့်တို့၏ သားမက်၊ တူ/တူမ ကိုးယောက်၊ မြေးခုနစ်ယောက်တို့၏ ဘိုးလေးသည် ၁၈-၁၁-၂၀၁၉ (တနင်္လာနေ့) ၁၂:၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလပ်ကို ဆေး(၁)သို့ လှူဒါန်းထားပြီးဖြစ်ပါသဖြင့် ၂၄-၁၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၂ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## မရတီမြတ်ဦး

**အသက် (၁၃)နှစ်**

**အဋ္ဌမတန်း (C)၊ အထက(၂)၊ လသာ**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သိင်္ဂီ (၃)လမ်းတောင်၊ အမှတ် (၂၁၈-ခ)နေ (ဦးမောင်မောင်ဆွေ)-ဒေါ်ခင်ဇော်ဦး၊ ဦးကျော်မြင့်-ဒေါ်ခင်စန်းကြည်တို့၏ မြေး၊ ဦးမျိုးသက်ဆွေဦး-ဒေါ်နှင်းရွှေစင် (Max Myanmar Construction Co., Ltd) တို့၏ သမီးကြီး၊ မခွန်းဆင့်ဂတိ၏အစ်မ မရတီမြတ်ဦးသည် ၁၉-၁၁-၂၀၁၉ ရက် နံနက် ၃:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၉ ရက်တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်သည်။] ကျန်ရစ်သူမိသားစု

## အနိစ္စ

**ပုသိမ်အသင်း (ရန်ကုန်)**

**ဒေါ်ခင်လုံးမေ** (ပုသိမ်/ရန်ကုန်)

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက် (မြောက်ပိုင်း)၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၃၁၆/က)နေ (ဦးဖိုးကျွေ-ဒေါ်သိန်းလွင်)တို့၏ သမီး၊ မုံရွာမြို့နေ (ဦးခင်-ဒေါ်ကျင်စိန်)တို့၏ သမီးချွေးမ၊ [ဦးမျိုးသန့် (ခ)ဦးငွေအောင်]၏ ဇနီး၊ ဒေါ်ခင်မေသန်း (အထက-၁ သင်္ဃန်းကျွန်း၊ ထ/၃ သင်္ဃန်းကျွန်း၊ ထ/၃ လှိုင်၊ ထ/၃ သန်လျင်-ငြိမ်း)၊ ဦးထွန်းထွန်း (ကျောင်းအုပ်ကြီး၊ အထက-၄ တောင်ဥက္ကလာပ၊ ထ/၅ လှိုင်သာယာ၊ အမှတ်-၃ အခြေခံပညာဦးစီးဌာန၊ ထ/ခွဲ ပျဉ်းမကန်-သုံးခွ၊ ထ/၄ သင်္ဃန်းကျွန်း၊ ထ/၅ ဒဂုံတောင်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ လ/၄ သင်္ဃန်းကျွန်း)တို့၏ မိခင်ကြီး၊ ပုသိမ်အသင်း (ရန်ကုန်) ရာသက်ပန်အသင်းဝင် (ရာ/၅၆၈) ဒေါ်ခင်လုံးမေသည် ၁၇-၁၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၂:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်နှင့် ထ/၄ တောင်ဥက္ကလာပမှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

**မြေပုံမြို့နယ်အသင်း(ရန်ကုန်)**

**ဦးစိန်ဖေ**

**အသက် (၈၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၆)ရပ်ကွက်၊ စံရိပ်ငြိမ်လမ်း၊ အမှတ် (၁၄၃၆)နေ ဒေါ်မိုးမိုးမင်း၊ (ဦးကိုကိုဖေ)၊ ဦးချစ်ကိုဖေ၊ (ဦးသန်းဟိန်းဖေ)၊ (ဒေါ်ဝါဝါထွန်း)၊ ဦးဇော်ဇော်ဖေ၊ ဒေါ်စန္ဒာမင်း၊ ဒေါ်စုစုမင်း၊ (ဒေါ်မင်းစန္ဒာဖေ)၊ ဦးအောင်အောင်ဖေတို့၏ ဖခင်၊ မြေး ၁၁ ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးရှင်၊ ဒေါ်မင်းညွန့်စိန်၏ခင်ပွန်း ဦးစိန်ဖေသည် ၁၇-၁၁-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၄၅ နာရီ တွင် ထွက်ပါမည်။)

အလုပ်အမှုဆောင်အဖွဲ့

## ဦးစူစိန်တွီး(ခ)

## ဦးမောင်ရွှေ

**အသက် (၈၀)**

**မြိတ်**

မြိတ်မြို့နေ [ဦးစူကြိုက်အင် (မော်တော်ဘုတ်)-ဒေါ်ကင်း]တို့၏ သားကြီး၊ ထားဝယ်မြို့နေ (ဦးတိုးမောင်)-ဒေါ်ကျင် (ဖြူဖြူဝင်း ခတ်ပုံတိုက်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ် (၁၉၁)၊ မြေညီထပ်၊ လမ်း(၅၀)၊ ပုဇွန်တောင်မြို့နယ်နေ ဒေါ်ကင်းလိန်၏ ခင်ပွန်း၊ မခင်မျိုးသန့်၊ မောင်ဇွန်မင်းသန့်တို့၏ဖခင် ဦးစူစိန်တွီး(ခ)ဦးမောင်ရွှေသည် ၁၈-၁၁-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**သင့်**
**သွေးဖြင့်**
**အသက်**
**ကယ်ပါ**

## ဦးအောင်သန်း (ထားဝယ်)

**အသက်(၈၅)နှစ်**

**လ/ထ မြို့နယ် ပညာရေးမှူး (ဒဂုံမြို့နယ်)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းယားလမ်း၊ အမှတ်(၂၂/က)နေ (ဦးဘရှိန်-ဒေါ်အေးမေ)တို့၏ သား၊ (ဦးသာထွန်း-ဒေါ်ခင်ကြည်)တို့၏ သားသမက်၊ (ဒေါ်ခင်သန်းနွဲ့၊ အထက်တန်းပြဆရာမ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးစိုးလင်း)-ဒေါ်ဂင်စ္စီတို့၏ မောင်၊ Dr.ဇင်ဝင်းအောင်-Dr.အေးအေးသန်း (ကလေးအထူးကုဆရာဝန်ကြီး၊ အင်းစိန်ပြည်သူ့ဆေးရုံ)၊ Dr.မျိုးမင်းအောင်-Dr.အေးမင်းသန်း၊ ဦးဉာဏ်ဖြိုးအောင်-ဒေါ်နှင်းနှင်းဆက်၊ ဦးထူးအောင်၊ Dr.ကျော့သန္တာအောင်၊ Dr.အောင်ထွေးဝင်း-Dr.သွဲ့သန္တာအောင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ တူ/တူမ ခြောက်ယောက် တို့၏ ဦးလေး၊ မြေးခုနစ်ယောက်တို့၏အဘိုး ဦးအောင်သန်းသည် ၁၉-၁၁-၂၀၁၉ ရက် နံနက် ၁:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၉ (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၉ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးလှငြိမ်း

**အသက်(၈၅)နှစ်**

**(တိုက်ကြီး/ဥက္ကံ)**

**စမ်းချောင်း**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(တောင်) ရပ်ကွက်၊ ရွှေလဝင်းလမ်း၊ အမှတ်(၁၅)၊ မြေညီနေ (ဦးအုန်းစိန်-ဒေါ်ခင်မြ)တို့၏ သား၊ (ဒေါ်ယုံ)၏ ခင်ပွန်း၊ ဦးထွန်းထွန်း-ဒေါ်ခိုင်မာခင်တို့၏ဖခင်၊ မယုဇနထွန်း၊ မောင်လပြည့်ထွန်းတို့၏ အဘိုး၊ (ဦးအောင်ကြည်)-ဒေါ်ခင်ကြည်၊ ဦးကံလှိုင်-ဒေါ်ချိုမာ၊ ဦးနေဝင်း-ဒေါ်ရည်ရည်ပြုံး၊ ဦးဝင်းအောင်နိုင်-ဒေါ်သန်းသန်းဆင့်၊ ဦးဇော်ဝင်းနိုင်-ဒေါ်တင်တင်အုန်းတို့၏ ချစ်လှစွာသောဦးလေး၊ မြေး ၁၀ ယောက်၊ မြစ်ငါးယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၈-၁၁-၂၀၁၉ (တနင်္လာနေ့) ညနေ ၆:၄၈ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ဘို (အောင်လံမြို့)

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖ.ဆ.ပ.လ ရပ်ကွက်၊ တိုက် (၄၇)၊ အခန်း (၁-က)နေ (ဦးညီပန်း-ဒေါ်ဒေါ်သန်း)တို့၏ သား၊ ဒေါ်တင်လှ၊ ဒေါ်ဖြူဖြူ ဦးခင်မောင်သန်း-ဒေါ်မိမိလေး၊ (ဦးကျော်မြင့်)-ဒေါ်ခင်မေစီတို့၏ မောင်/အစ်ကို၊ တူ/တူမ ခြောက်ယောက်တို့၏ ဦးလေး၊ မြေးသုံးယောက်တို့၏အဘိုး ဦးခင်မောင်ဘို(အ.လ.ပြ-ငြိမ်း)သည် ၁၈-၁၁-၂၀၁၉ ရက် ည ၈:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၁၉ (အင်္ဂါနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၁၁-၂၀၁၉ (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးကျော်သန့်**

**ဆက်သွယ်ရေးတိုင်းမန်နေဂျာ (ငြိမ်း)**

**အသက်(၈၀)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဒေါ်လှပန်းလမ်း၊ အမှတ်(၂၁) နေ (ဦးအေးသန့်-ဒေါ်အေးရှင်)တို့၏ သား၊ ( ဒေါ်ခင်အေးကြူ)၏ ခင်ပွန်း၊ ဦးဘိုဘို(တရားလွှတ်တော်ရှေ့နေ)-ဒေါ်သင်းသင်းစိုး၊ ဦးသန့်ဇင် (MD-United Diamond Motor Co., Ltd.)-ဒေါ်နှင်းနှင်းလွင်၊ ဦးအောင်မင်း-ဒေါ်သောင်းသောင်း၊ ဦးသော်တာမြင့်ဟန်-ဒေါ်စန္ဒာတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မရွှန်းလဲ့ဝန်း၊ မောင်ဟိန်းသန့်၊ မဖူးပွင့်နေခြည်တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၁၉-၁၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၀:၀၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်၍ တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်သည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

**ဦးချစ် (၇၃)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ခင်ကြီးစံပြကျေးရွာနေ (ဦးမြဒင်-ဒေါ်မိုဥ)တို့၏ သား၊ ညောင်ပင်သာကျေးရွာနေ (ဦးတင်လှ-ဒေါ်တင်) တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄-က)၊ ပါရမီလမ်း၊ (၁၀) ရပ်ကွက်နေ ဦးတေဇာလင်း-ဒေါ်အေးစုမာ၊ မောင်ဖြိုးကိုကို၊ မောင်ဇင်ကိုကိုထွန်း-မချောယုဖွေးတို့၏ ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး၊ ဒေါ်သန်းသန်းဝင်း၏ ချစ်လှစွာသောခင်ပွန်း ဦးချစ်(တော်ဝင်ကဖီး)သည် ၁၉-၁၁-၂၀၁၉ ရက် နံနက် ၉:၄၄ နာရီတွင် ရန်ကုန်မြို့ ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ် (၄-က)၊ ပါရမီလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အာရှ-ပစိဖိတ် ထိပ်သီးအစည်းအဝေးဖွင့်ပွဲသို့ တက်ရောက်မိန့်ခွန်းပြောကြား





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဒုတိယအကြိမ်မြောက် အာရှ-ပစိဖိတ် ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**ဖနောင်ပင် နိုဝင်ဘာ ၁၉**
ကမ္ဘောဒီးယားနိုင်ငံ၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက်ပိုင်းတွင် ဖနောင်ပင်မြို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်ရုံး(Peace Palace)၌ ကျင်းပသည့် ဒုတိယအကြိမ်မြောက် အာရှ-ပစိဖိတ် ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ အာရှ-ပစိဖိတ်နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဘာသာရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့်အတူ စတော့ဟုမ်း ကမ္ဘာ့ငြိမ်းချမ်းရေးဆုရှင် ဒေါက်တာအရှင်သောဘိတလည်း တက်ရောက်သည်။

**ကြိုဆိုနှုတ်ဆက်**

ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်လာသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ လွှတ်တော်ဥက္ကဋ္ဌများကို ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

အခမ်းအနားတွင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ ဖိလစ်ပိုင်နိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌ Jose de Venecia Jr၊ ကမ္ဘာ့ငြိမ်းချမ်းရေးဖက်ဒရေးရှင်းပူးတွဲတည်ထောင်သူ ဒေါက်တာဟာန်ဂျာဟာန်မွန်းတို့က အဖွင့်မိန့်ခွန်းများ ပြောကြားကြသည်။

**စာမျက်နှာ ၆ ကော်လံ ၁ သို့ ○**


# NRPC ကိုယ်စားလှယ်အဖွဲ့နှင့် RCSS ကိုယ်စားလှယ်များ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် တွေ့ဆုံ

**ချင်းမိုင် နိုဝင်ဘာ ၁၉**
အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)ဒုတိယဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် စဝ်ဘောင်ခေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့နံနက် ၁၀ နာရီက ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် တွေ့ဆုံခဲ့ကြသည်။

**ဆွေးနွေး**

ယနေ့တွေ့ဆုံမှုများနှင့် ပတ်သက်၍ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေက "အချိန်နှစ်နာရီခွဲလောက် ကျွန်တော်တို့ ဆွေးနွေးခဲ့တယ်။ ဆွေးနွေးခဲ့တဲ့ခေါင်းစဉ်တွေကတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်သွားဖို့ကိစ္စရပ်တွေ ဆွေးနွေးတယ်။ အဓိကကတော့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး(JICM) အစည်းအဝေးခေါ်ယူရာမှာ RCSS တက်ရောက်နိုင်ရေးကိစ္စကို ဆွေးနွေးတယ်။ ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းစဉ်၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖**



အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)ကိုယ်စားလှယ်အဖွဲ့နှင့် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)ကိုယ်စားလှယ်များ တွေ့ဆုံစဉ်။

